www.burmeseclassic.com

# မယသဒ္ဒါမောင်

## ပန်းနှစ်ပွင့် နှလုံးသားတစ်ခု အသည်းတစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊<br>၂၀၁၂၊ အောက်တိုဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>အမှတ် (၃၃)၊ ကျိုတော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၀၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် (၃၃)၊ ကျိုတော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ချေး | /- | ၁၆၀၀ ကျပ် |
| အုပ်ရေ | | ၅၀၀ အုပ် |

မမသန္တါမောင် ၈၉၅.၈၃

ပန်းနှစ်ပွင့်၊ နှလုံးသားတစ်ခုအသည်းတစ်ခြမ်း / မမသန္တါမောင်။

– ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၂ ။

၃၀၆ – စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) ပန်းနှစ်ပွင့်၊ နှလုံးသားတစ်ခု၊အသည်းတစ်ခြမ်း


BURMESE CLASSIC

အခ

www.burmeseclassic.com

www.burmeseclassic.com



### ပုံပြင်အမှတ် (၄၃)

ငါပျော်ရွှင်တဲ့အခါ
နင့်ရင်ခွင်ထဲမှာ
ဝင်ခိုပါရစေ....
ငါဝမ်းနည်းတဲ့အခါ
နင့်ပခုံးထက်မှာ
မှီနေပါရစေ....
ငါစိတ်ဆိုးတဲ့အခါ
နင့်ကျောနောက်ဘက်မှာ
စိတ်ကောက်ပါရစေ....
ငါ့ဘဝက နင်
နင့်အလင်းက ငါ..
ငါ့ကဗျာက နင်
နင့်သံစဉ်က ငါ..
ဒီလိုကာရံညီနေသမျှ
တို့ကမ္ဘာကြီး လှပနေသလို
ရင်ခုန်သံပြိုင်တူနဲ့
တွဲလက်ခိုင်မြဲကြမယ်လေ....





‘ အချစ်’ ဆိုတာ
ချစ်မိသူရဲ့အေးတဲ့ ‘ ရေ’ ....
‘ အမုန်း’ ဆိုတာ
မုန်းမိသူရဲ့ ပူတဲ့ ‘ မီး’ ....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ပြတင်းတံခါးမှ အလင်းရောင်ဝင်လာတာမို့ မနက်မိုးလင်းနေပြီမှန်း သိပါ၏။ သို့သော် မျက်လုံးအစုံကိုမဖွင့်ဘဲ မှိတ်ထားဆဲပါလေ။ လိုက်ကာဆွဲဖယ်ထား၍ထင့်၊ အရုဏ်ဦးလေပြည်က သူမမျက်နှာကိုလာထိပြီး နှုတ်ဆက်လိုက်လေ၏။

"မထသေးဘူးလား, ဖြူ"

ကုတင်ဘေး မှန်တင်ခုံမှ အသံချိုချိုလေး ထွက်လာလေ၏။ 'စံ'တော့ အလုပြင်နေပြီထင်ပါရဲ့။ ညက စျာန်ဝင်နေတာနှင့် ကဗျာတွေစပ်ဖြစ်တာမို့ ညဉ့်နက်သွားရတာလေ။ ဘယ်နှနာရီ အိပ်ရာဝင်သလဲဆိုတာကို အခုနေ မျက်စိဖွင့်ကြည့်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ခါနီး ဓာတ်ခဲဖြုတ်ထားတဲ့ စားပွဲတင်နာရီလေးက သက်သေပြမှာကိုး။

"ဖြူ"

"အင်း"

"ရှစ်နာရီကျော်နေပြီနော်၊ ဆယ်မိနစ်စွန်းနေပြီ"

(၉)နာရီခွဲအလုပ်ဝင်ရမည့်သူမကို သတိပေးနေပြီမို့ အိပ်ရာထက် တစ်ချက်လူးလွန့်လိုက်မိ၏။ ဒီနေ့ စံ အလုပ်ဆင်းရမှာကိုး။ စံရဲ့အလုပ်ချိန်က မနက် (၉) ည(၉)မို့ အချိန်အတော်များသလို OFF ရက်သီးသန့်မရှိဘဲ ဝန်ထမ်းတွေအလှည့်ကျ နားလည်မှုဖြင့် နှစ်ပတ်တစ်ရက် နားရလေသည်။

"ဖြူ"

"အင်"

"ထမင်းအိုးတည်ထားပြီးပြီ၊ သိလား။ ဟင်းတော့ ဘာမှမလုပ်ထားဘူး။ ဖြူ့ဘာသာ တစ်ခုခုလုပ်သွားလိုက်တော့နော် သိလား"

"အင်း"

"ပျင်းမနေနဲ့၊ ပြန်အိပ်ပျော်သွားရင် အလုပ်နောက်ကျ





နေဦးမယ်။ တို့သွားပြီ"

သူမနှာခေါင်းကိုအသာညှစ်၍ နှုတ်ဆက်သွားသည့် 'စံ' ကို မျက်စိဖွင့်မကြည့်သော်ငြား လုပမွှေးကြိုင်နေမည်မှန်း အလိုလိုသိနေပါသည်။ အလုပ်ကလည်း သူမတို့နေသည့်တိုက်ခန်းနှင့်သိပ်မဝေးဘဲ လမ်းလျှောက်သွားရုံမို့ သူမ ဝီရိယနည်းတာလည်း မပြောပလောက်ပါချေ။

တစ်ချက် သန်းဝေကာ လက်နှစ်ဖက်ရော ခြေနှစ်ဖက်ကိုပါ ဆန့်လိုက်ပြီး၊ မျက်စိကို ဖျပ်ခနဲဖွင့်လိုက်ပါ၏။ မှန်တင်ခုံ စားပွဲထက်ရှိနာရီက (၁)နာရီခွဲကိုညွှန်နေတာမို့ သန်းခေါင်ကျော်မှ အိပ်ဖြစ်ခဲ့မှန်း သိလိုက်ပါသည်။ အိပ်ရေးဝတာမို့ ခေါင်းကြည်နေလေ၏။

ကုတင်ထက်မှဆင်းကာ ခါးကိုဟိုလှည့်ဒီလှည့်ချိုးလျက် လက်လှည့်ခြေလှည့် အကြောဆန့်လိုက်ပါ၏။ ခါးချိုးစဉ် အရှေ့ဘက်သို့ လျှောခနဲကျလာသည့် ဆံနွယ်ရှည်တို့ကြောင့် သက်မကို ချလိုက်မိလေ၏။ ဒီနေ့ ခေါင်းလျှော်ရမှာကိုး။

အရင်ဆုံး နာရီကို ဓာတ်ခဲပြန်ထည့်လိုက်ပြီး လက်ပတ်နာရီနှင့်တိုက်လိုက်၏။ နာရီသံ တဂျောက်ဂျောက်မြည်နေပါက



www.burmeseclassic.com

www.burmeseclassic.com



နားပါးလွန်းလှသည့်သူမအတွက် အိပ်မပျော်အောင် အနှောင့်အယှက်ဖြစ်စေတာမို့ ခတ်ခဲဖြုတ် အိပ်ကျင့်ရှိခဲ့တာပင်။

ရေချိုးခေါင်းလျှော်ရဦးမှာမို့ ဒီနေ့ ထမင်းချိုင့်ကတော့ ထုံးစံအတိုင်း ရွှေခေါင်းပြောင်နဲ့ နှစ်ပါးသွား က,ရဦးမှာလေ။ ရေချိုးခန်းရှိရာဆီ ဝင်ခဲ့ပြီး ရေကိုမြန်မြန်သွက်သွက်ချိုးရင်း ခေါင်းကိုပါ တစ်ခါတည်းလျှော်လိုက်ပါ၏။ သူမက ဆံပင်ကို Dryer မှုတ်တာ မကြိုက်သလို အအေးခံရတာကိုလည်း၊ အလွန်သဘောကျတတ်တာမို့ စံ အမြဲသတိပေးနေရလေ၏။

ရေချိုးပြီး ခေါင်းသုတ်နေရင်း မီးဖိုခန်းကို အမြန်ပြေးဝင်ရ၏။ ရေခဲသေတ္တာထဲမှ ကြက်ဥနှစ်လုံးကိုခေါက်ကာ ခရမ်းချဉ်သီးပါးပါးလှီး၊ ကြက်သွန်နီနှင့်ငရုတ်သီးစိမ်းပါးပါးလှီးမွှေကာ ပဲဆီမွှေးမွှေးဖြင့် ကြော်လိုက်ပါသည်။ ဟင်းတစ်မယ်တည်းဖြစ်နေပေမယ့် အရသာအစုံမို့ ထမင်းတစ်ချိုင့်တော့ ကုန်အောင်စားနိုင်မည်သာ။

ဆံပင်ခပ်ထပ်ထပ်လေး,ခြောက်မှ တစ်ဝက်စည်းကာ ခေါင်းဖြီးပြီး သနပ်ခါးလိမ်း၊ Uniform ဝတ်ကာ ထမင်းချိုင့်ထည့်ရပါ၏။ မနက်စောစောထသည့် စံ ပင် ဘုရားခွမ်းတော်တင်၊





သောက်တော်ရေ၊ ဆီမီးကပ်ပြီးပြီမို့ ဘုရားစင်ရှေ့မှာ (၁၅)မိနစ်ခန့် အာရုံပြု ဘုရားရှိခိုးပြီး ထမင်းချိုင့်ထည့်ထားသည့်ဆွဲခြင်းလေးကိုင်၍ တိုက်ခန်းထဲမှ ထွက်လိုက်ပါ၏။

မီးတွေ မှိတ်တန်တာမှိတ်၊ Main ချပြီးမှ တံခါးကိုသော့ခတ်၊ အပြင်ဘာဂျာတံခါးကို သော့ခလောက်ခတ်ကာ လှေကားမှ ခပ်သုတ်သုတ်ဆင်းလာခဲ့ပါသည်။

"မဖြူ သွားပြီလား"

အောက်ထပ်လက်ဖက်ရည်ဆိုင်မှ ချာတိတ်လေး နှုတ်ဆက်တာကို ခေါင်းညိတ်ဖြေလိုက်ပြီး အလုပ်ရှိရာဆီ ခြေလှမ်းကို ဦးတည်လိုက်ပါ၏။ သူမသွားနေတာက Private School တစ်ခုကိုပါ။ လူကုံထံသားသမီးတွေ၏မူကြိုကျောင်းမို့ စည်းကမ်းလည်း ကြီးသလို၊ လူလည်း ကန့်သတ်ထားပါ၏။

ကျောင်းကိုပိုင်သည့်သူက ယခုစီးပွားရေးလောကမှာ နာမည်အထင်ကရဖြစ်နေသည့် 'ဒေါ်စန္ဒီတင်'ဖြစ်ပါ၏။ သို့သော် သူဌေးမကြီးကိုယ်တိုင် လာလေ့မရှိဘဲ သားဖြစ်သူ 'ဒေါက်တာမိုးစက်တင်'သာ မကြာမကြာလာလေ့ရှိပါသည်။

ပြီးတော့ သူမဝင်ရသည့်အတန်းထဲမှာ အဲဒီ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်တင်၏ တစ်ဦးတည်းသောသားကလေး 'မိုးသက်တံ' ရှိနေပါ၏။ ထိုကလေးကိုလိုက်ပို့ပြီး လာကြိုလေ့ရှိသူကတော့ ဒေါ်စန္ဒီတင်၏သမီးငယ် 'စံပယ်တင်' ဖြစ်လေသည်။

ဒေါက်တာမိုးစက်တင်ကို အဝေးကနေသာ မကြာခဏမြင်ဖူးခဲ့ပြီး စကားတစ်ခါမှမပြောဖူးပါချေ။ ဒေါ်စန္ဒီတင်နှင့် သမီးဖြစ်သူက မြင်ရုံနှင့် အတော်မာနကြီး ဂုဏ်မောက်မည့် ဂုဏ်ကြီးသူတွေမှန်း သိသာစေပါ၏။

သူမက 'စံ' ထက် အလုပ်ချိန်နည်းသလို ပိတ်ရက်ကလည်း စနေ တနင်္ဂနွေ အပတ်စဉ်ရလေ၏။ အလုပ်ချိန်ကလည်း မနက် (၈)နာရီခွဲကနေ ညနေ (၄)နာရီအထိဖြစ်ပြီး လစာလည်း အတော်ကောင်းသည့်အလုပ်ပင်။

ဒီကျောင်းစဖွင့်စဉ်က Form ခေါ်ပြီးမှ ဝန်ထမ်းခန့်ခဲ့တာမှန်ပေမယ့် သူမက အဲဒီလိုဝင်လျှောက်ခဲ့ခြင်းမဟုတ်ပါချေ။ တခြားဆရာမတွေလို စာသင်ချိန်မျိုး၊ ဂီတသင်တာမျိုးမဟုတ်ဘဲ လူမှုရေးဘာသာဖြင့် သီးသန့်ဝင်လျှောက်ဖြစ်ခဲ့တာပါ။

ကလေးတွေကို ဗဟုသုတရစေရန် ပုံပြင်တွေပြောရတာမျိုး၊ လိမ္မာရေးခြားရှိစေရန် ဆုံးမသွန်သင်ရတာမျိုး၊ ကလေးတွေ





ငြိမ်သက်စေရန် စက္ကူချိုးနည်း အရုပ်လုပ်နည်း သင်ပေးတာမျိုး၊ ပုံဆွဲတတ်စေရန် ပန်းချီသင်ပေးရတာမျိုးမို့ ဒီကျောင်းမှာ ဒီပညာကိုကျွမ်းကျင်သူက သူမတစ်ဦးတည်းသာရှိသလို ကလေးအများစု၏ ချစ်ခင်ခြင်းကိုလည်း ရရှိသူဖြစ်ခဲ့ပါ၏။

တခြားဆရာမတွေအချိန်မှာ ကလေးတွေ မငြိမ်မသက်ဆူညံဆော့ကစားလေ့ရှိပေမယ့် သူမအချိန်မှာတော့ အင်မတန်ငြိမ်သက်တိတ်ဆိတ်နေတတ်ပါသည်။ Hall ခန်းထဲမှာ ကလေးတွေ အသံတိတ်နေပြီဆိုပါက 'ဒေါ်စကားဖြူ' ၏အချိန်ဟု တစ်ကျောင်းလုံး အလိုလိုသိထားပြီးသားဖြစ်လေ၏။

နေ့လယ် (၁)နာရီ ခဏတာအိပ်ချိန်လေးမှာ 'သားတို့ သမီးတို့ရေ' ဆိုပြီး ပုံပြင်တိုကလေးတွေပြောပြီး သိပ်တတ်သည့် ဆရာမလေး၏အသံချိုချိုလေးကို အမြဲကြားရတတ်သည်လေ။

သူမတို့ကျောင်းက ကနေဒါလူဦးရေ ကန့်သတ်ခေါ်သလို ကျန်းမာရေးအတွက် ဆရာဝန်ရော Nurse ပါ အစဉ်သင့်ရှိပါ၏။ နားရက်လည်း ရတာမို့ တော်ရုံနှင့်ခွင့်ယူတာမျိုးလည်း ဝန်ထမ်းတွေမှာ မရှိကြပါ။ ကလေးတွေကိုပြုစုစောင့်ရှောက်ပေးကြသည့် သာမန်ဝန်ထမ်းတွေက Uniform သပ်သပ်ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ဆရာမတွေကိုလည်း သီးသန့် Uniform ချုပ်ပေးထား လေ၏။

"Morning...ဖြူ"

"Morning...မဝါ ရောက်တာ စောသားပဲ"

ဝင်းအဝင် တံခါးပေါက်သေးသေးလေးအနီးမှာဆုံသည့် ဆရာမဝါဝါမြင့်ကို ပြန်နှုတ်ဆက်လိုက်ပါ၏။ တခြားဆရာမတွေ က အထာလေးတွေဖြင့်နေသော်ငြား မဝါကတော့ သူမကိုဖက် လှဲတကင်းဖြင့် တရင်းတနှီးရှိလေသည်။

"Uniform ဝတ်လာတယ်ပေါ့လေ၊ ထူးထူးဆန်းဆန်း"

"အချိန်မရတော့လို့ပါ မဝါရဲ့"

"ခေါင်းလျှော်လာပြန်ပြီလား"

"အင်း. . . ခေါင်းတွေတအားကိုက်နေတာနဲ့ပဲ လျှော် လိုက်တာ"

"ဖြူက ထူးဆန်းတယ်နော်၊ တခြားဆရာမတွေဆို ဒီ 'မိုးထိပ်တင်'Private School မှာ ဝန်ထမ်းလုပ်ရလို့ သိပ်ဂုဏ် ယူပြီး ဒီ Uniform ကို ဝတ်ကြတာကွယ့်။ ဖြူက ဒီမှာအလုပ် လုပ်ရတာကို လူသိမခံချင်ဘူးပဲ"





သူမ ပြုံးလိုက်ပါ၏။ ဒီ Uniform က ကိုယ်နဲ့ Fit-ting ကျကျ တိုင်းချုပ်ထားတာမျိုးပါ။ လုံချည်ကိုလည်း ဒေါက် ပါသည့် ပတ်ထမီမျိုး ချုပ်ထားတာမို့ လမ်းလျှောက်တဲ့အခါမျိုး မှာ ခြေကိုတုပ်စေပြီး မလွတ်လပ်ပါချေ။

သူမက လွတ်လပ်ပေါ့ပါးသည့် အဝတ်အစားပွပွလေး တွေကိုသာ ဝတ်လေ့ရှိသူဖြစ်ပြီး စကပ်တွေ Pants တွေမဝတ် ဘဲ လုံချည်ကိုသာ သေသပ်လှပစွာ ဝတ်လေ့ရှိသူကိုး။

Uniform မှာ နာမည်ကိုထိုးထားတာမျိုး မဟုတ်ဘဲ ရင်ထိုးဖြင့် နာမည်တပ်ရပါ၏။ အင်္ကျီကို Blouse ခါးရှည်လေး ချုပ်ကာ၊ လက်က လက်တိုဖြစ်ပြီး ပခုံးမှာ ဘားတန်းလေး ပါ လေသည်။ ဆင်စွယ်ရောင်မြောင်စကို အင်္ကျီချုပ်ပြီး လုံချည်က တော့ နက်ပြာမြောင်ပါ။

"မဟုတ်ပါဘူး မဝါရဲ့၊ ကျွန်မက အဝတ်အစား Fit ဖြစ်တာကိုဝတ်ရင် စိတ်ကျဉ်းကျပ်သလိုဖြစ်လို့ပါ"

"ဖြူက Uniform ဝတ်ထားရင် မဝါတို့ထက် ပိုတောင် မှ လှသေးတာ"

"မာဗီနဲ့ဆိုရင်တော့ ရုပ်ဆိုးတယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်!. . . မဟုတ်တာ"

ပေါ့ပေါ့ပါးပါးရယ်လိုက်မိ၏။ ကလေးတွေကြိုတာကို ရိုးရိုးဝန်ထမ်းတွေလုပ်ရပေမယ့် နေ့စဉ် ဆရာမနှစ်ယောက်ကပါ ကြိုရပါသည်။ ဒီနေ့တာဝန်ကျတာက သူမနှင့် မဝါပေကို။ ဒါ ကြောင့်လည်း ခပ်သွက်သွက်ထွက်လာရတာပင်။

ရုံးခန်းထဲအရောက်မှာ အဝတ်လဲခန်းတွင်းရှိ Locker ထဲမှာ ထမင်းချိုင့်နှင့်အိတ်ကို သူ့နေရာနှင့်သူ ထားလိုက်ပါ၏။ လမ်းလျှောက်ရင်း လေတိုက်တာမို့ ဖရိုဖရဲဖြစ်သွားသည့်ဆံနွယ် ရှည်တို့ သေသပ်စေရန် ဘီးကျဲဖြင့် ခပ်ဖွဖွဖြီးလိုက်ပါသည်။

အပေါ်ယံသာ ခြောက်သွေ့ပြီး အတွင်းမှာ မခြောက် သေးတာမို့ အပေါ်ယံကို များများယူလျက် ကလစ်ဖြင့် အသာ စည်းနှောင်ညှပ်ထားလိုက်ပါသည်။ အောက်နားအထိ ဆံပင်တို့ ကို သေချာဖြီးသင်လိုက်တာမို့ အလုပ်ပြင်ခြင်းပြီးလေ၏။

ဒီကဝန်ထမ်းတွေ ဆရာမတွေ အလှကိုယ်စီပြင်ကြပေ မယ့် သူမကတော့ မပြင်ပါလေ။ မျက်နှာကို သနပ်ခါးရေကျဲလေး သာလူးပြီး မျက်ခုံးမှာ ပေနေတတ်သည့်သနပ်ခါးကိုပင် တစ်ခါ တစ်ရံမခြစ်မိခဲ့။ မျက်လုံးခြယ်တာ နှုတ်ခမ်းနီဆိုးတာတွေပြင်ဖို့





ဆိုတာ ဝေးမှဝေးပါလေ။

Locker အတွင်းမှာ ကပ်ထားသည့်မှန်ထဲမှာ မျက်နှာ တစ်ခုထင်နေတာမို့ အကြည့်ရောက်သွားပါ၏။ စုစုဖူးဖူးလေးဖြစ် နေသည့်နှုတ်ခမ်းလေးမှအပြုံးက ဖျတ်ခနဲပျောက်သွားရလေ၏။

'ပန်းနုရောင်လေး ဆိုးထားရင် သိပ်အသည်းယားတာ ပဲ'ဆိုသည့်စကားကို အာရုံထဲကြားလိုက်ရတာမို့ မျက်စိကိုစုံမှိတ် လျက် ခေါင်းကိုခါလိုက်မိပါ၏။ မကြားချင်တော့ပါလေ။ ပြီးခဲ့ တဲ့အတိတ်ကို ပြန်သတိရပြီး လွမ်းနေရင် သူမအတွက် ရှေ့ဆက် ဖို့ ခွန်အားတွေ ဆုတ်ယုတ်ကုန်မှာကို။

နာမည်ရင်ထိုးကို ဘယ်ဘက်ရင်ဘတ်အထက်မှာ ထိုး လိုက်ပြီး နေရာကျရဲ့လား၊ ကြည့်ရအဆင်ပြေသလားဟု မှန်ထဲ ထပ်ကြည့်လိုက်ပြီးမှ ကျေနပ်စွာ ခေါင်းညိတ်လိုက်မိ၏။

'စကားဖြူ'ရဲ့တစ်နေ့တာကို မျက်နှာလေးကြည်ကြည် နဲ့ စလိုက်ရအောင်လေ။ ကလေးတွေနဲ့အတူ စိတ်တစ်သားတည်း နေတတ်အောင် ကျင့်ခဲ့တာ လေးလကျော်နေပြီမဟုတ်ပါလား။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နာမည်ရင်ထိုးကို ရင်ဘတ်မှာထိုးလိုက်ပြီး အင်္ကျီအောက်နားစကို အသာဆွဲချလိုက်မိ၏။ ဒီဆိုင်ရဲ့ Uniform စကတ်ကတိုပေမယ့် အနည်းငယ်ကားကာ ဝတ်သူကို ငယ်နုစေတာလေ။ အင်္ကျီအဖြူလက်ဖောင်းလေးကို စကတ်အနက်နှင့်တွဲဝတ်ရကာ အင်္ကျီမှာလည်း Tie တို့ ဖဲပြားတို့ကို ယောက်ျားလေး၊ မိန်းကလေး ကွဲပြားစွာ တပ်ထားတာမို့ ဝန်ထမ်းတွေစိတ်ထဲ အလယ်တန်းကျောင်းသူကျောင်းသားဘဝ ပြန်ရောက်သွားသလို ပေါ့ပါးသွက်လက်စေလေ၏။

"မှန်ပေါက်တော့မယ်ဟော့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇွဲနော်"

တစ်ဖက်အဝတ်လဲခန်းမှ ထွက်လာသည့်ကိုဇွဲနောင်က ခါးပတ်တပ်နေရင်း လှမ်းစလိုက်လေ၏။ Locker တံခါးကိုပြန်ပိတ်ကာ သော့ခတ်လိုက်ပါသည်။ ကိုဇွဲက ဆံပင်တွေကို ဂျဲလ်လူးထားတာမို့ လက်ချောင်းဖြင့် အသာထိုးဖွ၍ သေသပ်စေလေ၏။ သူမ ဘေးတစ်စောင်းစည်းထားသည့် ဆံနွယ်ခွေလေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်မိသည်။

သူမက ခေတ်နှဲ့အညီ ပြင်ဆင်ခြယ်သပြီး၊ ဆံပင်ပုံစံကိုလည်း အမျိုးမျိုးပြောင်းတတ်တာမို့ ဖြူနှင့်ရွယ်တူဖြစ်နေပေမယ့် သူမပုံစံက ပိုငယ်နေသလိုနှယ်ဖြစ်နေလေ၏။ ဖြူကတော့ စကားပြောရင်လည်း တိုးဘိုးဖျော့ဖျော့လေး။ လူကလည်း အေးအေးလူလူနေတတ်ပြီး ပုံစံကလည်း ရိုးတာမို့ ပုံတုံးကြီးဟု မြင်တာနှင့် သိစေပါ၏။

သို့သော် တကယ်တမ်း မျက်နှာကိုအသေးစိတ်ကြည့်တတ်ရင် သူမနှင့်ဖြူက ဘယ်သူပိုလှသလဲဆိုတာကို သိသာပါသည်။ ဖြူ့ကို မျက်လုံးလေးပဲကြည့်ရင် မျက်ဆံနက်ကလေးကတောက်ပြီး မျက်သားဖြူက လသားကလေးလေးလို အပြာရောင်





လဲ့လဲ့ဖျော့ဖျော့လေးက အခုချိန်ထိ ရှိနေတုန်းပါပဲ။

နှာတံလေးကလည်း ပြုပြင်ထားသလိုထင်ရအောင် စင်းပြီး ထင်ပေါ်ကာ နှုတ်ခမ်းဖူးဖူးလေးကလည်း စုရွေးတွေးလေးမို့ အသည်းယားချင်စဖွယ်လေးပါ။ လည်တိုင်ကျော့ကျော့လေးနှင့် ခန္ဓာကိုယ်လေးကလည်း ခပ်သွယ်သွယ်မို့ သူမတို့ Day တက်တုန်းက Queen စာရင်းတောင် ပါဝင်ခဲ့သေးတာလေ။

သူမလည်း ကိုယ်ပိုင်အလှရှိပေမယ့် ဖြူနဲ့ယှဉ်ရပ်လိုက်ရင် အလှတွေပျော့သွားသည့်နှယ် အလိုလိုမှိန်သွားတတ်ပါ၏။ မျက်နှာထက်မှာ ပြည့်သည့် Colour မျိုးစုံဖြင့် အထောက်အကူဖြစ်စေပေမယ့် သဘာဝလှသူနှင့်ယှဉ်လိုက်ရင် ကိုယ်ပဲ မှေးမှိန်ရတာကိုး။

သို့သော် သူမအပေါ် စေတနာအရမ်းထားလွန်းသည့် ဖြူ့ကိုတော့ မနာလိုဝန်တိုစိတ်မရှိပါလေ။ တစ်နေကုန် မတ်တပ်ရပ်ရ လမ်းလျှောက်ရလုပ်နေရင်း အိမ်ပြန်ရောက်သည်နှင့် ခြေကုန်လက်ပန်းကျသမျှ ဖြူက မညည်းမညူ နှိပ်နယ်ပြုစုပေးလေ့ရှိတာကိုး။ 'ငါညောင်းလိုက်တာဟယ်' လို့ နှုတ်က ထုတ်ပြောစရာမလိုအောင် အလိုက်တသိလုပ်ပေးလေ့ရှိသည့်ဖြူ့အပေါ် ညို



www.burmeseclassic.com

www.burmeseclassic.com



အစ်မရင်းတွေလို ချစ်ခင်တာကို ကိုယ့်ကိုယ်ကိုပင် သိလေ၏။

"သုခေတ်စံရေ"

"လာပါပြီ"

မှန်ကြည့်အတွေးလွန်နေမိတာမို့ နာမည်ခေါ်မှပဲ Hall ထဲသို့ အမြန်ပြေးထွက်ခဲ့ရ၏။ ဝန်ထမ်းအားလုံး ဆိုင်ထဲမှာ သန့်ရှင်းရေးတွေ လုပ်နေကြပြီကိုး။

"ဒီလ ဝန်ထမ်းကောင်း Bonus ကို နင့်ဆီက ငါလုတော့မယ်။ သိပ်မပြောချင်ဘူး"

အစ်ကိုလိုရင်းနှီးသည့် ကိုဖွဲ့နောင်စကားကြောင့် ဖက်ပုလ္လာထုတ်လိုက်မိလေ၏။ Draw ထဲရှိ ပိတ်စဖြူအထပ်မှတစ်ခုကို နှိုက်ယူကာ မှန်ဆေး Spray ဘူးလေးဖြင့် ကောင်တာပုံးတွေအပေါ် ဖျန်းကာ သုတ်သင်ရပါသည်။ ပြီးမှ နံရံမှန်ချပ်တွေပေါ် သုတ်စဉ်၊ ခုံတွေစီထား သန့်ရှင်းပြီးသွားသည့်ကောင်မလေးတချို့ပါ သူမနှင့်အတူ ဝိုင်းကူသုတ်သင်ပေးကြလေ၏။

'ကံ'ဆိုတာ အတော့်ကိုထူးဆန်းတဲ့အရာပါပဲ။ ကျောင်းပြီးတာချင်းအတူတူ အလုပ်လျှောက်ကြတာချင်းလည်းတူပါလျက် သူမက ဒီအဆင့်မြင့်မြင့်ကော်ဖီဆိုင်ကြီးမှာ Waitress အလုပ်





ရခဲ့ပြီး ဖြူကတော့ သူမတို့နေတဲ့နေရာနဲ့နီးသည့် Private Shool မှာ ရခဲ့တာလေ။

ကိုယ်က သူများ (သူဌေး/မန်နေဂျာ)တွေ အမှောက်အငေါက်ကိုခံရပြီး ရသည့်လစာက မစို့မပို့၊ ဖြူကတော့ ကျောင်းမှာ ကလေးတွေနှင့် စာဝိုင်းကူသင်ပေးတာ၊ ပုံပြင်တွေပြောပြတာ၊ အရုပ်ဆွဲနည်း အရုပ်ချိုးနည်းတွေ သင်ပေးတာမျိုးနဲ့ ငြိမ့်ငြိမ့်လေး ဇိမ်နဲ့လုပ်ရပြီး လစာကလည်း အများကြီးရတာလေ။

ဒီကြားထဲ ဝါသနာပါသည့်ကဗျာရေးတာမျိုး၊ ဝတ္ထုတိုရေးတာမျိုးကို မဂ္ဂဇင်းတိုက်တွေမှာ လစဉ်လိုက်ပို့ပြီး အပိုဝင်ငွေကလည်း ရှိသေး၏။ တစ်လတစ်လ စုဆောင်းတတ်သည်မို့ ဖြူ့လို သူမက ငွေပိုလျှံတာမျိုးရယ်လို့မရှိ။ အကောင်းစား လှလှပပ အသုံးအဆောင်ပစ္စည်းတွေကို ဆန်းသစ်သလို ဝယ်သုံးနေရတာကြောင့်လည်း အပါအဝင်ပါလေ။

"ဒီနေ့ လာဦးမယ်ထင်တာပဲ"

"ဟိုကောင့်လေးလား"

"အင်း"

ခပ်လှမ်းလှမ်းမှာ တီးတိုးပြောနေသည့် မဉ္ဇူနှင့်ဇော်သရိ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖျတ်ခနဲလှည့်ကြည့်လိုက်မိပါသည်။ 'ကောင်လေး'တဲ့။ သူမ တို့ဆိုင်ကို နာမည်ကြီးအဆိုတော်တွေရော နာမည်ရခါစ အဆိုတော်ပေါက်စတွေပါ မကြာမကြာလာတတ်ပါ၏။

အဲဒီနေ့က သူမ OFF ရက်ဖြစ်တာမို့ သူမကိုင်ရသည့် Table (၅)ခုကို မဌူ ယူခဲ့တာပါ။ နောက်တစ်နေ့မှာ အဆိုတော် 'မြင့်မိုရ်'လာသွားသည့်သတင်းက နားမဆံ့အောင် ပလူကိုပျံနေလို့ပါပဲ။ အဲ့ဒီကောင်လေးက အဆိုရှင်ရွေးချယ်ပွဲ Level တွေကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ခဲ့တဲ့သူလေ။ လောလောဆယ်တော့ (၁၀)ယောက်တွဲအခွေမှာ နှစ်ပုဒ်ဝင်ဆိုခဲ့ပြီး အဲဒီသီချင်းနှစ်ပုဒ်ကလည်း ပရိသတ်ရင်ထဲ ပေါက်ခဲ့တဲ့သီချင်းတွေဖြစ်နေတာပင်။

အထူးသဖြင့် သူ့ရုပ်ရည်၊ သူ့ Style နဲ့အသံက ခေတ်ကာလသမီးပျိုလေးတွေကို သည်းသည်းလှုပ် ပြုစားနိုင်စွမ်းရှိသူလို့ နာမည်ပိုကြီးနေတာကိုး။ ဖြူကတော့ စာဖတ်သူမို့ ဒီကောင်လေးအကြောင်းကို တစ်စွန်းတစ်စ သိနေမှာပင်။ သူမကာ စာဖတ်ပျင်းတဲ့လူမို့ အဲဒီအဆိုတော်လေးကို မမြင်ဖူးသေးပါဘဲ စိတ်ဝင်စားတကြီးတကိုးရင်ခုန်စွာ စောင့်နေမိတာအမှန်ပါလေ။





"လာပြီ. . . လာပြီ"

"ချောလိုက်တာဟယ်"

မရိုးမရွဖြစ်နေသည့် ကောင်မလေးတွေက အကုန်စုရပ်လိုက်သလို အဝင်ဝထံ အကြည့်တွေက ပြုံသွားလေ၏။ သူမတို့ဆိုင်က Doorman ထားတာမျိုးမရှိသလို Customer ရွေးထိုင်သည့် Table မှာ တာဝန်ကျသည့် Waiter/Waitress ကသာ တာဝန်ယူ မှာကြားပို့ဆောင်ပေးရတာပါ။

"ဟော! "

ကောင်လေးသုံးယောက်က အပြင်ရှုခင်းကိုမြင်နိုင်သည့် အစွန်ဆုံးသောစားပွဲမှာ ဝင်ထိုင်လိုက်ကြလေ၏။ Table (33) မှ ခုနကောင်မလေးတွေ အသံတိတ်သွားကြလေသည်။

"သုခေတ်စံ. . . သွားလေ"

ကိုဖွဲ့က သူမနောက်ကျောကို အသာတွန်းလွှတ်လိုက်တာမို့ ကောင်တာပေါ်တင်ထားသည့် Note Pad နှင့်ဘောပင်ကို ဖျတ်ခနဲကောက်ကာ လှမ်းခဲ့ရလေသည်။

"ဘာများသုံးဆောင်လိုပါသလဲရှင်"

ကျွတ်! 'မင်္ဂလာပါ'ကို အရင်ပြောရမှာ မေ့ပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးသုံးယောက်က သူမပြောတာကို မကြားသလိုနှယ် သူတို့ဘာသာသူတို့ ရယ်မောနေလေ၏။ စိတ်ရှည် သုခေတ်စံရေ့ စိတ်ရှည်. . .

"ဒီမှာရှင့်"

ခပ်ပြုံးပြုံးမျက်နှာဖြင့် သူ ဖျတ်ခနဲလှည့်ကြည့်လိုက်စဉ် သူမရင်ထဲ လှပ်ခနဲခုန်သွားလေ၏။ အို! ရင်တွေခုန်လိုက်တာ နော်။ မဋ္ဌူတို့ပြောသလို ရွှေမင်းသားလေးပါပဲလား။ သူက သူမကို ဘာမှမပြောသေးပါဘဲ ရင်ဘတ်မှရင်ထိုးလေးကို အကြည့်ရောက်သွားလေ၏။

"သုခေတ်စံ. . . ဟုတ်လား"

"ဟုတ်ကဲ့"

"ဒီဆိုင်က မိန်းကလေးတွေက နာမည်ဆန်းဆန်းလှလှလေးတွေပဲနော်။ ဟိုနေ့ကလည်း ပန်းမဋ္ဌူတဲ့၊ နာမည့်ရင်းတွေရော ဟုတ်ရဲ့လား"

ကြည့်စမ်း! လူကိုများ အထင်တသေးနဲ့ ပြောလိုက်တာလေ။ ခုနက ကြည်နေသည့်စိတ်လေးပင် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားချေပြီ။ သူ့ထံ မရည်ရွယ်ပါဘဲ မျက်စောင်း





က နိုင်းခနဲရောက်သွားလေ၏။

"နာမည့်တွင်မှည့်ရအောင် တို့က Model တွေမှ မဟုတ်တာ"

"ဟင်းဟင်း. . . ဒါက စိတ်ဆိုးသွားတာပေါ့လေ၊ နာမည်လှလို့မေးမိတာ စိတ်ဆိုးစရာလား"

"လူလည်း လှပါတယ် မြင့်မိုရ်ရ"

တီးတိုးရယ်ကြပြန်လေ၏။ သူတို့ပုံစံတွေက မြင်သမျှ ကောင်မလေးတွေကို ရိသဲ့သဲ့လုပ်ပုံမျိုးတော့မဟုတ်ပါ။ ဒီလိုပဲ ဘာရယ်မဟုတ် ပါးစပ်ထဲရှိတဲ့အတိုင်း ပြောလိုက်ပုံမျိုးပါပင်။

"ကိုယ့်ကိုသိလား"

"မသိဘူး"

"သေစမ်း! မြင့်မိုရ်"

သူ့သူငယ်ချင်းနှစ်ယောက်က သူ့လက်မောင်းကို တစ်ချက်စီ ထိုးလိုက်ကြလေ၏။ ကြည့်ပါဦး. . . သူ့ကိုယ်သူ အထင်တကြီးနဲ့ လူကိုဆက်ဆံရတယ်လို့။

"ကိုယ့်ကိုမသိရင် ကိုယ်ကြိုက်တာကို မသိဘူးပေါ့။ ဒါဆို သင်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောဦးမယ် ရှပ်ကီမန်း Favourite...?"

တဟိဟိဖြင့် ကျိတ်ရယ်နေကြပြန်သည်။ ပုံစံတွေမြင်ရကတည်းက ဘဝမှာ ပြည့်စုံစွာနေရသူတွေမှန်း သိနိုင်ပါ၏။ သူမတို့မှာသာ သာမန်ဘဝမှာ လှုပ်ရှားရုန်းကန်နေကြရတဲ့လူတွေလေ။

"Black coffee... သိလား"

"သိတယ်"

"အင်း. . . အဲဒီ Black coffee ကို သကြားနည်းနည်းလေးပဲ ထည့်ဖျော်၊ ပြီးရင် သံပုရာသီးရော သိလား"

"သိပါတယ်ဆို"

"အင်း. . . သံပုရာသီးလေးကိုစိပ်ပြီး ဒီလက်သည်းခွံလောက်လေး ထည့်လာခဲ့ပေး။ ကော်ဖီထဲ မညှစ်နဲ့နော်"

"ဟုတ်ကဲ့"

"အဲဒါတစ်ခွက်၊ ပြီးရင် Sandwitch တစ်ပွဲ၊ ကြက်သားဘာဂါတစ်ပွဲ မင်းတို့မှာဦးလေ"

"Nest... တစ်ခွက်"

"ကပ္ပချီနို တစ်ခွက်"

"Soft role တစ်ပွဲ Jasmine Tea တစ်အိုး. . . ရပြီ"





ပြောသမျှလိုက်မှတ်ရန် နံပါတ်စဉ်ကူးချရင်း သူမ မျက်လုံးပြူးသွားပါ၏။

အလို! အဲဒါမှပြဿနာ။

ဘယ့်နှယ် ဒီအချိန်မှာမှ မင်ကုန်ရတယ်လို့။ မှာတာက သိပ်မများပေမယ့် ကြိုကြဲ ဖန်ဖန်မှာတဲ့ Black coffee ကိုတော့ သေချာရေးရမှာလေ။

"ကျစ် !"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

"မင်ကုန်သွားလို့လား။ ရော့, ကိုယ့်ဘောပင်နဲ့ရေးလိုက်လေ"

သူက ရှပ်အင်္ကျီအကွက်လေးရဲ့အိတ်ကပ်မှာ ချိတ်ထားသည့် ရွှေအိုရောင် Pen လေးကို သူမထံလှမ်းပေးလိုက်သဖြင့် ယူရေးလိုက်ရပါ၏။ သူ့ရှေ့မှာမှ အယောင်ယောင်အမှားမှားတွေ ဖြစ်ရတယ်လို့ကွယ်။ မှာတာတွေ မှတ်ပြီးနောက် သူ့ထံ ဘောပင်ကိုပြန်ကမ်းပေးလိုက်စဉ်. . .

"ယူထားလိုက်ပါ၊ အမှတ်တရပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စားသောက်ပြီး Bill Voucher သွားပေးစဉ် ပိုသည့်ငွေကို သူမအတွက် Tip Money ပေးခဲ့ပါ၏။ (၁၅၀၀)တဲ့။ ရင်ခုန်စရာကြီးနော်။

ဏ ဏ ဏ



## အခန်း (၃)

ကျောင်းဝင်းတံခါးကြီးကို ဟင်းလင်းဖွင့်ကာ ကလေးတွေကို ကြိုနေမိပါ၏။ ဒီကျောင်းက (၃)နှစ်အရွယ်ကနေ (၄)နှစ်ကျော်အရွယ်အထိသာ လက်ခံသည့်ကျောင်းမို့ ကလေးတွေက သိပ်အရွယ်မကွာလှပါချေ။ ကျောင်းသားဦးရေကိုလည်း အယောက်(၁၀၀)သာ လက်ခံတာမို့ အခန်းလေးခန်းသာရှိပြီး ဘယ်ကလေးကိုမဆို မလစ်ဟင်းအောင် သင်ပေးနိုင်ပါသည်။

ဆရာမတွေက စာသင်ပေးတာက (၄)ဦး၊ ကဗျာနှင့်သီချင်းသင်ပေးတာက (၂)ဦး၊ ကာယဆရာမ (၂)ဦးနှင့် အထွေထွေလုပ်ငန်းရေးဘာသာက သူမတစ်ဦးသာ ရှိပါသည်။ ကျောင်းဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ခါစက နေ့လယ်(၁)နာရီမှာ ကလေးတွေကို ပုံပြောသိပ်ခဲ့ကြသော်လည်း မအိပ်ကြသဖြင့် ဆရာမတွေ ခေါင်းခဲခဲ့ကြလေသည်။

အဲဒီလို တစ်လကျော်ရှိချိန်မှာ သူမရောက်ခဲ့တာဖြစ်ပြီး ထိုကလေးတွေကို တာဝန်ယူ သိပ်ခဲ့ရတာပင်။ ဘယ်ဆရာမကပဲ ပုံပြောပြော သိပ်နားမဝင်ကြဘဲ ဟိုတီချယ်ရောလို့ ပွဲတောင်းတဲ့အထိ ဖြစ်လာတာမို့ သူမတာဝန် လုံးလုံးလျားလျားဖြစ်ခဲ့ရတာပါလေ။ တစ်ခါတစ်ရံ ပုံပြင်ပြောဖို့ စိတ်မပါတဲ့ရက်မျိုးမှာတော့ Hall ခန်းထဲသို့ မဝါကိုအကူအညီတောင်းကာ Piano တီးပြီး ကလေးတွေကိုသီချင်းဆို၍ ချော့သိပ်လေ့ရှိသည်လေ။

သန့်ရှင်းရေးဝန်ထမ်းက (၂)ဦးရှိပြီး ကလေးတွေကိုလိုက်စောင့်ကြည့်ပေးရသည့်ဝန်ထမ်းက (၁၀)ဦးရှိတာမို့ ဝန်ထမ်းအလုံအလောက်ရှိသည့် ကိုယ်ပိုင်ကျောင်းလေးပါပဲ။ စာသင်ဆောင်က သပ်သပ်၊ ထမင်းစားဆောင်က သပ်သပ်၊ ကစားကွင်း။ ပန်းခြံစသဖြင့် သူ့နေရာသူ သီးသန့်ရှိကာ အပေါ်ထပ်မှာတော့ ဘုရားခန်းနှင့် Hall ခန်းရှိပြီး အစည်းအဝေးလုပ်ရန် သီးသန့်ရုံးခန်းရှိလေ၏။

ကျောင်းအုပ်သဘောအုပ်ချုပ်သူအဖြစ် အန်တီရှိစ်နှင့်





ဆရာဝန်တစ်ဦး၊ Nurse နှစ်ဦး ခန့်ထားပါ၏။ အန်တီရှိစ်အတွက် လက်ထောက်စာရေးမလေးရှိကာ ကျောင်းအတွက် လိုအပ်သည်တို့ကို ထိုစာရေးမလေးကတစ်ဆင့် စာတင်ပို့နိုင်လေ၏။

"ဟော!"

အနားရှိ ဝန်ထမ်းကောင်မလေးတွေထံမှ အာမေဋိတ်သံပြိုင်တူထွက်လာတာကို သူမ သတိမထားမိလိုက်ပါချေ။ ကျောင်းကားဖြင့်ပါလာသည့် သမီးအမြွှာတွန်းလေး၏ရင်ဘတ်မှ လက်ကိုင်ပဝါကို ချိတ်ပြုတ်နေသဖြင့် သေချာပြန်တပ်ပေးနေမိပါ၏။

"မီးမီးကို ရှုမိတော့မှာပဲ"

"ကားပေါ်ကတိုးပြီး ဆင်းခဲ့လို့ပါ တီချယ်ရဲ့"

"ဟုတ်ပါပြီ တီချယ်က မီးမီးကိုအပြစ်တင်တာမှမဟုတ်တာဘဲ။ သွားလို့ရပါပြီကွယ်"

ကလေးကို ဒူးတစ်ဖက်ထောက် တစ်ဖက်ထောင်အနေအထားဖြင့် ချိတ်ပြန်တပ်ပေးပြီး ပြန်ရပ်ရန်ပြင်လိုက်စဉ် ကျောင်းရှေ့သို့ မာစီးဒီးကားညိုကြီး ရောက်လာပါ၏။ အလို! Boss ရဲ့မြေးတောင် ကျောင်းလာပါရောလား။ ကားတံခါးကို Driver ဖွင့်ပေးလိုက်စဉ် ကားပေါ်မှ ချစ်စရာကလေးငယ်လေး ပြေးဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

"Teacher Champak! "

"Hi!. . . Rainbow လေး"

ကလေးကိုပြန်နှုတ်ဆက်လိုက်စဉ် သူမထံပြေးဝင်ဖက်တွယ်လိုက်တာမို့ လူက ယိုင်သွားပြီး အမြန်ထိန်းလိုက်ရပါ၏။ အလို! ထူးထူးဆန်းဆန်း။ မလုပ်ဖူးတာကို ဒီနေ့မှ ဤကလေး ဘာကြောင့်လုပ်ပြတာပါလိမ့်။

"Bobby ကလေ. သားကိုပြောတယ်"

"အင်း".

"တီချယ့်မှာ Lip stick မရှိဘူးတဲ့ အဲဒါကြောင့် နှုတ်ခမ်းမဆိုးတာလို့ပြောတယ်။ အဲဒါဟုတ်လားဟင်"

သူမပြုံးလိုက်ပါ၏။ ဘယ့်နှယ် ဒီကလေးတွေကတော့ ဆရာမနှုတ်ခမ်းမဆိုးတာကို လူကြီးနှယ် ပြောနေပါလိမ့်နော်။

"မဟုတ်ပါဘူးသားရဲ့၊ တီချယ်က မကြိုက်လို့မဆိုးတာပါ"

"ဒါဆို သားနိုင်ပြီ"

"ဘာကိုနိုင်တာလဲ"





"တီချယ့်မှာ Lip stick ရှိမရှိ Bobby နဲ့သား လောင်းထားတာလေ။ သားက ရှိတယ်လို့ပြောထားတာ"

"ကြည့်စမ်း! အလောင်းအစားလုပ်တယ်ပေါ့"

"Ice-cream တစ်ခုကြွေးပါ တီချယ်ရဲ့။ မနက်ဖြန် တီချယ် ဆိုးလာခဲ့နော်။ သိလား"

"ဟုတ်ပါပြီ၊ တီချယ် ဘာအရောင်ဆိုးခဲ့ရမလဲ။ ပြော"

"Pink..."

"OK! "

"ဟေး. . ."

မိုးသက်တံက ပြောပြီးသည်နှင့် သူမအရှေ့မှပြေးကာ ကျောင်းထဲဝင်သွားတော့၏။ ဆောင့်ကြောင့်ထိုင်နေသည့်အနေအထားမှ သူမ ဖြည်းဖြည်းချင်း ထရပ်လိုက်ပါသည်။ သူမရှေ့ မလှမ်းမကမ်းမှာ ပြုံးပြုံးကြီးစိုက်ကြည့်နေသည့်လူတစ်ယောက်ကြောင့် ရင်ထဲထိတ်သွားရလေ၏။ ဘုရားရေ! ဒါ. . . ဒါ. . . မိုးသက်တံရဲ့ Daddy ဒေါက်တာမိုးစက်တင် ပါလား။

"Good morning! "

"မင်္ဂလာပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က မိုးသက်တဲ့ရဲ့ဒက်ဒီ မိုးစက်တင်ပါ"

"ဟုတ်ကဲ့"

"သားနှုတ်ဆက်လိုက်လို့ အံ့သြနေတာ၊ Champak ဆိုတော့ စကားဖြူပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီကိုမကြာခဏရောက်ပေမယ့် တစ်ခါမှမဆုံဖြစ်ဘူး လားလို့။ အခုမှပဲ သတိပြုမိတယ်"

"ကျွန်မအလုပ်ဝင်တာ လေးလကျော်ပါပြီရှင်"

"ဪ"

ကလေးတွေ ဝင်တာကုန်ပြီမို့ ဝင်းတံခါးပင် ပိတ်နေချေပြီ။ မဝါက တံခါးစေ့ရင်း သူမကိုမျက်စပစ်ပြနေပါ၏။ ဝင်းရှေ့မှာ စကားရပ်ပြောနေသည့်သူက စကားမပြတ်သေးသည့်နယ်လေ။

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့၊ ပြေပါတယ်"

"နေတာရော ဝေးလား"

"ဟင့်အင်း. . . နီးပါတယ်ရှင့်"





"ကား ဘယ်နှမှတ်တိုင် စီးရသလဲ"

"ကားမစီးရပါဘူး။ တစ်မှတ်တိုင်စာမရှိတဲ့ခရီးမို့ လမ်းပဲလျှောက်ပါတယ်"

သူက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ပြုံးနေပြန်လေ၏။ ဒီမှာအလုပ်ဝင်ရတော့မှာမို့ ခြေလှမ်းက ပြင်ချင်နေပြီ။ သူက ခြင်း သတိမထားမိသည့်နယ် သူမကို တရင်းတနှီးကြီး View နေတော့တာပဲကိုး။

"မိသားစုတွေ ရှိတယ်ပေါ့"

"ဟင့်အင်း၊ သူငယ်ချင်းတစ်ယောက်နဲ့အတူတူ အခန်းငှားပြီး နေတာပါ"

"ဟုတ်လား. . . ကိုယ်က သားကို မင်း ဒီလိုမျိုး တယုယဆက်ဆံတာမြင်တော့ ကူတွေတူမတွေနဲ့အတူနေတယ်လို့ ထင်လိုက်မိလို့ မေးမိတာပါ။ တစ်မျိုးမထင်နဲ့နော်"

"ရပါတယ်"

"Sorry!...Nine Thirty ပြည့်နေပြီ၊ ခွင့်ပြုပါဦး" -

"ဟုတ်ကဲ့ရှင့်"

သူမ ကျောင်းထဲဝင်ရန် ခြေကိုရွှေ့လျက် သူ့ကိုကျော



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်မိစဉ် ရယ်သံတစ်ချက် ထွက်လာလေ၏။

"ခဏလေး. . . စကားဖြူ"

"ရှင်"

"ဒီမှာ"

သူက လက်မှာပိုက်ထားသည့် ကလေးကျောပိုးအိတ် လေးကို သူမထံ ကမ်းပေးလိုက်ပြီး ပြုံးနေပြန်လေ၏။ အလို မိုးသက်တံရဲ့ကျောပိုးအိတ်ကိုပေးဖို့ မေ့နေပုံပါလား။

"Thanks! နော်"

သူမ ခေါင်းညိတ်ပြပြီး ဝင်းတံခါးကိုဖွင့်ဝင်ကာ သော့ခတ် လိုက်ပါ၏။ ဂိတ်စောင့်ဦးလေးကို သော့ပေးရန် ခေါင်းမော့လိုက် စဉ် ဝင်းအပြင်ဘက်မှာ အခုထိမပြန်သေးဘဲ သူမကိုငေးကြည့် နေသည့် ဒေါက်တာမိုးစက်တင်ကြောင့် လက်ဖျားတွေပင် အေး သွားပါလေသည်။

အလို! ဘာလို့များ ဒီလိုကြည့်နေတာပါလိမ့်။ ကျောင်း ရာဆီ ခပ်သွက်သွက်လှမ်းလာစဉ် Hall ခန်းထဲမှ ကလေးတွေ 'နမောတဿ'ဆိုသည့် ဘုရားရှိခိုးရန် စရွတ်နေပြီမို့ မျက်နှာ နွေးသွားရလေသည်။ ဒုက္ခပါပဲ. . . ဘုရားရှိခိုးချိန်တောင် နောက်





ကျပါရောလား စကားဖြူ။

"ဘယ်လိုဖြစ်တာလဲ"

ဦးဆုံးအချိန်က စာသင်ချိန်မို့ သူမနှင့်အတူ မဝါရော မမျိုးပါ နားရပါ၏။ မဝါနှင့်မမျိုး (မျိုးမျိုးခိုင်)က ဂီတဆရာမတွေ ကိုး။

"မပြောချင်တော့ပါဘူး၊ ကျွန်မက ဝင်ချင်နေပြီ၊ သူက စကားဆက်ပြောနေတော့ ခက်ရော"

"သူ့ဒွေးဆိုတော့လည်း ကိုယ်က စကားအတင်းဖြတ် လို့မကောင်းမှန်း မမျိုးလည်း နားလည်ပါတယ်ဖြူရဲ့။ Section C က သဉ္ဇာတို့တော့ အတင်းအုပ်ဖို့ကောင်းသွားတာပေါ့"

"ဝါလည်း မျက်ရိပ်ပြခေါ်ပါတယ်မျိုးရယ်။ အဲဒီဒေါက် တာကိုက ဖြူ့ကို ပြုံးပြုံးကြီးစိုက်ကြည့်ပြောနေတာကိုး"

"ရှူး!. . . တိုးတိုး"

နားနေခန်းမှာမို့ တခြားသူတွေလည်း ရှိနေသဖြင့် အသံ တိုးရန် သတိပေးလိုက်ရပါ၏။ အထင်နဲ့အမြင်ဆိုတာ လောက မှာ အမြဲရှိနေတာမှန်ပေမယ့် သူမအတွက်ကတော့ တစ်ခါပဲရှိ နာပါရစေလေ။ အထူးသဖြင့် ကိုယ်နဲ့ဆန့်ကျင်ဘက် အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ပတ်သက်ပြီး အထင်လွဲခံရတာမျိုးကို နောက်ထပ်မကြုံချင်တော့တာအမှန်ပါ။

"မိုးသက်တံက ဖြူ့ကိုပြေးဖက်လိုက်တာဆို"

"အင်း. . . တစ်ခါမှဒီလိုမလုပ်ဖူးပါဘူး၊ ဒီနေ့မှ ထူးထူးခြားခြားဖြစ်သွားတာ"

"အင်းပေါ့၊ ဖြူက ကလေးတွေနဲ့ ဒီလောက်တရင်းတနှီးရှိတာမှမဟုတ်တာကို"

"မိုးသက်တံက မွေးပြီးပြီးချင်း အမေသေခဲ့တာ ဖြူရဲ့၊ အမေမင်တ်နေတဲ့ကလေးကို သူ့ဘွားအေနဲ့ အဒေါ်ကပဲ ထိန်းခဲ့ကြတာ။ ဒါကို မမျိုးတို့နားလည်ပေးနိုင်ပေမယ့် ပါးစပ်ပေါက်တွေက သိတယ်မဟုတ်လား"

သူမက ဒီနေ့သင်ပေးရမည့် စက္ကူမျောက်ရုပ်ပုံလေးကို တစ်ဆင့်ချင်း ချိုးနေမိပါသည်။ ဒါလေးသင်နေရင်း မျောက်တွေရဲ့သဘာဝ၊ နေထိုင်ပုံ၊ တည်ရှိနေသည့်နေရာတို့ကို ဗဟုသုတရစေရန်ပြောပြဖို့ မှတ်စုတို မှတ်ထားသည့် Note book အသေးလေးကိုပါ ထုတ်ထားလိုက်ပါ၏။

"ဖြူ"





"ဟင်"

"မဝါတို့ပြောတာကို စိတ်ဆိုးလား"

"အာ. . . ပေါက်ပေါက်ရှာရှာ၊ မဆိုးပါဘူး မဝါရဲ့၊ ကျွန်မကို စေတနာနဲ့သတိပေးမှန်း သိနေတာပဲဟာ"

"ဖြူက ငြိမ်သွားတာကိုး"

"ဩော်. . . ဒီမှာ အလုပ်နဲ့လက်မပြတ်တဲ့ဟာ။ စိတ်ချ. . . ဘာမှမဖြစ်ဘူး"

"ဒီနေ့ ဘာသင်မှာလဲ"

"Monkey Story "

"မျောက်ရုပ်အောင်ခေါ့တဲ့ Kids တွေအတွက်ပေါ့လေ"

"ဝါတို့လည်း ကလေးသီချင်းတွေ ထပ်ရှာရဦးမယ် မျိုးရေ။ တို့သင်တဲ့ Cost က ကုန်တော့မယ်"

"ဟုတ်ပါ့"

စကားလမ်းကြောင်းလွှဲလိုက်ပြီမို့ သူမ သက်မကို ခိုးရှိုက်မှုတ်လိုက်ရပါ၏။ သူမဘဝမှာ သူစိမ်းယောက်ျားတွေနဲ့ ရိုးရိုးသားသားလေးတောင်မှ စကားပြောခွင့်မရှိပါလား။

သူမနှင့်စကားပြောကြတိုင်း ဆန့်ကျင်ဘက်လူတွေရဲ့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



လိုဘွယ်အကြည့်တွေကို ဘယ်အချိန်ထိ ရှောင်ရှားနေရဦးမှာပါ လိမ့်နော်။

ထ ထ ထ



## အခန်း (၄)

ကဗျာစာမူလေးကို A4 စာရွက်ထက်မှာ စာလုံးလှလှလေးဖြင့် ရေးလျှက်၊ အောက်ဘက်မှာ ကလောင်အမည် 'ပန်းကလေး' ဟုရေးကာ ရက်စွဲတပ်လိုက်ပါ၏။ ပြီးမှ သုံးခေါက်ချိုးထက်ပိုင်းခေါက်လျက် စာအိတ်ဖြူထဲ ထည့်ပိတ်လိုက်ပါသည်။ ဘေးမှာချထားသည့်ဝတ္ထုတိုစာမူထပ်ကိုပါ Stapler ဖြင့်ချုပ်ကာ စာအိတ်ညိုထဲ ထည့်ပိတ်လိုက်၏။

မနက်ဖြန် စံ OFF ရက်မို့ သူမကိုယ်တိုင် စာပေတိုက်ကို စာမူသွားအပ်ပေးမည်ကိုး။ စာပေတိုက်က လူကြီးတွေနှင့်လည်း စုံပါ ရင်းနှီးနေလေပြီ။ စာမူရှင်ကိုတွေ့ရတာနည်းပြီး စံပဲ



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏရောက်ဖြစ်တာမို့ တစ်ခါတလေ စုံကိုပင် စာမူရှင်ဟု အထင်များတတ်ကြလေ၏။

စာမူရွေးပြီး မဂ္ဂဇင်းတွေမှာ ဖော်ပြသည့်အခါမှ မဂ္ဂဇင်းရော စာမူခပါထုတ်ရန် စာပေတိုက်မပိတ်ခင် (ခပ်စောစောအလုပ်ဆင်းလျက်) သွားရပါ၏။ သူမလာသည့်အချိန်က ညနေစောင်းမို့ တခြားစာမူရှင်တွေနှင့် သိပ်မဆုံဖြစ်ပါချေ။ တချို့တလေ စာရေးဆရာတွေနှင့်ဆုံမှသာ ကလောင်ရှင် 'ပန်းကလေး' ဟုသိရပါ၏။

"ပြီးပြီ"

စာအိတ်ညိုကြီးထဲမှာပင် စာအိတ်ဖြူလေးကို ရောထည့်လိုက်ကာ အံဆွဲထဲ ထည့်ပိတ်လိုက်ပါ၏။ ပြီးမှ ဟင်းချက်ရန် မီးဖိုခန်းဆီ ထွက်လာခဲ့ပါသည်။ သူမတို့တိုက်ခန်းက ရှည်မျောမျောလေးနှင့် အတော်အသင့်ကျယ်ပါ၏။

ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာနှင့် တိုက်နောက်ဘက်မှာ ဝရံတာသေးသေးလေး ထုတ်ထားပါသည်။ အိပ်ခန်းက နှစ်ခန်းပါဝင်သော်လည်း စံက တစ်ယောက်တည်း မအိပ်ရဲတာမို့ ထိုအိပ်ခန်းကို စတိုခန်းအဖြစ် ပစ္စည်းသိမ်း





ရန်သာ ထားလိုက်ပါသည်။

အလုအယက်ကြိုက်လှပြီး လက်သည်းရှည်ကျိုးမှာကို စိုးသည့်စံကို အဝတ်ပင် သူမ မလျှော်ခိုင်းဘဲ ကိုယ်ပဲ ဒိုင်ခံလုပ်ပေးပါသည်။ ဟင်းလည်းကောင်းကောင်းမချက်တတ်သူမို့ သူမပဲ မီးဖိုချောင်ဝင်ကာ အိမ်အလုပ်ပါ အကုန်လုပ်ဖြစ်တော့၏။ နှစ်ရှည်ကြာပေါင်းခဲ့သည့်သူငယ်ချင်းမို့ သူသာတယ် ငါနာတယ်ဟု မယူဆပါဘဲ သူမပင် အနစ်နာခံခဲ့တာအမှန်ပင်။

ပြီးတော့ စံက သူမထက် အလုပ်ချိန်လည်း ပိုများကာ ပိုပင်ပန်းသည်ကိုး။ မနက်က လှမ်းခဲ့သည့်အဝတ်အစားတို့ကို ဝရံတာမှာ ထွက်ရုတ်လိုက်စဉ် တစ်ဖက်တိုက်မှ ကောင်လေးတွေ၏ လေချွန်သံတွေ ထွက်လာလေ၏။ လုပ်ပြန်ပြီ၊ ဘာမှလည်း မဟုတ်ပါဘဲ မထိတထိစတတ်ကြတာ ကောင်လေးတွေရဲ့ဝသီပဲ ထင်ပါရဲ့။

"ဆံပင်ရှည်ရှည် × × × အရပ်မြင့်မြင့် × × × ကိုယ့်ချစ်သူလေး × × × "

ဂီတာသံတဒေါင်ဒေါင်ဖြင့် စောင်းဆိုလိုက်သည့်သီချင်းသံကြောင့် အိမ်ထဲသို့မြန်မြန်ဝင်ကာ တံခါးကိုပိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စံအလုပ်ပိတ်ရက်မှာရော ဒီကောင်လေးတွေ ဒီလိုစလေ့ရှိမယ် ထင်ပါရဲ့။

"ဘယ်မှာ ကိုယ့်လမင်းလေး× ×'× "

မီးဖိုခန်းပြတင်းလိုက်ကာကိုပါ ဆွဲပိတ်လိုက်ရတော့၏။ နို့မို့ ဒီအခန်းထဲမှာ သူမ ဟိုဒီလျှောက်ပြီး ချက်ပြုတ်နေသမျှကို မြင်နေရတော့မှာကိုး။ ညနေဈေးလည်း တစ်ခါတည်းဝင်ခဲ့တာမို့ ငါးသလောက်ကို တစ်မိုင်းဝယ်လာကာ ရေဆေးလျက် တုံးလိုက်ပါသည်။

အသားတုံးလေးတွေကိုရွေးကာ နနွင်း၊ ဆား၊ ဟင်းချိုမှုန့်နယ်လျက် ကြော်လိုက်ပါ၏။ အရိုးပါသည့်အပိုင်းနှင့် အမြီးကို ခရမ်းချဥ်သီးနှင့်နံနံပင်.အုပ်ကာ ချက်လိုက်ပါသည်။ ငါးချက်နေတုန်း ကန်စွန်းရွက်သင်ကာ ကြက်သွန်ဖြူထုကြော်လိုက်ပါ၏။

တို့စရာကို သခွားသီး၊ ရှောက်ရွက်၊ ဒညင်းသီးပြုတ်ကာ ငါးပိရည်ကို ငရုတ်သီးစိမ်းလှော်၍ဖျော်ကာ ထမင်းစားပွဲထက် ပြင်ဆင်အုပ်ထားလိုက်ပြီး၊ ရေချိုးခန်းသို့ဝင်ခဲ့ပါ၏။ စံက အဖော်မင်သူမို့ ထမင်းစားချိန်မှာ အတူတူစားရလေ၏။

တိုက်ခန်းသော့ကို နှစ်ချောင်းထားပြီး အပြင်ထွက်တဲ့





အခါ ကိုယ့်သော့ကိုယ်ယူ ဖွင့်ဝင်ရပါ၏။ ကားဂိတ်ကလည်း တိုက်ခန်းနှင့်နီးတာမို့ စံအဖို့သိပ်ကြောက်စရာမရှိပါလေ။ စံက လူတော့မကြောက်ဘဲ မမြင်ရတာတွေကို အကုန်တွေးကြောက်တတ်ပါ၏။

အိပ်ခန်းထဲမှာ ကုတင်နှစ်လုံး ထည့်ထားပြီး သူမအိပ်သည့်ဘက်ဘေး (ကုတင်နှစ်လုံးအလယ်မှာ) စာကြည့်စားပွဲရှိကာ ဒီဘက်မှာက မှန်တင်ခုံရှိပါ၏။ အဝတ်ဗီရိုနှင့် သူမစာအုပ်ဗီရိုက ဘေးမှာကပ်လျက် ကုတင်ခြေရင်းနားမှာ ရှိပါသည်။ စံ၏အဝတ်ဗီရိုက ပိုကြီးပြီး အဝတ်အစားလည်း ပိုများလေ၏။

ဒီနေ့ဝတ်သွားသည့် Uniform ကိုပါ တစ်ခါတည်းလျှော်ကာ ဝရံတာမှာ ချိတ်ဖြင့် ရေစစ်အောင် ထုတ်လှမ်းထားလိုက်ပါ၏။ အလုပ်ပြီးပြီမို့ နားချိန်ရလေပြီ။ ရန်ကုန်ရောက်ခါစက တစ်တိုက်ဝင်တစ်တိုက်ထွက် စာမူတွေကို မျက်နှာပူပူဖြင့် လိုက်ပို့ခဲ့ရပေမယ့် အခုတော့ သူမက နာမည်ရခါစဖြစ်နေပြီမို့ စာပေတိုက်သုံးတိုက်မှာ ပင်တိုင်ကလောင်ရှင်ဖြစ်နေလေပြီ။

မဂ္ဂဇင်းတွေမှာ လစဉ်မဟုတ်သော်ငြား တစ်ခုမဟုတ်တစ်ခုပါတာမို့ တစ်လကို ကဗျာရောဝတ္ထုတိုပါ သုံးပုဒ်စီ ရေးဖြစ်အောင် ကြိုးစားရပါ၏။ သိပ်စိတ်ကြိုက်မတွေ့လျှင်တော့ ထိုစာ



www.burmeseclassic.com

www.burmeseclassic.com



မှုတို့ကိုဖြင့် ဖျောက်ဖျက်ပစ်ရပါသည်။

နောက်တိုက်အတွက် ဘယ်လိုဝတ္ထုတိုမျိုး ရေးရမလဲဟု စဉ်းစားလျက် အိပ်ရာထက်မှာလှဲလျက် မေ့ခနဲအိပ်ပျော်သွားပါ၏။ သူမက အဲဒီလိုမေ့စက်အိပ်ပျော်ရင် နာရီဝက်အချိန်ကြာမှ ပြန်နိုးတတ်သည်။ ညဘက်အိပ်ရင်တော့ ညနေ (၈) နာရီ (၉) နာရီလောက်က အိပ်ရေးပြည့်ပြီး ပြန်နိုးရင် ညဉ့်နက်သန်းခေါင်ကျော် (၁) နာရီ (၂)နာရီအကျော်ထိ နေနိုင်တာ အကျင့်ဖြစ်နေပြီလေ။

"ဂျောက်!"

နားထဲမှာ တံခါးဖွင့်သံလိုလို ကြားလိုက်ရပါ၏။ ခြေသံတရှပ်ရှပ် လမ်းလျှောက်ပြီး အိပ်ခန်းတံခါးကို ကလစ်ခနဲ ဖွင့်လိုက်သလိုပါပင်။

"ဖြူ... ဖြူ"

ခေါ်သံက တိုးသဲ့သဲ့မို့ အိပ်ချင်မူးတူးစိတ်ဖြင့် ပြန်မထူးမိ။ ခဏအကြာမှာ သူမနဖူးပေါ် အေးစက်စက်လက် လာထိမှ ဖျတ်ခနဲမျက်လုံးဖွင့်ကြည့်လိုက်ပါ၏။

"Sorry! လန့်သွားလား။ ဆာလုပြီ ဖြူရဲ့၊ ထမင်းစားကြစို့"

"ရေချိုးပြီးပြီလား"





"ပြီးပြီ"

မျက်လုံးကိုပွတ်သပ်လိုက်ပြီး အိပ်ရာထက်မှ ထလိုက်ပါ၏။ စံအကျီဝတ်နေစဉ် သူမက မီးဖိုခန်းထဲဝင်ကာ ထမင်းပွဲပြင်လိုက်ပါ၏။ နည်းနည်းမှောင်စပျိုးမှ ချက်ပြုတ်ထားတာမို့ ထမင်းဟင်းတွေက မပူတော့ပေမယ့် ခပ်နွေးနွေးတော့ ရှိပါသေးသည်။

"နင့်ကိုပြောစရာရှိတယ် သိလား"

"ထမင်းအရင်စားပြီးမှ အေးအေးဆေးဆေးပြောလေ"

"ဘာဟင်းတွေလဲ"

"ငါးသလောက်ဟင်း။ မနက်အတွက် ငါးကြော်ပေးထားတယ်။ ဟင်းနုနယ်ရွက်လည်း သင်ထားပေးတယ် စံ။ ကြော်ပြီး ထည့်သွားလိုက်"

"အဲဒီအရွက်ကြီး မကြိုက်ပါဘူး"

"လူနဲ့တည့်တယ်လေကွယ်၊ အူဆေးကဲ့အစာဆို ချေးကများပြီ"

စံက နှာခေါင်းရှုံ့ပြလေ၏၊ ရေခဲသေတ္တာထဲမှ သောက်ရေဘူးကိုမှင့်ကာ ဖန်ခွက်နှစ်လုံးထဲထည့်လိုက်ပြီး ထမင်းစားကြပါသည်၊ စံက အစားအသောက်မမက်ဘဲ အလှအပသိပ်မက်

www.burmeseclassic.com



တာမဟုတ်လား။

သူမတို့နေသည့်တိုက်ခန်းကို တစ်လ ငါးသောင်းနှင့် နှစ်ချုပ်ငှားရတာပါ။ ဒီခေတ်ထဲမှာ ဒီလိုတိုက်ခန်းငှားဈေးက သိန်းနှီးတန်တာမဟုတ်လား။ တိုက်ခန်းပိုင်ရှင်လင်မယားက နိုင်ငံခြားမှာ အလုပ်သွားလုပ်ကြတာမို့ သူမတို့ကိုအပ်ခဲ့တာပင်။ သူတို့ ဒီကိုပြန်လာရင်တော့ ဒီမှာပဲပြန်နေမှာမို့ သူမတို့သူငယ်ချင်းတွေ ဖယ်ပေးရမှာလေ။

ဒီလောက်မကျယ်တောင် အနေတော်တိုက်ခန်းလေးဖြစ်ဖြစ်တော့ အပိုင်ဝယ်ချင်ပါ၏။ ဒီအတိုင်းငှားနေသမျှတော့ ဘာမှ အဖတ်တင်မှာမဟုတ်ပါလေ။ လစဉ်ရသမျှလခက စုတာနည်းနည်း၊ ဗိုက်ထဲထည့်ရတာက များများပေးကိုး။

ဘဏ်မှာအပ်ထားသည့်ငွေကိုလည်း မသုံးဝံ့သေး။ တစ်လ ငါးသောင်းတောင် မနည်းကုပ်ကပ်ပြီး ထပ်ထည့်နေရတာလေ။ သိန်းနှစ်ရာလောက် မြန်မြန်ပြည့်ချင်ပါရဲ့။ ဒါမှ ကိုယ်ပိုင်တိုက်ခန်းသေးသေးလေးနဲ့ နေနိုင်မှာကိုး။

"ဖြူ"

"ဟင်"





"ဘာတွေစဉ်းစားနေတာလဲ"

"ဒီလိုပါပဲ"

"ဆန်ကုန်တော့မယ်နော်၊ မှာရဦးမယ်"

"အင်းပါ"

"ဒီလ တို့အလှည့်မှတ်လား"

"ရပါတယ် စံရဲ့"

"ဘာရပါတယ်လဲ၊ ဖြူပဲ အမြဲငွေထုတ်နေရတာ၊ ဒီလ ဆန်အိတ်ဖိုး တို့ပေးပါ့မယ်။ ဆီရော လောက်ပါ့မလား"

"အင်း. . . လိုလည်း တစ်ပိဿာလောက်ပဲ ထပ်ဝယ်ရမှာပါ"

ထမင်းစားပြီး ဆေးကြောနေစဉ် စံက ခြေဆန့်လက်ဆန့် ရပ်ရန် ဝရံတာထွက်ရပ်နေပါ၏။ ဂစ်တာသံများ ထွက်လာမလားဟု နားစွင့်လိုက်သော်ငြား အသံက တိတ်နေချေပြီ။ အင်းပေါ့လေ၊ ည (၁၀)နာရီပင် ထိုးတော့မှာကိုး။

လက်သေချာဆေးပြီး သုတ်ကာ စံ့အနီးသို့ လာရပ်လိုက်ပါ၏။ ညဉ့်ဦးယံလေက သိပ်မအေးဘဲ ခပ်နွေးနွေးရယ်လေ။

"ဒီနေ့ တို့ လူတစ်ယောက်နဲ့ဆုံခဲ့တယ် ဖြူ"



www.burmeseclassic.com

www.burmeseclassic.com



အလို! ထူးဆန်းလေစွ။ ကော်ဖီဆိုင်မှာ လူအများကြီးနဲ့ နေ့စဉ်တွေ့နေရပါလျက် လူတစ်ယောက်ကိုပဲ ကိုယ်စားပြုပြောနေပါရောလား။

''သူ့နှာမည်က မြင့်မိုရ်တဲ့''

''. . . ''

''သီချင်းဆိုတယ်၊ သိပ်အအောင်မြင်ကြီးမဟုတ်သေးပေမယ့် လူ သိစပြုနေပြီ။ အတွဲခွေထဲမှာ နှစ်ပုဒ်ဆိုပေမယ့် သူ့သီချင်းက ပေါက်တယ်တဲ့''

''ချောလား''

စံ တီးတိုးရယ်လိုက်လေ၏။ အချောအလှနှစ်သက်သူမို့ တော်ရုံရော်ရုံကောင်လေးလောက်တော့ စိတ်ဝင်တစားပြောမှာ မဟုတ်တာလေ။

''ချောတယ်''

ဒီလိုပဲဖြစ်ရမှာပေါ့။ သူခေတ်စံပါဆိုမှ ခေသူမဟုတ်တာလေ။

''အသားအရေလည်းလှတယ်၊ အရပ်အမောင်းရော Body structure ရော ပြောစရာကို မရှိတာ''





''စံနဲ့ ရင်းနှီးနေပြီလား''

''အင်း. . .ဒီနေ့မှစကားစပြောတာဖြစ်ပေမယ့် သူက မိန်းကလေးတွေရဲ့နာမည်တွေကို သတိထားဖတ်တတ်တယ်လေ။ ဒီနေ့ တို့နာမည်ကို သူမှတ်မိသွားတာပေါ့''

စံက အပြည့်မသာသည့် လပိန်ပိန်လေးကို ငေးကြည့်ရင်း ပြုံးနေပြန်လေ၏။ မျက်ဝန်းလေးတွေ လဲ့နေသည်အထိ ကြည်နူးနေပုံမို့ သူမ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိလေသည်။ 'အချစ်' ဆိုတာကို ထိတွေ့ခံစားတတ်တဲ့အရွယ်ပဲ ရှိသေးတာ မဟုတ်လား။ စံလည်း ချစ်တတ်နိုင်ပြီလေ။

''သူက ချမ်းသာတယ်မဟုတ်လား စံ''

''မသိဘူး''

''ဘယ်လို''

''တို့မသိချင်ဘူး ဖြူ။ နင့်လို အရှည်ကြီးကိုမျှော်ပြီး မစဉ်းစားချင်ဘူး။ လက်ရှိအခြေအနေမှာပဲ ပျော်နေချင်တယ်''

ခက်တာပဲ။ ဘာကိုမှကြိုမစဉ်းစားတတ်ပါလားနော်။ စံ့ဆီမှ သူ့ပုံစံလေးကို တိုးတိုးလေးပုံဖော်ပြောပြနေစဉ် သူမနားထဲ မကြားတစ်ချက်ကြားတစ်ချက်။ အာရုံထဲ ဒီမနက်ပဲ သူမကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးဖက်လိုက်သည့်ကလေးလေးနှင့် ဖခင်ဖြစ်သူ၏ အရှည်လဲ့လဲ့မျက်ဝန်းဘစ်စုံ။

သတိ! ဖြူ၊ နှင့် သတိတွေ လက်မလွှတ်ပါစေနဲ့။

ထ ထ ထ



## အခန်း (၅)

မြို့ထဲမှာ လမ်းလျှောက်နေရင်း မျက်လုံးကို ဟိုဒီရှာဖွေအလုပ်ပေးရပါ၏။ ပိတ်ရက်မို့ ဖြူ အကူအညီတောင်းတာကို လုပ်ပေးရမှာလေ။ ဒီမဂ္ဂဇင်းတိုက်က သူမ တစ်ခါမှမရောက်ဖူးသေးပါ။

"ဟော!"

ရှေ့မလှမ်းမကမ်းဆီမှ 'ရင်ခုန်သံ' မဂ္ဂဇင်းတိုက်ဆိုင်းဘုတ်ကိုမြင်လိုက်ရတာမို့ ဝမ်းသာသွားရပါ၏။ သိပ်မရှာရဘူးဘဲကိုး။ လက်ထဲပိုက်လာသည့်စာအိတ်ညိုလေးကို တစ်ချက် ဆ,ကြည့်ကာ ခြေသွက်သွက်လှမ်းခဲ့စဉ် သူမအနီးမှာ ကားတစ်စီးထိုးရပ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကားပေါ်မှလူတစ်ယောက် ဆင်းလာလေသည်။

"ဟိတ်!"

တိုက်ထဲဝင်ချင်သည့်ဇောက ကြီးနေတာမို့ အသံပြုတာကို မကြားမိဘဲ ဆက်လျှောက်နေစဉ် သူမလက်မောင်းကို လာဆွဲလိုက်တာမို့ အလန့်တကြားဖြစ်သွားရပါ၏။

"သုခေတ်စံ"

"အမယ်လေး!"

"Sorry! Sorry!...လန့်သွားသလား။ ကိုယ်က ဒီနေရာနားမှာ တွေ့လိုက်ရတာ၊ ဟုတ်မှဟုတ်ပါ့မလားတွေးပြီး လက်လှမ်းဆွဲလိုက်မိတာ"

သူက စံလက်ထဲမှ လွတ်ကျသွားသည့်စာအိတ်ညိုကို ကောက်လျက် ပြောလိုက်လေ၏။ အို! အလန့်တကြားနဲ့ ရင်ခုန်အောင် လုပ်ရတယ်လို့။

"ဘယ်လာတာလဲ"

"ဒီ...အဲ...ဟိုဟို"

လက်ညှိုးက ပုံနှိပ်တိုက်ကို ညွှန်လုလုဖြစ်သွားပြီး တခြားဘက်ကို ထိုးပြလိုက်မိပါ၏။ သူ့ရှေ့ရောက်ရင် ကတုန်ကယင်ဖြစ်





ပြီး အများအယွင်းတွေဖြစ်တာ ဘာကြောင့်ပါလိမ့်နော်။

"ဒါက ဘာလဲ"

သူ့လက်ထဲမှာရှိနေသည့် စာအိတ်ညိုကြောင့် သူမမျက်လုံးပြူးသွားရပါ၏။ ဖြူပေးလိုက်တာကို ပျောက်လို့မရဘူးလေ။

"ဘာမှမဟုတ်ပါဘူး။ ပြန်ပေးလေ"

"နေပါဦး အခုမှစကားပြောရုံပဲရှိသေးတာကို ဘယ်လိုဖြစ်တာလဲ"

"ပြန်ပေးပါ"

"ဟာ...ဒါက တော်တော်အဖိုးတန်နေပုံပါလား။ စိတ်မချလက်မချဖြစ်နေပုံထောက်ရင် ကိုယ်စိတ်ဝင်စားလာပြီ။ ဖွင့်ကြည့်လိုက်ရမလား"

"ဟင်! မကြည့်နဲ့နော်၊ မကြည့်ရဘူး၊ ပြန်ပေး"

သူက သူမလက်မမီအောင် စာအိတ်ကိုင်သည့်လက်ကို အပေါ်သို့ လက်မြှောက်လိုက်လေ၏။ ဒုက္ခပါပဲ၊ ဖြူ့စာမူသာပျောက်သွားရင် ပြဿနာအကြီးအကျယ်တက်တော့မှာလေ။

"ဒါဆိုပြောလေ၊ မင်းပြောရင် ကိုယ်ပြန်ပေးမယ်"

"ယူနဲ့မှမဆိုင်တာ၊ မစပ်စုနဲ့လေ၊ ပြန်ပေးဆို"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမပြောရင် ကိုယ်ဖွင့်ကြည့်မှာနော်"

"ယူနော်. . . ဘယ်လိုဖြစ်နေတာလဲ"

"သိချင်လို့ပေါ့"

သူက ပြုံးစစမျက်နှာဖြင့် စာအိတ်ညိုအဖုံးကို အသာဖွင့်လိုက်သဖြင့် သူမ ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။

တကယ်ပင်ကြည့်တာပါလားနော်။

"မြင့်မိုရ်"

" 'ပထမဆုံးရင်ခုန်သံ' တဲ့၊ ခေါင်းစဉ်က မိုက်တယ်ကွာ၊ ရေးတဲ့သူက မှန်း, ပန်းကလေးတဲ့လား။ ကလောင်အမည်က နူးနူးညံ့ညံ့လေးပါလား သုခေတ်စံရဲ့"

သူမမျက်နှာလေး ရဲရဲနီသွားရပါ၏။ ရှက်လိုက်တာနော်၊ ဖြူက လူမသိအောင် စာမူကိုအမြဲအပ်လေ့ရှိတာမဟုတ်ပါလား။ ခုတော့ သူမကြောင့် လူသိကုန်ပြီလေ။

"မထင်ရဘူးကွာ၊ မင်းက ဒါမျိုးတွေလည်း ရေးတတ်တယ်ပေါ့လေ"

"တို့ရေးတာမဟုတ်ဘူး"

"ကြောင်လိမ်တယ်ပေါ့လေ၊ သက်သေက ကိုယ့်လက်





ထဲမှာနော်"

ဪ! ခက်တော့တာပဲ။ သူမလက်ထဲကိုင်လာတာနဲ့ လူကို စာရေးဆရာထင်ရတယ်လို့။

"ပန်းကလေး"

"တို့မဟုတ်ဘူး"

"ဝန်မခံရင် လုံးဝပြန်မပေးဘူးနော်၊ အဟုတ်ပဲ။ ကိုယ်က ဒီဘက်က မိုးကြိုး Studio မှာ အသံလာသွင်းတာ။ အဲဒီထဲ တကယ်ယူသွားလိုက်မှာ"

"ယူနော်၊ လူချင်းသိပ်လည်းမရင်းနှီးသေးဘဲနဲ့ ဒီလောက်ထိ လိုက်မစွက်ဖက်ချင်ပါနဲ့"

"ရင်းနှီးပါတယ်ကွ. . . ကိုယ့်ဆီကို မိတ်ဆက်စာတွေ Phone တွေလာသမျှ ဘယ်သူ ဘာတောင်းတောင်း ရတာမရှိသေးဘူး။ မင်းသာ ကိုယ့်ဆီက လက်ဆောင်ရဖူးတာ"

"ဘာလက်ဆောင်လဲ"

"ဟောကြည့်! မမှတ်မိဘူးမဟုတ်လား။ ရွှေအိုရောင်ဘောပင်လေးလေ" –

သူမ ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့လိုက်မိပါ၏။ ဟုတ်သား



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သူနဲ့ပထမဆုံး ဆုံစဉ်က ဒီလက်ဆောင်ကိုရခဲ့တာလေ။ နေပါဦး၊ အဲဒီဘောပင်လေး ဘယ်မှာထားမိပါလိမ့်၊ အိတ်ထဲမှာလား မှန်တင်ခုံပေါ်မှာလား၊ အံဆွဲထဲမှာများလား။

"ဝန်ခံမှာလား"

"အင်း"

"ဟာ. . . တုံးတိကြီးလား"

"ခက်ပြီလေ၊ ကိုယ့်ကိစ္စကိုယ် လုပ်ရမှာမဟုတ်လား ပေး. . ."

"ကိုယ်က ကဗျာတွေကိုသိပ်ချစ်တတ်တာ သုခေတ်စံရဲ့"

"ဟင်"

"မင်းရော ကိုယ့်ကို အမှတ်တရတစ်ခု မပေးချင်ဘူးလား"

"ယူက ဘာလိုချင်လို့လဲ"

"မင်းပေးနိုင်တဲ့အရာပါ"

အဆက်မပြတ်ခုန်နေသည့်ရင်ဘတ်ကို အမြန်ဖိလိုက်ရပါ၏။ ဒီနေ့မနက် (၁၀)နာရီကတော့ သူမအတွက် စိတ်လှုပ်ရှားမှုကို ဖန်တီးပေးနေတာအမှန်ပါလေ။ အမှတ်တရတဲ့၊ သူ ဘာကိုများ တောင်းချင်တာပါလိမ့်နော်။

"ပြောလေ"

"ကဗျာတစ်ပုဒ်"

"ရှင်! "

"မင်းကိုယ်တိုင် ခံစားချက်အပြည့်နဲ့ရေးတဲ့ကဗျာတစ်ပုဒ် လောက်ပါ သုခေတ်စံ"

ခေါင်းထဲ တစစ်စစ်ကိုက်လာသည်အထိ စိတ်က တုန်လှုပ်သွားရပါ၏။ ကိုယ်တိုင်စပ်တဲ့ကဗျာတစ်ပုဒ်တဲ့လား။ ဘုရားရေ! သူမကဖြင့် ကဗျာမပြောနဲ့၊ စာတစ်ကြောင်း ရေးရမှာကိုတောင် ဝန်လေးပါဘိ။

နယ်မှာကျန်ရစ်ခဲ့သည့် မိဘမောင်နှမတွေကိုတောင် စာတစ်စောင်မှမရေးဘဲ Phone သာ မကြာမကြာဆက်ဖြစ်တာလေ။ အကြီးတွေက အိမ်ထောင်အသီးသီးကျနေပြီမို့ အငယ်ဖြစ်တဲ့သူမကို မိဘတွေ အားမကိုးလှပါချေ။ ပြီးတော့ မေမေတို့ကလည်း သူတို့ပွဲရုံအလုပ်နဲ့ အဆင်ပြေကြတာကိုး။

"ဟောဗျာ! ဒါလေးတောင်းတာကို မျက်စိမျက်နှာပျက်







www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့"

"ဒါလေးမှမဟုတ်တာ၊ ဒါကြီးရှင့်"

"ဟင်းဟင်း. . .ဘာလဲ၊ ကိုယ့်ကိုပေးရင် စာမူခမရမှာ စိုးလို့လား။ ကိုယ်ပေးပါ့မယ် သုခေတ်စံရဲ့ (၁၅၀၀) ယူမလား"

ကြည့်စမ်း! လာပြန်ပြီ (၁၅၀၀)၊ လူကိုအရူးလုပ်ဖို့ပဲ စဉ်းစားနေလား မြင့်မိုရ်ရယ်။ ရင်ခုန်မှုထက် ရင်တုန်စရာကိုပဲ ယူဖန်တီးနေတာကို သိပါရဲ့လား။

"ကဗျာစာမူခက (၃၀၀၀) တောင် ရတာရှင့်"

"ဩော. . .ဩော်. . .ဒါကြောင့်ကိုး။ ဒီစာရေးဆရာမ ပေါက်စလေးက ကပ်စေးနှဲလိုက်တာကွာ"

သူက သဘောတကျဖြင့် ရယ်နေပြန်လေ၏။ ကဗျာတစ်ပုဒ်၊ ဝတ္ထုတိုတစ်ပုဒ် ဘယ်လောက်ရတယ်ဆိုတာကို ဖြူပြောပြဖူးလို့ သိထားတာလေ။ တော်ပါသေးရဲ့။

"ကိုယ်တို့လို သီချင်းရေးပါလား။ တစ်ပုဒ်ကို သိန်းချီရတာကွ"

မျက်စောင်းခဲလိုက်မိ၏။ လူကိုများ အနုပညာဝါသနာအိုးများ ထင်ရတယ်လို့၊ နောက်ထပ်တစ်ကြိမ် တွေ့ရတာနဲ့ မထင်





မှတ်ဘဲ လိမ်ညာမှုတစ်ခုကို သူမလုပ်မိချေပြီ။ ဖြူ ခွင့်လွှတ်ပေးနိုင်ပါ့မလား။

"နောက်မှယူလေ, နော်"

"OK!... တစ်ခုခုလိုက်စားပါဦးလား"

"ဟင့်အင်း။ ဒီကိစ္စလုပ်စရာရှိသေးတဲ့ဟာ"

"ကောင်းပြီလေ၊ Dream မှာပဲ ဆုံကြတာပေါ့။ Bye"

သူက သူမလက်ထဲသို့ စာအိတ်ညိုကိုပြန်ပေးခဲ့ပြီး လက်ထောင်ပြကာ တေးသံသွင်းဆိုင်ကဲသို့ ဝင်သွားတော့၏။ ရင်မောလိုက်တာနော်။ သူ့အဖို့က ပေါ့ပေါ့ပါးပါးလေးဖြစ်ပေမယ့် သူမရင်ထဲမှာဖြင့် လေးလံလွန်းလှပါရဲ့။

စာပေတိုက်ထဲဝင်ခဲ့စဉ် မန်နေဂျာမမက သူမကိုပြုံးပြလိုက်လေ၏။ ဒီကို တစ်ခါမှမရောက်ဖူးသေးတာမို့ သူမအတွက် အစိမ်းသက်သက်ဖြစ်နေတာလေ။

"ဘာကိစ္စရှိလို့လဲမသိဘူး"

"ဟိုလေ၊ စာမူလာအပ်တာပါ"

"ဩော်. . .ကလောင်သစ်လား"

"မဟုတ်ဘူး မမ၊ သမီးသူငယ်ချင်းက လျှောက်ပေးခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ လာပို့ပေးတာပါ"

"ဘယ်သူလဲကွယ်"

"ဖန်းကလေးပါ မမ"

"ဩော်၊ စကားဖြူကိုး၊ ဟုတ်တယ်၊ နောက်လထဲ သူ့ဝတ္ထုတိုထည့်ချင်လို့ မမတို့အယ်ဒီတာ စာမူမျှော်နေတာကွယ့်။ အတော်ပဲ၊ ဟော! ကဗျာတစ်ပုဒ်ပါ ထည့်ပေးလိုက်တာပါလား။ သမီးနာမည်က ဘယ်သူ"

"သုခေတ်စံပါ မမ"

"ကောင်းပြီ သုသုရေ၊ ဒီစာအုပ်ထဲမှာ လက်မှတ်ထိုးပေးသွားနော်။ ဘေးမှာ ကိုယ်စားလှိုဖြည့်ပေးသွား။ ဒါမှ မမတို့နောက်လအတွက် ကလောင်ရှင်ဘယ်နှဦးရဲ့ဝတ္ထုရွေးရမလဲ ရှာလို့ရမှာ"

မန်နေဂျာမမပြပေးသည့် လယ်ဂျာစာအုပ်ထဲမှာ ဖယားအတိုင်း ဖြည့်ရလေ၏။ စာပေအလုပ်ကလည်း အတော်ရှုပ်သကိုး။

"ဘယ်ရောက်သွားပြီလဲ"

"ဘယ်သူ့ကိုရှာတာလဲ"

"ခုန ဒီရှေ့မှာ ရပ်နေတဲ့ကောင်မလေးလေ၊ ဟော!





သူပဲ. . . သူပဲ"

အနားသို့ရောက်လာသည့် Camera man ကြောင့် သူမ အံ့ဩသွားရပါ၏။ ဘာထပ်ဖြစ်ရပြန်ပါလိမ့်နော်။

"အဆိုတော်မြင့်မိုရ်နဲ့ ရင်းနှီးတယ်မဟုတ်လား"

"ရှင်!"

"Cover story ရိုက်ချင်လို့ ကျွန်တော်တို့နဲ့ မိတ်ဆက်ပေးရမယ်နော်"

သူမပါးစပ်အဟောင်းသား ဖြစ်သွားရတော့၏။ အနုပညာသမားတွေ ထင်ပေါ်လာရင် ဘေးလူကိုပါ အရောင်လာဟပ်တတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဆေးရုံမှပြန်လာတာမို့ လူက ပင်ပန်းပြီး နုံးချိနေသည့် ယ်■ ကားကို ဆင်ဝင်အောက်မှာပင် ရပ်ထားခဲ့ပြီး အိမ်ထဲသို့ ခဲ့ပါ၏။ တစ်အိမ်လုံး တိတ်ဆိတ်ခြောက်ကပ်နေသည့်အိမ်က ငြင့်စဖွယ်တောင် မရှိပါလေ။

မာမီက ကုမ္ပဏီသွားပြီ။ အငယ်မက အခုချိန်လောက် ဆိုင်တကာစေ့ Shopping ထွက်နေလေမပေါ့။ သားကိုကြီး ယ်တာက အငယ်မအတွက် ဟန်ပြသက်သက်သာ။ ပြီးရင် ကိုအကြောင်းပြပြီး သူ့ဆီကနေ မုန့်ဖိုးတောင်းဦးမှာကိုး။

''ကိုကိုကြီး ထမင်းစားတော့မလားရှင့်''



www.burmeseclassic.com

www.burmeseclassic.com



"နေနေ မစိန်၊ ကျွန်တော်နားဦးမှာ။ ညနေကျ သားကို ဘယ်သူသွားကြိုမှာတဲ့လဲ"

"ကိုတင့်ကိုပဲ မမလေးက ကြိုခိုင်းထားပါတယ် ကိုကို ကြီး"

"ဟုတ်လား။ မောင်တင့်ကိုပြောလိုက်ပါ၊ လုပ်စရာရှိတာ ကိုပဲ လုပ်လို့၊ သားကို ကျွန်တော်ပဲ သွားကြိုလိုက်မယ်"

"ဟုတ်ကဲ့ပါရှင့်"

သူ လှေကားထစ်တွေကို နင်းတက်ခဲ့ပါ၏။ အရင် အိမ်ထောင်ကျစတုန်းက သူအိမ်ခွဲနေခဲ့တာပါ။ သူနှင့်ချယ်ရီတို့နေခဲ့သည့် ကွန်ဒိုကို ခုထိ ဒီတိုင်းထားထားတုန်းပါပဲ၊ သားကို ကိုယ်ဝန်စဆောင်ချိန်မှာမှ မာမီက တိုက်ခန်းနေတာ စိတ်မချဘူးဆိုပြီး အိမ်မှာခေါ်ထားခဲ့တာလေ။

နဂိုကတည်းက အားနည်းပြီး နှလုံးရောဂါရှိသည့် ချယ်ရီကို ကလေးမယူရန် သူပြောခဲ့ပေမယ့် သူ့အဖို့ သူသိပ်လိုချင်တဲ့သားကလေးကို အသက်နဲ့ရင်းပြီးမွေးခဲ့ကာ သူ့ကို ဒီဘဝမှာ ထားခဲ့သည့်ဇနီးသည်က အခုဆို လေးနှစ်ကျော်ပြီလေ။

နောက်ထပ်ရင်ခုန်သံ၊ နောက်ထပ်သံယောဇဉ်၊ နောက်





ထပ်ချစ်ခြင်းမျိုးမရှိစေရအောင် သူအတတ်နိုင်ဆုံး နေထိုင်နိုင်ခဲ့ပါ၏။ အချိန်ပိုင်းသာဆင်းရသည့်ဆေးရုံအတွင်းမှာပင် သူ့ကိုစိတ်ဝင်စားကြသည့် ဆရာဝန်မလှလှလေးတွေ၊ မာမီ့ဝန်းကျင်မှ စီးပွားရေးသမားတွေ၏ တော်စပ်သည့်အမျိုးသမီးတွေ၊ အသီးသီးအသက ရှိခဲ့ကြပေမယ့် သူ့ရဲ့နှလုံးသားကို တည်ငြိမ်အောင်ထိန်းထားနိုင်ခဲ့ပါသည်။

သားအတွက်၊ သားဖို့၊ သားရဲ့အနာဂတ်ဆိုပြီး သူ့ဘဝမှာ ရွေ့တန်းတင်ခဲ့သည့်အရာကို ဘယ်သူမှဝင်စွက်ဖက်လို့ မရခဲ့တာလေ။ သားနဲ့သူ့ကြားမှာ ဘယ်သူစိမ်းမှဝင်လာလို့မရအောင် သူချထားခဲ့သည့်စည်းမျဉ်းက တင်းကျပ်လှပါဘိ။

သားကိုမွေးမှပင် မာမီက မလုပ်စဖူးလုပ်သည့် Private School ကိုဆောက်ပြီး သား၏ကိုယ်ပိုင်ကျောင်းဖြစ်ရန် ပြင်ဆင်ခဲ့တာပင်။ သုံးနှစ်အရွယ် ကျောင်းတက်ခါစက ဘာဆိုဘာမှထူးထူးခြားခြားပြန်ပြောလေ့မရှိဘဲ ဒီနှစ် (သား လေးနှစ်) မှ အိမ်ပြန်လာတိုင်း ပြောလေ့ရှိပုံက ထူးခြားနေတာလေ။

"ဒီနေ့ တီချယ်က သားတို့ကို စင်ဒရဲလားလေးပုံပြင် ပြောပြတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒီနေ့ လေ့ရုပ်လေး လုပ်ရတယ်ဒက်ဒီ''

''ဒီနေ့ Colour တွေ စပ်နည်း တီချယ်သင်ပေးတယ် ဒက်ဒီ။ အဝါနဲ့အပြာကိုရောရင် အစိမ်းရောင်ရတယ်တဲ့''

''ဒီနေ့ သဘော်ရုပ် လုပ်ရတယ် ဒက်ဒီ''

''ရွှေမင်းသားလေးနဲ့ နဂါးကြီးပုံပြင်နဲ့ သားတို့အိပ်ရတယ်''

''စပျစ်နိုင်ပုံလေးတွေ ဆွဲရတယ် ဒက်ဒီ။ အရောင်ကို ခရမ်းရောင်ထည့်ရတယ်။ သစ်ရွက်က အစိမ်းရောင်လေး ဒက်ဒီရဲ့။ ဒီမှာကြည့်''

ညအိပ်ကာနီး ကုတင်ထက်မှာ သူ့ကိုပေါက်ပေါက်လျော် ပြောတတ်သလို ကျောပိုးအိတ်လေးထဲမှ ပုံဆွဲစာရွက်ကိုထုတ်ပြတတ်ပြီး ဒီနေ့ချိုးလာရသည့်စက္ကူရုပ်လေးတွေကလည်း ကတ်ထူပုံးထဲပင် ပြည့်ခါနီးဖြစ်နေပြီလေ။

ဒီနှစ်မှ ထူးထူးခြားခြား လူမှုရေးဆရာမတစ်ဦး ခန့်လိုက်တယ်ဆိုတာကို ကျောင်းအုပ်ကြီးပြောပေမယ့် သူသတိမထားမိပါ။ ကလေးတွေ ပုံမှန်အိပ်ပြီး ငြိမ်ငြိမ်သက်သက်ကစားကြတော လိမ္မာရေးခြားရှိလာကြပြီး အိမ်မှာ ဂျစ်တိုက်လေ့ရှိသည့်ကလေး





တွပင် အတော်လေးပြောင်းလဲလာကြသတဲ့။

ညအိပ်တိုင်း ဂျီကျတတ်သည့်သားပင် သူ့ကို 'ဒီနေ့ ချယ်ပြောပြတဲ့ပုံပြင်လေး ဒက်ဒီ့ကို သားပြောပြမယ်'ဟုဆိုကာ ကြီးကို ပုံပြန်ပြောပြီးသိပ်သည့်ကလေး ဖြစ်နေပြီလေ။ ဘယ် ရာမကိုများ သားခင်တွယ်နေပါလိမ့်ဟု သေချာသလောက် သယရှိလာမှ သားကိုကျောင်းပို့သည့်အလုပ်ကို သူလုပ်ခဲ့တာ

ကြည့်ပါဦး။ ဟိုတလောလေးကမှ သားရဲ့တီချယ်ကို တွေ့ခဲ့ရတာပါ။ ဝမ်းသာအားရပြေးဖက်လိုက်သည့် သားရဲ့တွယ်မှု သားကိုပြန်ထွေးဖက်လိုက်သည့် ဆရာမလေး၏သံယော အပြုံးနုနုတွေ၊ ဘယ်လိုကြောင့် ဘယ့်နှယ် ဒီဆရာမလေးကို သားခင်တွယ်ခဲ့ရပါသလဲ။

'စကားဖြူ'တဲ့၊ တကယ့်ကို စကားပန်းလေးလို ဖြူဖြူ သိမ်သိမ်မွေ့မွေ့လှပတဲ့ သူလေးပါပင်။ မျက်နှာထက်မှာ သည့်အထောက်အကူ အလှအပအရောင်မျိုးကိုမှ ခြယ်သ ခြင်းမရှိဘဲ သနပ်ခါးရေကျဲကို ခပ်မှန်မှန်လေး လူးထားတာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူမခေါင်းလျှော်ခဲ့သည်ထင့်။ ဆံပင်တွေကို ခပ်ဖွဖွလေး စည်းနှောင်ထားတာမို့ Shampoo နံ့သင်းသင်းလေးက သူ့ထံကို လေနှင့်အတူ မျောပါလာတာလေ။

သူရပ်နေတာကို တစ်စက်ကလေးမှ မသိသလို တစ်ချက်မှမကြည့်ဘဲ သားကိုသာ ဂရုတစိုက်ဖြင့်စကားပြောနေပုံက မိခင်က သားကို မေတ္တာအပြည့်ဖြင့် ပြောနေသည့်နှယ် ဝန်းကျင်ရှိလူတွေကို ပြသစေတာပါ။

ပြီးမှမတ်တပ်ရပ်ကာ သူ့ထံရောက်လာသည့် ကြည်လဲ့လဲ့မျက်ဝန်းနက်တစ်စုံ။ အဘယ်မျှအေးချမ်းသည့်အလှပါလဲ။ သူ့ဘဝမှာ ချယ်ရီကိုအလှဆုံးလို့မြင်ခဲ့သမျှက တစ်ခဏချင်း ဖျက်ရမလိုနှယ် ဖြစ်သွားရတာပင်။

စကားပြောသံက တိုးသဲ့သဲ့။ ရှည်လျားကော့ပျံသည့် မျက်တောင်တို့က အနက်ရောင်မျက်ဝန်းကို ဖုံးကွယ်မျက်လွှာချဟန်က လူကို အသည်းတယားယားဖြစ်စေတာအမှန်ပါ။ အရပ်အမောင်းရော ကိုယ်ဟန်နွဲ့နွဲ့ကပါ လုယဉ်ကျေးမယ်လေးနှယ် အများထဲ ထင်သာမြင်သာရှိစေတာလေ။

သူ့ရင်ထဲ တစ်မျိုးတစ်မည်ဖြစ်သွားရသည်အထိ စိတ်





ကို ပြောင်းလဲစေသည့်မိန်းကလေးကို ဒီကမ္ဘာမှာ မရှိဘူးထင်ခဲ့သည့်ယုံကြည်ချက်ကို ဖျက်သိမ်းစေခဲ့ပါပြီ 'စကားဖြူ'။

ကိုယ်. . . မင်းကို. . . မြင်မြင်ချင်း စိတ်ဝင်စားခဲ့မိတာအမှန်ပါလေ။

မေးခနဲ အိပ်မောကျသွားပြီး နာရီမှ Alum ပေးသံထွက်မှ ဖျတ်ခနဲနိုးသွားရလေ၏။ ညနေ (၃)နာရီခွဲကို အချိန်ပေးထားတာကိုး။ ပြန်ရောက်ရောက်ချင်း ရေချိုးပြီးမှ နားတာမို့ ရေထပ်မချိုးဖြစ်တော့ဘဲ မျက်နှာသစ် ကိုယ်လက်သန့်စင်လိုက်ပါ၏။

ခပ်တိုတိုညှပ်ထားသည့်ဆံပင်ကို ဖြီးရင်း More Than I Can Say. သံစဉ်ကို လေချွန်ရင်း ညည်းလိုက်မိသည်။ မဆွတ်ဘဲ သိမ်းထားဖြစ်သည့်ရေမွှေးဘူးကိုယူကာ အင်္ကျီကော်လံအနီးဆွတ်ရင်း ပြုံးမိပြန်လေ၏။ မာမီသာသိရင် သူ့ကိုအထူးအဆန်းဖြစ်မှာအမှန်လေ။

"မစိန်"

"ရှင်, ကိုကိုကြီး"

"ကျွန်တော်, သားကိုသွားကြိုဦးမယ်"

"ဟင်! ထမင်းမစားရသေးဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာမှပဲ သားနဲ့အတူတူစားမယ်ဗျာ။ မာမီမေးရင် ပြောပြလိုက်ဦး။ သွားပြီ"

ကားသော့ကို ဆတ်ခနဲမြှောက်ကာ ပြန်ဖမ်းလိုက်ပြီးမှ အိမ်ထဲမှထွက်လိုက်ပါ၏။ ကားပေါ်တက်ကာ စက်နှိုးပြီး ခြံထဲမှ ထွက်ခဲ့စဉ် အတွေးထဲမှာ Plan က ဝင်လာလေသည်။

သားကို လာမယ့်နှစ် မူလတန်း စထားရတော့မှာ။ ဒီတော့ သားဖို့ Home Tution ဆရာမ လိုပြီလေ။ Let's go မိုးစက်တင်။ စကားဖြူကို အိမ်မှာကျူရှင်ခေါ်ရင် သူ့အတွက် ဇာတ်လမ်းတစ်ပုဒ် ဆက်ရေးနိုင်ပြီကိုး။

ကျောင်းရှေ့မလှမ်းမကမ်းမှာ မူကြိုကျောင်းကားတွေ စီရပ်ထားတာမို့ သူ့ကားကို ကျောင်းဝင်းကျော်ကျော်မှာ ရပ်လိုက်ရပါ၏။ လေးနာရီမထိုးသေးတာမို့ သူ စောင့်နေရမည့်အတူတူ ကျောင်းထဲသို့ဝင်ရန် ဆုံးဖြတ်လိုက်လေသည်။

"ဒေါက်တာ"

"သားကိုလာကြိုရင်း ခဏဝင်မလို့ပါ ဦးလေး။ ရပါတယ်၊ တံခါးအသေးလေးကပဲ ဝင်မယ်"

ဝင်းတံခါးဖွင့်ရန်ပြင်လိုက်သည့် ဦးလေးကြီးကို တား





လိုက်ပြီး ဘေးတံခါးကိုတွန်းဖွင့်ကာ ဝင်လာခဲ့၏။ ကလေးသံတွေ ညံနေတာမို့ စာသင်ချိန်မဟုတ်တော့မှန်း သိလိုက်ပါသည်။ သား စာသင်နေကျအခန်းတွင်းမှာ တစ်ယောက်မှမရှိမှန်း သိလိုက်တာမို့ အပေါ်ထပ် Hall ခန်းကို သူတက်လိုက်ရလေ၏။

Hall ထဲမှာ ကလေးအတော်များများရှိနေပြီး ပန်းချီသင်ချိန်ထင့်၊ ကြိုးကြိုးစားစားဆွဲနေကြလေ၏။ ဘာပုံများ ဆွဲနေကြတာပါလိမ့်နော်။ တခြားဆရာမတွေရော ဝန်ထမ်းတွေပါ ကလေးတွေဆွဲနေတာကို လိုက်ကြည့်ပြီး ရယ်နေကြတာကိုး။

သားရော... မိုးသက်တံက ဘယ်မှာလဲ။

ရှေ့ဆုံးစားပွဲခုံမှာ စာရွက်ကိုင်ကာ ခေါင်းငုံ့ထားသည့် သူ့သားကို ခေါင်းပွတ်ချော့နေသူက စကားဖြူရယ်လေ။ ဒီနေ့ကတော့ သူမဆံပင်ကို ကျစ်ဆံမြီးကျစ်ထားတာမို့ ပိုပြီးသေသပ်သပ်ရပ်လိုက်တာ မပြောပါနှင့်။

သားကိုတီးတိုးချော့ပြောရင်း ပါးပြင်ကိုသုတ်ပေးလိုက်တာမို့ သူအံ့ဩသွားပါ၏။ အလို! သားတော်မောင် မငိုစဖူး အငိုထူးနေပါလား။ သားက သူမကိုဖက်တွယ်လျက် ရင်ခွင်ထဲ တိုးဝင်သွားပါရောလေ။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်တိတ်. . . ကျွတ်! ကျွတ်! မငိုပါနဲ့တော့ သားရယ်"

ချော့မြှူသံတိုးသဲ့သဲ့ ထွက်လာစဉ် သူမတို့ရှိရာဆီ သူ ဖြည်းဖြည်းဝင်လာမိတော့၏။ တခြားကလေးတွေက ပုံဆွဲပြီးလို့ အရောင်ပင် ခြယ်နေကြပြီလေ။

"သား. . . မိုးသက်တံ"

"ဟင်!"

သားကလှည့်မကြည့်ပါဘဲ သူမက ခေါင်းမော့ကာ သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်လေ၏။ အလို! သူမမျက်ဝန်းတွေ စိုရွှဲလျက် ပြည့်အိုင်နေတာပါလား။

"ဘာဖြစ်လို့လဲ စကားဖြူ"

"ဟိုလေ၊ ကျွန်မ. . . ကျွန်မက ကလေးတွေကို မိသားစု ပုံဆွဲခိုင်းလိုက်မိတာ. . . အဲဒါ"

ငိုသံထွက်လာတာမို့ စကားဆက်မပြောဘဲ အသံတိတ်သွားလေ၏။ သူချက်ချင်းသဘောပေါက်သွားရပါသည်။ လက်စသတ်တော့ ဒီလိုကိုး။ မိသားစုပုံဆွဲခိုင်းမှတော့ မိခင်မရှိတော့သည့်သားက မဆွဲနိုင်ဘဲ ငိုပြီပေါ့။ ဒီဆရာမလေးကလည်း မိဘ





တွေမရှိတော့တာမို့ သားနဲ့အတူ မျက်ရည်ဝဲဖြစ်ပြီလေ။

"သားကိုလာကြိုတာပါလား ဒေါက်တာ"

"ဟုတ်ပါတယ် ဆရာမ"

"ဒါဆိုလည်း ပြန်ထည့်လိုက်လေ ဖြူ၊ ကျောင်းလည်း ဆင်းတော့မှာပဲဟာ"

ဘေးနားရောက်လာသည့်ဆရာမက ဝင်ပြောပေးတာမို့ သူက သားကိုပွေ့ချီရန်ပြင်လိုက်ပါ၏။ သားက သူခေါ်တာကို လိုက်သည့်အပြင် ဆရာမဖြစ်သူကို ပို၍တင်းကျပ်စွာ ဖက်တွယ်လိုက်တာမို့ သူမျက်လုံးပြူးသွားရပါ၏။ မိုးသက်တံ ဂျစ်ရင် အဲဒီလိုခွာမရအောင် ဘွားအေဖြစ်သူကို ဖက်တွယ်တတ်သည်လေ။

"သား"

"အင့်. . . ဟင့်ဟင့်"

"နေနေ. . . ကျွန်မပဲ ချီခဲ့ပါ့မယ် ဒေါက်တာ"

သူ သက်မောတစ်ချက်ရှိုက်လျက် သားပစ္စည်းတွေကို ကောက်သိမ်းပြီး ကျောပိုးအိတ်ကိုကိုင်လျက် ကျောင်းခန်းမှထွက် အောက်ထပ်ဆင်းပြီး ကားရှိရာဆီ ထွက်လာခဲ့ရတော့သည်။ ဖြစ်သူကို စိတ်ကောက်တဲ့အခါ၊ အစာလည်းမစား၊ စကား



www.burmeseclassic.com

www.burmeseclassic.com



လည်းမပြောသည့် သားတော်မောင်တစ်ယောက် ဒီတစ်ခါထော ဘာအကြောင်းပြုပြီး ကောက်ပြန်ပါလိမ့်နော်။

သား၏ကျိတ်ရှိုက်သံက သူ့နှလုံးသားကို ကျစ်ကျစ် အောင် ဆုပ်ညှစ်ထားသည့်နှယ်ပါလော။

ဇ ဇ ဇ



## အခန်း (၇)

"တီချယ့်ကိုခေါ်ပေး!"

"ဟဲ့! နင့်ဆရာမက ကျောင်းမှာပဲရှိမှာပေါ့။ အိမ်ကိုဘယ် ဆိုခေါ်လို့ရပါ့မလဲ။ သားသားနော်. . . အလိုလိုက်မှန်းသိလို့ သိပ် ဆိုးနဲ့"

"သိဘူး. . . တီချယ်ဆို ပုံပြောသိပ်တာ။ တီတီက ပုံမှ မပြောဘဲနဲ့။ အိပ်ဘူး"

"တောက်! မိုးသက်တံနော်"

အိပ်ခန်းဆီမှ တူအရီးနှစ်ယောက်၏ တစ်ယောက်တစ် ခါက်အော်သံက Duty ပြန်လာသည့် သူ့ရင်ကို အပူဟပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သလိုနှယ်။ အလိုလေးနော်၊ ကျောင်းလေးနှစ်ရက်ပိတ်ပါတယ်၊ တီချယ်နဲ့မတွေ့ရတာကို သောင်းကျန်းပြနေပါရောလား။

"သားသားကလည်းကွာ"

"တီတီကလည်း"

"နင့်ဒက်ဒီပြန်လာတော့မှ မုန့်ကြိမ်လုံး စားရတော့မယ် ကောင်လေးရဲ့"

"အီး. . . ဘွားနဲ့တိုင်မယ်"

"အေး. . . တဆိတ်ရှိ အဲဒီ Queen နဲ့ပဲ ငါတို့ကို ခြိမ်းခြောက်၊ သိလား။ ဂျင်ပေါက ထုံးကလေး"

ညီမဖြစ်သူ စပယ်တင်၏ပြောသံကြောင့် စိတ်ညစ်သွားသည့်ကြားမှ သူပြုံးလိုက်မိ၏။ နဂိုက အိမ်မှာ အငယ်ဆုံးမို့ ဂျစ်ခဲ့သည့်ညီမတော့ တူတော်မောင်ဝဠ်ကို ကောင်းကောင်းလည်ပြီကော။

"ဆေးလည်းသောက်ထားတာ နေ့ခင်းကတည်းက၊ ခုထိမအိပ်သေးဘူး။ နင်ဘယ်လိုဟာလေးလဲဟဲ့"

သူတံခါးဖွင့်လိုက်စဉ် သားက သူ့ကိုမြင်သွားပြီး တစ်ဖက်သို့ မျက်နှာလွှဲလိုက်လေ၏။ ပုံစံကတော့ မိုးစက်တင် အငယ်





စားလေးပါပဲလား။

"ဘယ်သူဖျားနေတာလဲဟေ့"

"ဒီမှာလေ၊ ကိုကိုသား မနက်က ကိုယ်နည်းနည်းနွေးနေတာနဲ့ မာမီ ဆေးတိုက်ထားတာ။ ခုထိ တစ်ရေးမှမအိပ်သေးဘူး"

"မာမီရော"

"စိန်တွေရောက်ပြီပြောလို့ သွားကြည့်လေရဲ့၊ အန်တီနှစ်အိမ်မှာ"

ဟိုတစ်နေ့က ဆရာမကို အိမ်အထိလိုက်ပို့ခိုင်းပါလျက် သူမခေါ်လာလို့ဆိုပြီး ကောက်တဲ့ပြသနာက အခုတော့ ကိုယ်ဘဲ့အထိဖြစ်ပြီကိုး။ သားနဖူးလေးကို သူပါးကပ်လျက် စမ်းတော့ သားက မသိမသာရုန်းလိုက်လေ၏။ လုပ်ထား မိုးသက်တံရွေ။

"ဘာဖြစ်နေလဲ My son..."

"သားမအိပ်ချင်ပါဘူးဆိုတာကို တီတီက အတင်းသိပ်နေတာပဲ"

စကားတော့ ပြောသားပါလား။ ထူးပါပေ့။ ဒါဆိုရှင်တော့ ကောင်လေးမှာ ဘာအကြံညာဏ်တစ်ခုခု ရှိမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသောက်ပြီး အိပ်မပျော်ရင် သားခေါင်းကိုက်မှာ စိုးလို့ တီတီက ပြောနေတာလေ သားရာ"

"သိဘူး၊ တီချယ့်ကိုပဲ တွေ့ချင်တယ်"

"အခု ည (၉)နာရီကျော်နေပြီ သားရဲ့၊ သားတီချယ် ဘယ်မှာနေလဲမှ ဒက်ဒီမသိတာ။ ညဘက်ကြီး တီချယ်က ဘယ်လာမှာလဲ။ မဖြစ်နိုင်တာ မဂျစ်စမ်းနဲ့ မိုးသက်တဲ"

သားက သူပြောတာကိုကောက်ပြီး ခေါင်းအုံးပေါ် မျက်နှာမှောက်အိပ်လိုက်လေ၏။ လာပြီ. . . ဂျီကျပြီး ကျိတ်ငိုတဲ့ပုံစံ သူငယ်စဉ်ကနဲ့ တစ်ထပ်တည်းကို တူနေတာလေ။

"တွေ့လား၊ ကိုကို့သား လုပ်ပုံ။ တင်ပါးကို တချောင်းချောင်းနဲ့သာ ဆော်လိုက်ချင်ပြီ။ တကတည်း ကောက်ချိတ်"

"အီး. . . ဟီးဟီး. . . တီချယ်ရေ့"

"ငါထုမိတော့မယ်နော်, ကောင်လေး၊ နင့်မိထွေးမို့လို့"

"စပယ်"

ညီမဖြစ်သူက သူဟောက်လိုက်တာမို့ စကားဆက်မပြောတော့ဘဲ နှုတ်ပိတ်လိုက်လေ၏။ 'မိထွေးမို့ အားမကိုးနဲ့' လို့ပြောမှာကို သူကြိုသိနေတာလေ။





"ကလေးနားမကြားသာတဲ့စကားမျိုး မပြောပါနဲ့ဆိုတာ ငါ ဘယ်နှခါပြောရမလဲ"

"တော်ပြီ၊ ကိုကို့သားကို ကိုကိုပဲ ကြည့်ပြောတော့။ စပယ်မောလှပြီ။ သွားတော့မယ်"

စပယ်တင် ဆောင့်ကြီးအောင့်ကြီးဖြင့် ထထွက်သွားတော့လေ၏။ သူ ကုတင်ပေါ်ထိုင်ကာ သားကျောကုန်းလေးကို အသာပွတ်ပေးလိုက်ပါသည်။ နေမကောင်းဖြစ်တဲ့အချိန်မျိုးမှာ မိခင်ရင်ခွင်ကို တောင့်တတတ်တာ ရင်သွေးငယ်တို့ရဲ့သဘာဝပါလေ။

"သား"

"..."

"ဒက်ဒီခေါ်နေတာ ကြည့်ဦးလေကွာ၊ သားက လိမ္မာပါတယ်"

"တီတီက သားကိုဆိုးတယ်တဲ့"

'ဒက်ဒီသားက မဆိုးပါဘူး၊ ဆိုးတာက တီတီပဲဖြစ်မှာ။ ထပါဦး သားရဲ့၊ ဘာစားထားလဲ"

"ဘာမှစားချင်ဘူး၊ တီချယ်နဲ့ပဲတွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တီချယ်နဲ့က Monday တွေ့ရမှာပေါ့ သားရာ။ ခုမှ Saturday ရှိသေးတာကို"

"သိဘူး။ တီချယ်နဲ့ပဲတွေ့ချင်တယ်။ တီချယ့်ကိုခေါ်ပေး"

"သားကကွာ"

"တီချယ့်ကိုခေါ်မပေးရင် ဒက်ဒီ့ကို သားမခေါ်တော့ဘူး"

အားပါးပါး! အကြွပ်ကိုင်တဲ့နည်းက တယ်ကြမ်းနေပါလား။ သူ့သားကတော့ သူ့ကိုအနိုင်ပိုင်းတဲ့နေရာမှာ ပိုတော်နေတာလေ။

"တီချယ့်လိပ်စာ သားသိလို့လား"

"သိဘူး"

"ဒါဖြင့် Phone နံပါတ်ရော"

"သိဘူးဆို"

"ဒါဖြင့် ဒက်ဒီက သားတီချယ့်ကို ဘယ်လိုဆက်သွယ်ရမှာလဲ သားရဲ"

"သိဘူးကွာ၊ တီချယ့်ကိုခေါ်ပေး"

"ဂျစ်တူးပဲကွာ"

"သားက ဂျစ်တူးဆို ဒက်ဒီက ဂျစ်ဝမ်း"





"ကောင်းရော"

သူရယ်လိုက်မိ၏။ ကျောင်းအုပ်ကြီးဆီ Phone ဆက်မေးရင်တော့ စကားဖြူရဲ့လိပ်စာ သိနိုင်ပါရဲ့။ Hand Phone ကို ထုတ်ယူလိုက်ပြီး နံပါတ်တွေကို နှိပ်လိုက်ပါသည်။ ညမိုးချုပ်တောင်မှ ကျောင်းအုပ်ကြီးကို အပူကပ်ရဦးမှာကိုး။

"ဟယ်လို"

"Teacher Rosi နဲ့ပြောချင်လို့ပါ"

"ခဏလေးနော်၊ မာမီရေ့ Phone"

"လာပြီ. . . လာပြီ. . . ဟဲလို"

"Teacher, ကျွန်တော်ပါ မိုးစက်"

"ဪ. . . ပြောပါ ဒေါက်တာ"

"ဆရာမဒေါ်စကားဖြူရဲ့ Address သိချင်လို့ပါခင်ဗျာ"

"စကားဖြူရဲ့လိပ်စာ! ညဘက်ကြီးပါလား ဒေါက်တာရဲ့"

"ဟုတ်ထယ် Teacher ရေ့၊ ဒီမှာ သားက ဖျားတာနဲ့ နည်းနည်းဂျီကျနေလို့။ ဆရာမကို ညဘက်ခေါ်လို့မရပေမယ့် Phone ရော ဆက်လို့ဖြစ်မလား စုံစမ်းကြည့်တာပါ"

"သူ့အားခန်းက Phone နံပါတ်တော့ ရှိပါတယ် ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာ။ ခဏလေး, ကျွန်မ ရှာပေးမယ်''

Phone ချသွားစဉ် သူ သားဓာ်နားအနီးမှာ တီးတိုးပြော လိုက်ပါ၏။

''တီချယ်က ညဘက်လာမှာမဟုတ်ဘူးနော်။ တီချယ့် အသံကိုကြားရရင် ဖြစ်တယ်မဟုတ်လား''

ဆတ်ခနဲခေါင်းမတ်သွားလေ၏။ အနားသိရင် ဆေးတော ရှိရမှာလေ။

''တကယ် Phone ခေါ်ပေးမှာနော်''

''ဒါပေါ့''

''ပြီးရော''

ကျောင်းအုပ်ကြီးပြောသည့်နံပါတ်ကို ရေးမှတ်လိုက်ပြ သူ Phone ထပ်ခေါ်လိုက်ပါသည်။ ဘုရားသိကြားမလို့ စကာ ဖြူ မအိပ်သေးပါနဲ့ဦး။

''ဟယ်လို''

''ဟယ်လို့, ဘေးအခန်းက ဆရာမစကားဖြူနဲ့ပြောချ လို့ ခေါ်ပေးနိုင်မလားခင်ဗျာ။ ကျေးဇူးပြု၍''

''ဩော်, ရပါတယ်၊ ခဏလေးစောင့်ပါရှင်။ ဘယ်သ





လို့ပြောပေးရမလဲ''

''မိုးသက်တံရဲ့ဒက်ဒီလို့ပြောပေးပါ၊ ကျေးဇူးပါပဲ''

သားက သူ့ဘေးမှာထိုင်ပြီး စောင့်စားနေလေ၏။ နေ မကောင်းဖြစ်တုန်းမို့ လျှော့ပေးလိုက်တာ မိုးသက်တံရေ့။ နို့မို့ ဆို ဘယ်သူပိုခေါင်းမာသလဲဆိုပြီး စိန်ခေါ်မှာလေ။

ခဏအကြာမှာ ခုံရွှေ့သံကြားရပြီး Phone ကိုကိုင်သံ ကြားလိုက်ရလေ၏။ စကားဖြူပဲ ထင်ပါရဲ့။

''ဟဲလို''

''စကားဖြူလား''

''ဟုတ်ပါတယ် ဒေါက်တာ၊ သားလေး ဘာဖြစ်လို့လဲ၊ တစ်ခုခုဖြစ်လို့လား''

''အင်း. . . မနက်က ကိုယ်နည်းနည်းနွေးလို့ အဲဒါဆေး တိုက်ထားတယ်''

'ဟုတ်လား''

''အဲဒါ တစ်နေ့လုံး တစ်ရေးမှမအိပ်ဘဲ ဂျီကျနေလို့''

''ဖြစ်ရလေ''

''အခု ညလည်းရောက်ရော သူ့အဒေါ်ကို ပုံပြောမယ်သိပ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုပြီး ဂျစ်တိုက်နေတာ။ နောက်ဆုံးတော့ စကားဖြူနဲ့တွေ့ချင်လို့တဲ့''

အသံတိတ်သွားပါ၏။ အလို! ညဘက်ကြီး အိမ်ခေါ်ဟယ်ဆိုပြီး တစ်မျိုးများ ထင်သွားပြီလား။ သူ့ကိုအထင်အမြင်သေးမှာကိုတော့ သူကြောက်နေပါသည်လေ။

''ဟယ်လို, စကားဖြူ''

''ပြောပါ ဒေါက်တာ''

''အသံတိတ်သွားလို့ Phone များ ချသွားပြီလားလို့ပါ။ ကျွန်တော်အကူအညီတောင်းပါရစေ စကားဖြူ။ သားဆီမလာနိုင်မှန်းသိလို့ Phone ထဲကပဲဖြစ်ဖြစ် နှစ်သိမ့်စကားလေးတစ်ခွန်းလောက် ပြောပေးနိုင်မလားလို့ပါ''

''ဩော်. . . ရပါတယ်ရှင်''

''ဒါဆို ခဏလေးနော်၊ သားဆီ Phone ပေးလိုက်မယ်''

သားက သူ့ Phone ကို လှမ်းယူလိုက်ပြီး သူ့ပေါင်ပေါ်မှာ တက်ထိုင်လိုက်လေ၏။ ဆေးကြိမ်လုံးအစွမ်းက တယ်ထက်လှချည်လား။





''ဟယ်လို! တီချယ်လား''

''သားက လီမွာပါတယ်၊ တီတီက ဆိုးတာ''

''သားကို တုတ်နဲ့ရိုက်မယ်လို့ပြောတယ်''

''ဘွားနဲ့တိုင်မှာပေါ့''

''ဒက်ဒီလား၊ မရိုက်ပါဘူး''

''ဟင့်အင်း. . . ထမင်းမစားချင်ဘူး၊ နွားနို့ပဲသောက်ထားတယ်။ အင်း. . . ပူတင်းနဲ့စားတာ''

အံမယ်! ခုတော့လည်း မျက်နှာက ပျားရည်သောက်ရတဲ့ POOH မျက်နှာလို ပြုံးချိုနေတာပါပဲလား။ သဘောတကျဖြင့် ရယ်ပင်ရယ်နေလိုက်သေးတာလေ။

''ရှိခိုးပါတယ်၊ ဒက်ဒီ့ကိုလည်း ရှိခိုးပြီးမှအိပ်တာ။ အင်း, သားနားထောင်ပါတယ်။ ဟုတ်ကဲ့. . . See you next Monday, Teacher. Good night. ပြွတ်''

အံမာ! သူ့ Phone ကိုပင် Kiss ပေးလိုက်သေးတာပါလား။ ဒီကောင်တော့ အတတ်လွန်နေလေပြီ။ သူ သားကိုတင်းကျပ်စွာဖက်ထားလိုက်ပြီး ငုံ့မွှေးမိလိုက်တော့၏။ သား အိပ်ပျော်နိုင်ပါစေ။

၈ ၈ ၈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ငါတို့တွဲနေကြပြီ"

ဆန်ဆေးပြီး ထမင်းအိုးကို ရေစင်အောင်သုတ်ကာ ပေါင်းအိုးထဲထည့်၊ ခလုတ်နှိပ်လိုက်စဉ် ကြားလိုက်ရသည့်စကားကြောင့် အံ့ဩသွားမိပါ၏။ စံကိုလှည့်ကြည့်လိုက်မိတော့ ပေါ့ပေါ့ပါးပါးလေးပြုံးပြီး ပခုံးပင်တွန့်ပြလိုက်သေးတာလေ။

"ဘယ်သူနဲ့လဲ"

"မြင့်မိုရ်"

"မြန်လိုက်တာ၊ တွေ့တာဖြင့် မကြာသေးဘူး"

"IT ခေတ်မှာ ခြေလှမ်းသွက်သွက်ပေါ့ဟယ်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကင်ပွန်းချဉ်ရွက်ကို ရေဆေးကာ ဇကာထဲထည့်၍ ခြွေလိုက်ပါသည်။ စံက လက်သည်းရှည်ကို တံစည်းနှင့်တိုက်ရင်း အနီးမှာ ဝင်ထိုင်လိုက်လေ၏။

"သူဘယ်တုန်းက ဖွင့်ပြောလိုက်တာလဲ"

"ဟင့်အင်း. . .အဲဒီလိုကြီးတွဲနေတာမဟုတ်ဘူး။ ဒီလိုပဲ ထူးထူးခြားခြားပုံစံပြနေလို့သိတာ"

"ဘာပုံစံလဲ"

"ငါတို့ဆိုင်ကို ခါတိုင်း သူငယ်ချင်းတွေနဲ့လာနေကျကနေ တစ်ယောက်တည်းလာတတ်တာမျိုး၊ ပြီးတော့ ခါတိုင်း မနက်ပိုင်း လာပေမယ့် အခုဆို ညနေမိုးချုပ်ခါနီးမှလာပြီး အကြာကြီး ထိုင်တတ်တာမျိုးလေ"

"တိုးတက်ဦးမယ်ပုံပဲ"

"သူဖွင့်ပြောဖို့က 85% လောက် သေချာနေပါပြီ မြို့ရဲ့"

သူမပြုံးလိုက်မိတော့၏။ တိုက်ဆိုင်တာမျိုးလည်း ဖြစ်နိုင်ချေရှိတာလေ။ သို့သော် တစ်နေ့တစ်နေ့ နားမဆန့်အောင် ကြားနေရသည့် မြင့်မိုရ်ဆိုတဲ့စကားလုံးတွေက ရေတွက်မရနိုင်





သည်ပဲ။ အဲဒီမြင့်မိုရ်အပေါ်မှာ စံ အတော်လေး တွယ်တာနေမိပြီလေ။

"မဆွတ်ခင်က ညွတ်ချင်နေပြီပေါ့လေ"

"ဟင်းဟင်း. : . ငါသူ့ကို ခေါင်းညိတ်လိုက်ရင် နင်စိတ်မဆိုးလောက်ပါဘူးနော်"

"ဘာဆိုင်လို့လဲ"

"သိဘူးလေ၊ တော်ကြာ OFF ရက်ရတိုင်း နင်ခိုင်းထားတာ မလုပ်ဖြစ်ဘဲ သူနဲ့ချည်း Date လုပ်နေရင် နင်စိတ်ဆိုးမလားလို့ပါ"

ကျစ်! ဒီလောက်သတိထားလုပ်နေတာတောင်မှ ကင်ပွန်းရိုးစူးက လက်ထိပ်ကို ဖောက်သွားတာပါလား။ လက်ကို ဆေးစင်မှာ ရေလောင်းချကာ သွေးကုန်အောင် (သွေးတိတ်သည်အထိ) အသာညှစ်ချလိုက်မိပါသည်။

"ဘာဝိုင်းလုပ်ပေးရဦးမလဲ"

"ရပါတယ်"

ရှားရှားပါးပါး စံ OFF ရက်က Sunday နှင့်လာတိုက်တာမို့ ဒီနေ့သူငယ်ချင်းနှစ်ယောက် အတူရှိနေကြတာပင်။ ထော်



www.burmeseclassic.com

www.burmeseclassic.com



မနက်လုံး လျှော်ဖွတ်၊ အိမ်ရှင်း၊ ဆေးကြောလုပ်နေရတာ မော လိုက်တာမပြောပါနှင့်။ ညနေစာချက်ရန် ပြင်ဆင်နေချိန်မှာ အိမ် ရာမှထလာသည့်စံက မီးဖိုခန်းမှာ စကားလာပြောနေတာကို။

"ဘာချက်မှာလဲ"

"ငါးကလေးအိုးကပ်ချက်ပြီး ကင်ပွန်းချဉ်ရွက်ကို ပုဇွန် ကျော်ကလေးနဲ့ ဟင်းချိုပါပါလေး ချက်ပေးမလို့။ ဟင်းနုနွယ်ရွက် ကြော်ဖို့ သင်ထားပြီးပြီ"

"လာပြန်ပြီ ဒီအရွက်"

"ဒါဆို ကင်ပွန်းရွက်စားချင်လို့လား"

"နေပါစေ၊ ဖြူချက်မယ့်ဟာပဲ စားပါတော့မယ်"

အစားအသောက်အင်မတန်ဇျေးများလှသည့် စံနှင့် ဟို အဆိုတော်ကောင်လေးတော့ မည်သို့ခရီးဆက်မည်မသိပါလေ။ သူမကတော့ အတူနေသူငယ်ချင်းမို့ အတော်သည်းခံနိုင်တာပဲ မဟုတ်လား။

"ဖြူ"

"ဟင်. . . ဘာလဲ"

"ဖြူ့မှာရော ချစ်ရမယ့်သူ မရှိဘူးလား"





မေးခွန်းက ရိုးစင်းပေမယ့် ထိရောက်မှုရှိပါ၏။ ဟင်းချို အိုးဆူလာတာကို လက်ခုမကိုင်ဘဲ အဖုံးကိုဖွင့်စဉ် လက်ပူသွားရ လေ၏။ ကျွတ်! ပြဿနာပဲ၊ ဒီညနေ အနာတရဖြစ်တာ နှစ်ကြိမ် ရှိပြီလေ။

"ဟင့်အင်း"

"ဟုတ်လို့လား၊ ဖြူ့ပုံစံလေးက ချစ်ဖို့ဒီလောက်ကောင်း တဲ့ဟာကို။ နယ်မှာတော့ ကြိုက်ခဲ့တဲ့လူတွေ ဝိုင်းဝိုင်းလည်ခဲ့တာ ရှိတယ်မဟုတ်လား။ ဝန်ခံလိုက်ပါကွယ်"

ကင်ပွန်းချဉ်ရွက်ခတ်တာ၊ ကြက်သားမှုန့် ဆား၊ ပုဇွန် သုပ်ထားတာထည့်တာတို့ကိုဂရုစိုက်ရင်း၊ အာရုံကို စုစည်းရလေ ၏။ ချစ်သူဆိုသည်နှင့် ဒီမျက်နှာမှုန်ကုပ်ကုပ်လေးကို ကွက်ခနဲ မြင်မိတတ်တာပါလေ။

ကြာတော့လည်း လွမ်းဖို့တောင် မေ့နေခဲ့တာ အမှန်ပါ မောင်' ရယ်. . .

"ပေါက်ပေါက်ရှာရှာ"

"တကယ်မရှိတာလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟိုတလောက ညဘက် Phone ခေါ်တာက ရော"

"သြော်. . . အဲဒါ မိုးသက်တံလေးဖျားတုန်းက ငါနဲ့ စကားပြောချင်တယ်ဆိုလို့ပါ"

"မိုးသက်တံဒက်ဒီက ဆရာဝန်ဆို"

လမ်းကြောင်းလွဲသွားပြီမို့ သက်ပြင်းကို ကျိတ်ရှိုက်လိုက်ပါ၏။ မိုးသက်တံဒက်ဒီဆို၍ သူမကို စူးစူးစိုက်စိုက်လေးကြည့်ခဲ့သည့်မျက်ဝန်းတစ်စုံကို အမှတ်ရလိုက်မိပါသည်။ ပြီးနောက် ချိုမြိန်ဖွယ်အပြုံးနုနု။ Phone ထဲကနေ ခင်မင်နှစ်လိုဖွယ် တောင်းဆိုခဲ့ပါသည့် ခွင့်ပန်မှုစကားလုံးတွေကိုပါပဲ။

"ဘယ်လိုလဲ၊ အဆက်ကြီးကို သတိရသွားလား"

"ဘယ်ကသာ၊ အစက်လည်းမရှိ အပြောက်လည်းမရှိ ရိုးရိုးစင်းစင်းကြီးပါ စံရယ်"

"နင့်ဘက်က ရိုးပြီး သူ့ဘက်က မရိုးဘူးဆိုရင်ကော ဘယ်နှယ့်လုပ်မလဲ"

"ရှင်ဘုရင့်ပုဆိုး ပိုးချည်းပဲလို့ ဆိုရိုးရှိတယ်မဟုတ်လား စံရဲ့။ သူ့ဇာတ်ဝန်းကျင်မှာ အဆင့်တူ ဂုဏ်ဒြပ်တူတွေ ပုံနေမှာပါ





ကွယ်။ ငါ့လိုအညတရဆရာမလေးကို ဘယ်စဉ်းစားပါ့မလဲ"

စံက သူမကိုမျက်စောင်းခဲလိုက်လေ၏။ အဲဒီမျက်စောင်းလေးက လူကိုအသည်းယားစေတာမို့ ဟိုကောင်လေး တစ်ချို့တည်းနဲ့ ကြွေကျသွားတာထင်ပါရဲ့လေ။

"မှဆိုးဖိုတွေက သိပ်ကြွင်နာတတ်တာတဲ့"

"အံမယ်! ဘယ်သူပြောလဲ"

"ဒီလိုပဲကြားဖူးတာပေါ့၊ ပြီးတော့ ကလေးကိုက နင့်အပေါ်သည်းသည်းလှုပ်ဖြစ်နေပုံထောက်ရင်"

"Stop! တော်ပြီ၊ ဆက်မပြောနဲ့လို့ မေတ္တာရပ်ခံအပ်ပါတယ် စံ"

"ဒီက စေတနာနဲ့ပြောနေတဲ့ဟာ"

"နင့်စေတနာကို အသိအမှတ်ပြုပါတယ်ဟယ်၊ ဒါပေမဲ့ မကြားပါရစေနဲ့"

"သူ့ကိုရရင် နင် ကျိုကျိုတက် ချမ်းသာမှာဟ"

စိတ်ပျက်စွာ ခေါင်းခါမိလေ၏။ ချမ်းသာတယ်ဆိုတာ ဘာကိုဆိုလိုမှန်း စံသိပါရဲ့လား။ သူမကတော့ စိတ်တစ်ခုကိုသာ ချမ်းသာချင်တာအမှန်ပါလေ။ ဒါမှကိုယ်လုပ်ချင်တဲ့လုပ်ငန်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



တာမှန်သမျှကို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်မှာကိုး။

လူက ငွေပုံပေါ်ထိုင်နေရပါလျက် စိတ်က မချမ်းသာမှတော့ လူ့လောကကြီးထဲ နေပျော်စရာကောင်းပါတော့မလား။ နောက်တစ်ခုကတော့ သူမရဲ့ကိုယ်ပိုင်အစွမ်းအစနဲ့ ရှာဖွေနိုင်တဲ့ငွေကြေးကိုသာ တန်ဖိုးထားတတ်ပြီး ကိုယ့်လုပ်အားနဲ့မဟုတ်တဲ့ငွေကို အချောင်မလိုချင်တတ်ပါလေ။

"ငွေဆိုတာ မရှိမဖြစ်အရာဖြစ်ပေမယ့် နေရာတကာမှာတော့ မလိုအပ်တဲ့အရာပါ စံရယ်"

"ဒါဖြင့် နင်ငွေရှာနေတာ ဘာကြောင့်လဲ"

"လိုအပ်တဲ့ကွက်လပ်မှာ ဖြည့်ဖို့ပါ စံ"

"ဒါနဲ့များ"

"အထင်မလွဲပါနဲ့လား စံရယ်၊ လူ့ဘဝမှာ နေဖို့နဲ့သေဖို့အတွက်လိုအပ်တာ ငွေမှန်း ငါလည်းသိနေတာပဲ။ ဒါပေမဲ့ အဲ့အရာနဲ့ အလုံးစုံကိုတော့ လိုသလိုဝယ်ဖို့မရမှန်း နင်သိမှာပါလေ"

စံက သူမပြောတာကို လှောင်ချင်ဟန်ဖြင့် ပခုံးတွန့်ပြလိုက်လေ၏။ လူဆိုတာ ပန်းတိုင်ရှိရတာမှန်ပေမယ့် အဲဒီပန်းတိုင်





သို့ရောက်ဖို့ မှန်ကန်တဲ့လမ်းကို ရွေးချယ်နိုင်ရမှာလေ။

"ကဲ. . . ချက်တဲ့ပြုတ်တဲ့အလုပ်တော့ ပြီးပြီ။ ညကျရင် မီးပူထိုးစရာတွေပဲ ကျန်တော့တယ်။ ရေချိုးရအောင်။ ဒီညနေ အပြင်ထွက်ဦးမှာလား"

"ဟင့်အင်း. . . ပျင်းတယ်၊ မထွက်ဘူး"

"နင်အရင်ချိုးမှာလား"

"No! "

"ပြီးရော"

ကင်းပွန်းချဉ်ရွက်ဟင်းချိုမှာ ကြက်သွန်နီပါးပါးလှီးထားတာကို ဖြူးကာ အုပ်လိုက်ပြီ။ ဟင်းနုနွယ်ရွက်ကြော်ကို ခပ်စိမ်းစိမ်းလေးမှာပင်ချကာ အဖုံးဖွင့်ထားလိုက်ပါ၏။ ငရုတ်သီးစိမ်းကို ငါးပိစိမ်းစားဖြင့် ငါးပိချက်ကြော်ထားတာကို မနက်ကတည်းက ချက်ထားတာမို့ တို့စရာလေးနှင့် ညနေစာ စားမြိန်ဦးမှာလေ။

"မိုးအုံ့လာပြီလား"

"နေရှိသေးတာပဲ"

"ဒါဆို ရေချိုးပြီးမှပဲ အဝတ်ရှုတ်တော့မယ်"

စံ အရင်မချိုးချင်တာမို့ သူမပင် ရေချိုးခန်းအရင်ဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ပိတ်ရက်မှာပဲ ခေါင်းလျှော်ချင်တာမို့ ရေတဝကြီးချိုးကာ ခေါင်းလျှော်လိုက်မိသည်။ ရေချိုးခန်းထဲကထွက်လာတော့ မှောင်ရီပင် ပျိုးနေလေပြီ။

"ကူသုတ်ပေးရဦးမလား"

"ရတယ်၊ စံ ချိုးရင်ချိုးတော့လေ။ ပြီးရင် ထမင်းစားကြရအောင်"

"OK! "

စံက အဝတ်အစားတစ်စုံ အသင့်ထုတ်ထားကာ ရေချိုးခန်းဝင်လိုက်လေ၏။ မှန်ရှေ့မှာ ခေါင်းသုတ်နေရင်း မျက်နှာကိုပါ သုတ်လိုက်ပါသည်။ ဘာမှလည်းသိပ်မပင်ပန်းရပါဘဲ သူမ အတော်လေး ချောင်ကျသွားတာပါလား။

ဒီဆံပင်ရှည်လေးတွေကို ဆောကစားခဲ့ဖူးသည့်လူတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားတာမို့ မျက်စိမှိတ်ကာ ခေါင်းခါလိုက်မိလေ၏။ သွားစမ်းပါ၊ မေ့လက်စရှိတာ မေ့ထားလိုက်ပါတော့လား။

မှောင်တော့မှာမို့ အဝတ်ရုတ်ရန် သတိရသွားပြီး နောက်ဘေးဝရံတာမှာ အဝတ်ထွက် ရုတ်လိုက်ပါ၏။ ကုတင်ထက်မှာ





(မီးပူတိုက်ရန် အသင့်ဖြစ်အောင်) ပြောင်းပြန်လှန်းထားသည့်အဝတ်တို့ကို အတည့်ပြန်လှန်နေမိသည်။

"ဟပ်ချိုး! "

နှာတစ်ချက်ချေလိုက်တာမို့ ခေါင်းကို ရေခြောက်အောင်သုတ်ရန် တဘက်နောက်တစ်ထည် ထုတ်ယူလိုက်ပါ၏။

"တင်း!. . . တောင်!. . . "

အိမ်ရှေ့ဆီမှ တံခါး Bell သံကြောင့် တအံ့တသြဖြစ်သွားရလေ၏။ ဘယ်က ဧည့်သည်ပါလိမ့်။ စံက ရေချိုးနေတာမို့ ရေသံဖြင့် ဘာမှမကြားရပါလေ။

ခေါင်းသုတ်နေရင်းဖြင့် တံခါးကိုဆွဲဖွင့်လိုက်စဉ် အပြင်မှာရပ်နေသည့်လူက နှင်းဆီပန်းစည်းကြီးဖြင့် မျက်နှာကိုကွယ်ထားပြီးနောက် ရုတ်တရက် ပန်းစည်းကိုဖယ်လိုက်လေ၏။

"Suprise! ဟာ. . . "

တအံ့တသြဖြစ်သွားသည့်မျက်နှာကို ငေးကြည့်နေရင်း သူမတစ်ကိုယ်လုံး တောင့်တင်းသွားရလေတော့သည်။

ဇ ဇ ဇ



www.burmeseclassic.com

www.burmeseclassic.com

## အလယ်



## ရင်ခွဲများ

ငါ့ရင်ထဲက အကြွင်းနာတွေ
နင်အကုန်သိမ်းပိုက်ခဲ့ပြီးမှ
မှန်းလိုက်တော့တဲ့လား....

ချိုမြိန်တဲ့ ရင်ခုန်သံနဲ့
အနားသတ်ခဲ့တာလည်း နင်ပဲ....

နှုတ်ခမ်းထက်မှာ အလှပဆုံးအပြုံးကို
တန်ဆာဆင်ပေးခဲ့တာလည်း နင်ပဲ....

ကြွင်းနာမှ ရင်ခုန်သံတွေ
စည်းချက်ကျကျ လှပလာခဲ့မှ
နှလုံးသားကို နင်းချေခဲ့တာလည်း နင်ပဲ....

နင်ဟာ ငါ့နှလုံးသားအတွက် ဒဏ်ရာဆိုရင်
အဲဒီဒဏ်ရာရဲ့တရားခံဟာလည်း နင်ပဲ....

နင်လှမ်းမယ့်လမ်းမှာ ငါဟာ ဆူးဖြစ်ခဲ့ရင်
အဲဒီဆူးကို ထက်မြစေခဲ့တာလည်း နင်ပဲ....

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါ့အတွက် နင်ဟာ ဓားတစ်ချောင်းဖြစ်နေရင်
အဲဒီဓားနဲ့(ငါ့ကို) အသေသတ်ခဲ့တာလည်း နင်ပဲ....

နာကျင်မှုတွေအပြည့်နဲ့ ငါ့နှလုံးသားကို
ကြေကွဲမှုတွေ ရိုက်သွင်းခဲ့တာလည်း နင်ပဲ....

နောက်ဆုံးတော့
အရာအားလုံးဟာ....နင်ပါပဲ....

ဏ



## အခန်း (၉)

"မနက်ဖြန်ကျရင် အိမ်စာအားလုံးပြရမှာနော်။ မလုပ်
သာရင် ထိုင်ထ (၁၀)ခါ လုပ်ရမယ်"

"ဟုတ်ကဲ့ပါ"

အမှတ်ခြစ်ပြီးပြီမို့ မှင်နီဘောပင်ကို အဖုံးပိတ်လိုက်ပါ
။ သင်ရိုးစာအုပ်ကိုပိတ်ကာ Zip ပါသည့် File ထဲထည့်သိမ်း
ကိုက်ပြီး မတ်တပ်ရပ်လိုက်စဉ် ကလေးငါးယောက်က သံပြိုင်ညီ
တ်ဆက်လိုက်လေသည်။

"မင်္ဂလာပါ ဆရာမ၊ ကျေးဇူးတင်ပါတယ်ဆရာမ"

"မင်္ဂလာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာနေသည့်ကလေးတစ်ယောက်သာ အိမ်ထဲမှာ ကျန်ခဲ့ပြီး ကျန်ကလေး လေးယောက်ကတော့ အိမ်ထဲမှအပြေး အလွှားထွက်သွားတော့၏။

''ကျွန်မပြန်လိုက်ပါဦးမယ် မမသန့်''

''ဪ, ဟုတ်ကဲ့ပါဆရာမ၊ ရှေ့လထဲမှာ သားတို့ လ ပတ်စာမေးပွဲရှိတာလေး နည်းနည်းလောက် ကြည့်လုပ်ပေးပါဦး နော်''

''ဟုတ်ကဲ့ပါ''

အိမ်ရှင်အစ်မကို နှုတ်ဆက်ကာ အိမ်ထဲမှထွက်ခဲ့ပါ၏။ ကလေးတွေ တွန်းထွက်သွားသည့် (ခြံတံခါးကြီးမှ) တံခါးပေါက် အသေးလေးကို သူမထွက်ပြီး ပြန်ပိတ်လိုက်ပါသည်။ ဆံပင်ရှည် တွေကို ရှေ့ဘက်သိမ်းထားရာမှ အနောက်ဘက်သို့အသာပို့လိုက် ပြီး ခေါင်းမော့လိုက်စဉ် ခြံပြင်မာတ်တိုင်ကို မှီရပ်နေသည့်ကောင် လေးကို မြင်လိုက်ရသဖြင့် ပြုံးလိုက်မိပါ၏။

မျက်နှာက မှုန်ကုပ်ကုပ်ဖြစ်နေတာကို။ သူ့အနီးမှာ ဒေါက်ထောက်ပြီး ရပ်ထားသည့်စက်ဘီးနီနီလေး။ အဲဒီစက်ဘီး လေးနှင့် သူမ ကျူရှင်သွားပြတာကို ကြိုပို့လုပ်ပေးဖို့ တင်ခေါ်





သော်ကြား မည်သည့်အခါမျှ လိုက်မစီးဖြစ်။ သူမက စက်ဘီးမနင်း တတ်သည့်အပြင် နောက်ကလိုက်စီးရမှာကိုလည်း သိပ်ကြောက် တတ်တာလေ။

''ဖော်''

မျက်လွှာကို ဖျတ်ခနဲဖွင့်ကြည့်လိုက်လေ၏။ ရှုပုပ်နေ သည့် မျက်နှာကြောကဖြင့် နည်းနည်းမှလျော့မသွားပါချေ။ ဒါ က ဘာကိုကောက်လာပြန်တာပါလိမ့်။

''ဘာဖြစ်လာပြန်တာလဲ''

''ဘာမှမဖြစ်ဘူး''

''ဘာမှသာမဖြစ်တယ်၊ မျက်နှာက လငပုပ်ဖမ်းနေတာ လေ''

သူက ယောကျ်ားလေးတန်မဲ့ သူမထံ မျက်စောင်းခဲ လိုက်တာမို့ ပြုံးချင်တာကို မနည်းအောင့်ထားလိုက်ရလေသည်။ မဟုတ်ရင် သူ့လက်က သူမဆံပင်တွေဆီ ရောက်လာပြီး ဆတ် ခနဲဆောင့်ဆွဲတော့မှာကို။

''အေးပေါ့၊ အခုတော့ ဒီမျက်နှာကို နင်ဘယ်ကြည့်ချင် ပါတော့မလဲ စကားရဲ့၊ ငါသိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဟော! ဒါဖြင့် နင် ငါ့ကိုစိတ်ကောက်နေတာပေါ့လေ''

''မကောက်ပါဘူး၊ ဘယ်မှာကောက်လို့လဲ''

''စကားထဲက ဇာတိပြနေပြီးတော့များ လိမ်ချင်နေသေး''

''စကားနော်၊ နင်စကားတတ်တိုင်း အပိုတွေပြောမနေနဲ့။ ငါ့ဘီးလိုက်စီးပါဆိုတော့ သူများတွေမြင်မယ်၊ တစ်မျိုးထင်တယ်၊ မလိုက်ချင်ဘူးလို့ငြင်းပြီး. . .တောက်!''

တွေ့လား။ သူမကိုစိတ်ကောက်တာပါဆိုတာကို ဝန်မခံဘဲ တစ်ယောက်တည်းကျိတ်ပြီး ကောက်နေတာလေ။ 'ဇာနည်ဖော်'ရယ်၊ တစ်ယောက်ကုပ်ပေါ် တစ်ယောက်ခွစီးပြီး ဆော့ခဲ့တဲ့ ဘဝကတည်းက နင့်မှာ အူဘယ်နှခွေရှိသလဲဆိုတာကို ငါမြင်နိုင်တာပေါ့ဟဲ့။

''ငါက ဘာလုပ်မိလို့လဲ''

''ဟိုနေ့က ဈေးအပြန်မှာ ဘာလို့ ဦးညီနိုင်ကားနဲ့ ကားကြုံလိုက်ခဲ့တာလဲ။ အဲဒါကျ နင့်သိက္ခာတွေ မပဲ့ဘူးပေါ့လေကွဲ!''

ဖျတ်ခနဲ လှမ်းဆုပ်လိုက်သည့်ဆံပင်ကို ဆောင့်ဆွဲလိုက်တာမို့ သူမမျက်နှာလေး ရှုံ့တွသွားရပါသည်။ ဇော်တို့က အဲဒီလို





သူမအပေါ် ငယ်နိုင်ပါလေ။ တာသင်ပေးရသည့်ကလေးရဲ့ဦးလေးက အတင်းခေါ်တာမို့ အားနာပါးနာလေး ကားတစ်ရက် လမ်းကြုံလိုက်မိပါတယ်၊ ပြဿနာအရှာခံရလေပြီ။

''နာတယ်ဟဲ့''

''နာပါစေ. . .ဒါတောင်မှ နင်က အမှတ်မရှိတဲ့ဟာ။ အလကား ဖြုတ်ဦးနှောက်''

''ဖြုတ်ဦးနှောက်နဲ့လူကို မတူမတန်ဘူးဆိုရင်လည်း ပစ်ထားလိုက်ပေါ့။ ဘာလို့လာကြိုနေသေးလဲ''

ဘာတုန့်ပြန်သံမှထွက်မလာဘဲ သူမျက်နှာလွှဲသွားလေ၏။ မျက်ရည်ဝဲနေပြန်ပြီထင်ပါရဲ့။ အဲဒီလို သူမရဲ့ဇော်က အသည်းနုသူပါလေ။ ကလေးတွေကို စာလာပြရသည့်ခရီးက အတော်လေးလှမ်းတာမို့ အိမ်အပြန်လမ်းမှာတင် မှောင်ရီပြိုးပြအချိန်ဖြစ်သွားတတ်တာလေ။ ဒါကို စိတ်မချဘူးဆိုပြီး လာကြိုပေးသည့်သူ့ကို သူမ ဤသို့ပစ်ပစ်ခါခါပြောလိုက်တဲ့အခါ ဝမ်းပန်းတနည်းဖြစ်လေ့ရှိပါ၏။

''ဇော်. . .ဟဲ့''

''နောက်တစ်ခါ အဲဒီလိုပြောရင် ငါ့ကိုယ်ငါ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်မှာနော်, စကား"

"အမယ်လေးဟယ်၊ ဒါလေးပြောမိတာကို"

"ဘာဒါလေးကမှာလဲ၊ ငါ့ရင်ထဲ အမြောက်နဲ့အထုခံရသလို နာတယ်ကွ။ သိရဲ့လား"

"အင်းပါ. . . သိပါပြီ မျက်နှာကိုပြင်စမ်းပါ။ တကတည်းကလေးလေးကျနေတာပဲ။ နည်းနည်းမှအပြောမခံဘူး"

"လုပ်ပြန်ပြီ နင့်ထက် တစ်လလောက်လေးငယ်တာကို အကြောင်းပြပြီး ဗိုလ်မကျချင်စမ်းပါနဲ့"

ငါးဖယ်က ပြောင်းပြန်ပါလေ။ ငယ်တဲ့လူကသာ ကြီးတဲ့လူအပေါ် အနိုင်ကျင့်နေတာကို သူမသိချင်ယောင်ဆောင်နေတာပင်မဟုတ်ပါလား။

"နောက်ကို အဲဒီလူရဲ့ကားနဲ့ လမ်းကြုံမလိုက်ဘူးလို့ ငါ့ကိုကတိပေး"

ကြည့်! လူမှုရေးတွေဘာတွေ သူထည့်မတွက်ပါလား။ ဖြစ်ချင်တာမဖြစ်ရရင် ကိုယ့်ကိုယ်ကို ရန်ရှာတတ်သည့်အကျင့်ကို သူမ မည်သို့ပြင်ပေးရပါ့မလဲ။ သူ့ကို 'ချစ်ပါတယ်' လို့အဖြေမပေးရကောင်းလားဆိုပြီး (ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့တုန်း





က) သူငယ်ချင်းတွေအားလုံးရှေ့မှာပဲ မြစ်ထဲခုန်ချခဲ့တဲ့ တစ်ဖွတ်ဘိုးညာဥ်ကို လက်တွေ့မြင်ခဲ့ရတာလေ။ ဇော်က ဤသို့ဤနယ်ကောင်လေးပါပဲ။

"ပေးဆိုရင်ပေးလေ၊ ဘာလဲ၊ ဟိုက လုပ်ငန်းရှင်မို့လို့ မင်မက်နေတာလား၊ စကားပြော"

"ကျစ်! မဟုတ်တာ၊ ပေးတယ်ဟယ်. . . ပေးတယ်။ ကျေနပ်ပြီလား"

သူက စက်ဘီးတွန်းလျက် လျှောက်နေရင်းမှ လမ်းမကြီးထက် ဆက်မလျှောက်ဘဲ ဘေးလမ်းသို့ကွေ့ချလိုက်တာမို့ သူမမျက်လုံးပြူးသွားရလေ၏။ ဒီလမ်းက ကမ်းနားဘက်ကိုသွားသည့်လမ်းပင် မဟုတ်ပါလား။

"ဟဲ့! ဘယ်ကနေ သွားမလို့လဲ"

"ဒီဘက်ကသွားမှာပေါ့၊ လာ"

"အဲဒီလမ်းက အိမ်နဲ့ဝေးတဲ့ဟာကို ဇော်ကလည်းဟယ်"

"ဝေးတော့ ဘာဖြစ်လဲ"

"ဝေးတော့ ပိုမှောင်တာပေါ့ဟဲ့"

"မှောင်တော့ဘာဖြစ်လဲ၊ ပြော"



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ကို မကြောက်တတ်သည့်သူမကို မကြောက်ကြောက်အောင် ခြောက်ချင်နေသည့်သူ့ကျောကို ဖျတ်ခနဲပုတ်လိုက်မိလေ၏။ စလာပါပြီ၊ အဲဒီလမ်း အဲဒီနေရာကိုရောက်ရင် သူမမျက်နှာရော နားတွေပါ ထူပူလာအောင် ရှက်စရာစကားတွေချည်း သူပြောတော့မှာလေ။

သူများတွေအတွက် ကမ်းနားလမ်းက ထူးခြားမှာမဟုတ်ပေမယ့် သူမတို့နှစ်ဦးအတွက်ကတော့ ချစ်သူတို့လျှောက်ရာလမ်းလေးပင် ဖြစ်ခဲ့တာကိုး။ ဖော်, နင် ငါ့ကိုရင်တွေခုန်ပြီး အသက်ရှူမှားရအောင် အကြံအဖန်မလုပ်ချင်ပါနဲ့လား။

"နင်ကမှောင်တာ မကြောက်ဘူးမဟုတ်လား"

"ဖော်နော်"

"နင်ကြောက်တာ ငါသိပါတယ်"

"လိုက်မစနဲ့နော်၊ ငါ လမ်းမကြီးအတိုင်းပြန်လိုက်မှာ"

"ပြန်ရဲရင်ပြန်ပေါ့၊ အဲဒီလမ်းမှာ နင့်ကို မရမကလိုက်နေတဲ့ ဟိုကောင့်အိမ်ရှေ့က ဖြတ်ရမှာ။ မကြောက်ရင် ပြန်လို့ရတယ်။ သဘောပဲ"

နှိုင်ကွက်ကိုနင်းပြန်ချေပြီ။ ဟုတ်ပါတယ်၊ သူမတို့အိမ်





ရောက်ခင် လမ်းမကြီးမှာ သူမကိုမြင်တိုင်း တကောက်ကောက်ညည်းစားစကားလိုက်ပြောတတ်သည့် State ကျောင်းတုန်းကနှမ်ကျကျောင်းသားကြီး ရဲမွန်ရှိနေတာလေ။ ကြောက်တာတော့မဟုတ်ပေမယ့် လူရှေ့သူရှေ့စကားလိုက်အပြောခံရတာမို့ မကြာခဏ အရှက်ကွဲရသည်ကိုး။

"မှောင်နေရင် အမေစိတ်ပူပြီး မျှော်နေမှာစိုးလို့ပါဟဲ့"

"အမေခင်က ဒီအချိန် နင်ပြန်မရောက်သေးရင် သူ့သားမက်လောင်းလေးနဲ့ အတူပြန်လာမယ်ဆိုတာ သိထားပြီးသား"

"ဟယ်၊ ပြောပုံကိုက အသားယူလိုက်တာ။ ကောင်စုတ်"

"ဒါလေးပြောတာ အသားယူတာမှမဟုတ်တာ။ အသားယူတယ်ဆိုတာ ဒါမျိုးကိုခေါ်တာ စကားရဲ့"

သူက ပြောပြောဆိုဆိုဖြင့် သူမပခုံးကို ဖျတ်ခနဲဖက်လိုက်ပြီး သူ့ဘက်ကိုဆွဲလိုက်တာမို့ သူ့ရင်ခွင်ထဲသို့ ထွေးခနဲရောက်သွားရလေ၏။ မြစ်ကမ်းနဖူးမှာ လူရှင်းနေပေမယ့် မြစ်ဆိပ်တံတားဘက်မှာ တခြားစုံတွဲတွေ အသီးသီး တပူးတွဲတွဲရှိနေကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"နင်နော်၊ လူမြင်ကွင်းကြီးထဲ ဘယ်လိုဖြစ်နေတာလဲ"

"လူမြင်ကွင်းကြီးမို့လို့လား၊ ဒါဖြင့် လူမမြင်ကွယ်ရာ ပြောင်းထိုင်ရအောင်"

"ဇော်!"

သူ သဘောတကျရယ်နေလေ၏။ အခုတော့လည်း ဇော ဇောက သူမကိုရန်ရှာနေသည့် ရုပ်ပုပ်ကောင်လေး မဟုတ်တော့ ပါလေ။ စက်ဘီးကို လူတွေလှမ်းမမြင်ရအောင် အကွယ်သဘော မျိုးဖြင့် သူထောင်ထားပြီး နှစ်ယောက်သား ထိုင်နေတာပင်။

သူက သူမဆံနွယ်ရှည်တို့ကို ခပ်ဖွဖွ မွှေးရှိုက်လိုက်တာ မို့ မျက်လွှာကို အလိုလိုချလိုက်မိလေ၏။ စိတ်တိုလာရင်လည်း ဒီဆံပင်တွေကို ရန်ရှာဆောင့်ဆွဲတတ်ပေမယ့် စိတ်ကြည်တဲ့အခါ မျိုးမှာတော့ ဤသို့တယုတယဖြင့် အမြတ်တနိုးရှိုက်နမ်းလေ့ရှိ တာကိုး။

"ဆံပင်တွေကို မနာလိုဖြစ်နေပြီလား"

နားနားသို့ တီးတိုးပြောလာတာမို့ ခေါင်းကိုဟိုတစ်ဖက် သို့လှည့်ကာ အောက်နှုတ်ခမ်းကို သွားဖြင့်အသာကိုက်ထားလိုက် မိပါ၏။ လူကို အသည်းယားလာအောင်လည်း သူပြုစားတတ်





ပါရဲ့။ မည်သို့ပင် မိုလ်ကျ အနိုင်ကျင့်ပေမယ့် သူမအပေါ်မှာ သူ အဘယ်မျှ ချစ်သလဲဆိုတာကိုတော့ သူမနှလုံးသားက အလိုလို သိနေတာပါလေ။

"စကား"

"ဟင်"

"မောင် ခဏခဏမွှေးလို့ စကားရဲ့ဆံပင်တွေ ပိုရှည်လာ တာ သိတယ်မဟုတ်လား"

လက်ဖျားကို တင်းတင်းကျုပ်ကျုပ်ဆုပ်ကိုင်ရင်း ပြော လိုက်တာမို့ သူ့ကို မျက်စောင်းလှည့်ခဲလိုက်စဉ် သူမပါးလေး နွေးခနဲဖြစ်သွားရတော့၏။ ထို့နောက်မှာတော့ 'အရမ်းချစ်တာပဲ' ဟူသည့် သူ့လေသံတီးတိုးအောက်မှာ သူမရင်ခုန်သံတွေ အဆက် မပြတ်မြည်ဟီးနေတော့တာပါလေ။

ဓ ဓ ဓ



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

အမေဆိုင်ထွက်ရန် ထမင်းချိုင့်ပြင်ပေးနေမိ၏။ ဟိုအရင်တုန်းက ဒီအချိန်ဆို 'အမေခင်' ဟုအော်ပြီး သူရောက်ရောက်လာတတ်ပေမယ့် အခုတော့ အရွယ်ရဲ့အသိနဲ့ ဖွတ်ခနဲ ဖွတ်ခနဲမလာတော့ပါလေ။ အိမ်ရှေ့ဘုရားခန်းမှာ အမေ့ကြေးစည်သံကြားရပြီမို့ ဘုရားရှိခိုးပြီးပြီမှန်း သိလိုက်ပါ၏။

ထမင်းချိုင့်ကိုဆင့်ကာ ခြင်းတောင်းထဲထည့်လျက် အိမ်ရှေ့သို့ထွက်လာစဉ် အမေက ဘုရားကိုဦးသုံးကြိမ်ချပြီး ချည်ထည်ဘဘက်အညိုကို ဘုရားစင်အောက်ရှိစင်ထက်မှာ သေသေသပ်သပ် ခေါက်တင်လျက် ထရပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားတော့မလား အမေ"

"မစားတော့ဘူး သမီး၊ ဈေးရောက်မှပဲ အဆာပြေတစ်ခုခု စားလိုက်မယ်။ ထမင်းချိုင့်ပြီးပြီလား"

"ဟုတ်ကဲ့"

အမေက လုံချည်လဲရန်သာ ကျန်တော့တာမို့ အိပ်ခန်းထဲမှာ ဝင်လဲလိုက်ပြီး ပြန်ထွက်လာလေ၏။ ခြင်းတောင်းထဲသို့ ခေါက်ထီးကို သေချာခေါက်ပြီး စည်းပြီးမှ ထည့်ပေးလိုက်ပါ၏။ အမေ့ကိုလာကြိုမည့်ဆိုက်ကား မရောက်သေးတာမို့ စောင့်ရဦးမှာလေ။

"သမီး. . . မဖြူ"

"ရှင်"

"ရွှေအိမ်က သားဖော်နဲ့ အခြေအနေဘယ်ထိရောက်နေပြီလဲ"

သူမမျက်နှာ ဖြန်းခနဲရဲသွားရပါ၏။ မျက်နှာချင်းဆိုင်အိမ်က အရင်တုန်းက ဆင်တူဖြစ်ပါလျက် အခုတော့ သူတို့အိမ်နှစ်ထပ်တိုက်ဖြစ်နေပြီလေ။ သူမကို သမီးရင်းလိုသဘောထား သည့် အမေ့သူငယ်ချင်း(သူ့မေမေ) အန်တီထား ဆုံးခဲ့ပြီး နော





မိထွေးက အခုတော့ ကောင်းစားနေပြီကိုး။

"အမေကလည်း"

"လူငယ်ဘာသာဘာဝ မေတ္တာရှိတာကို အမေနားလည်ပေးမယ့် ထားက မရှိတော့ဘူးသမီး။ အခုကိုမြင့်ဖော်မိန်းမ သက်သက်က သိပ်ဂုဏ်မောက်တာ သမီးလည်း သိနေတာပဲ။ အမေက သမီးတို့ကိစ္စကို သူကန့်ကွက်မှာကိုပဲ စိုးရိမ်လို့ပြောနေတာ"

"သမီးနားလည်ပါတယ်"

"ဆင်ခြင်ပေါ့ကွယ်၊ သူငယ်ချင်းလိုနေတာ သမီးတို့အတွက် အကောင်းဆုံးပဲလို့ အမေတော့ ယူဆတယ်။ သားဖော်ကိုလည်း နားလည်အောင် ကြည့်ပြောထားပေါ့"

"ဟုတ်ကဲ့"

"အဝတ်တွေခြောက်တာနဲ့ ရုတ်ထားလိုက်။ တော်ကြာမိုးက မပြောမဆို ရွာချဦးမယ်"

ခြံရှေ့မှာ ဆိုက်ကားရပ်လိုက်သည်နှင့် အမေက တစ်ထပ်အိမ်လေးပေါ်မှဆင်းကာ ထွက်သွားလေတော့၏။ သူမ ခြံထဲကိုဆင်းကာ ရေပန်းကရားလေးဖြင့် အမေ့ပန်းပင်လေးတွေကို ရေလောင်းလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲက ဆန်ရောင်းတဲ့ဆန်သည်ရဲ့သမီးနဲ့ အဆင့်မတူတော့ဘူးတဲ့ 'ဇော်'။ အရင်က ထမင်းကိုတောင် တစ်ဇလုံတည်း အတူတူလုစားခဲ့ကြတဲ့ငယ်သူငယ်ချင်းတွေပါလေ။ မုဆိုးမဖြစ်တဲ့အမေ့ကို သိပ်ချစ်ခဲ့တဲ့ အန်တီထား မရှိတော့တာနဲ့ အရာရာပြောင်းလဲကုန်ပြီတဲ့။

အာကာ၊ ရာဇာ၊ ဇာနည်ဆိုတဲ့ သားသုံးယောက်ရှိတဲ့ ဦးဦးမြင့်ဇော်က အန်တီထားမရှိတော့တဲ့နောက်မှာ သက်သက်မာဆိုတဲ့မိန်းမငယ်ငယ်လေးကို ထပ်ယူပြီးတဲ့နောက် အစ်ကိုနှစ်ယောက်ရှေ့ဆင့်နောက်ဆင့် အိမ်ထောင်ပြု အိမ်ခွဲသွားကြပြီး အငယ်ဆုံးဖြစ်တဲ့သူသာ ဒီအိမ်မှာ ကျန်ရစ်ခဲ့တာပါလေ။

"ချစ်ချစ်"

အသံကြောင့် အတွေးလွန်နေမိရာမှ သတိဝင်သွားရပါ၏။ ခြံတံခါးသေးသေးလေးပေါ် လက်ထောက်ရင်းခေါ်လိုက်သည့်သူ့ကို မျက်စောင်းထိုးလိုက်မိလေသည်။

"ဘာတွေတွေးနေလဲ၊ ပြော"

"ဘာတွေးတွေးပေါ့"

"ဒီလိုပြောလို့ရမလား။ ဦးညီနိုင်အကြောင်းလား။ ဟို





ကောင်ရဲ့မွန်အကြောင်းလားဆိုတာ ပြော"

မဟုတ်မှန်းသိလျက်နဲ့ တမင်ရန်ရှာချင်သည့်သူ့ကြောင့် ပြုံးလိုက်မိ၏။ အလို! ဒီနေ့ သူဝတ်လာတာ သူမ အမှတ်တရဝယ်ပေးထားသည့် Sport Shirt အဖြူလေးပါလား။ ဒီလောက်ရှုံးများနေတာ ဘယ်များသွားမလို့ပါလိမ့်။

"ဒါက ဘယ်သွားမလို့လဲ"

"ဟိုဘက်ရပ်ကွက်က ထက်နန္ဒာနဲ့ Date ထားတာသွားတွေ့မလို့လေ။ ဘယ်လိုလဲ၊ မိုက်တယ်မဟုတ်လား"

သူက အကျီင်္ကော်လံစကို အသာမ၍ လူအမြင်ကပ်အောင် ပြောလိုက်ပေမယ့် သူမ မမှုပါလေ။ သူ့မှာသာ မနာလိုတိုရှည်စိတ်ရှိတာ မဟုတ်လား။

"သူက အဖြူဝတ်လာခဲ့ဆိုလို့ ဝတ်သွားမလို့ပေါ့လေ"

"ဒါပေါ့"

"ခဏဝင်ခဲ့ဦး"

"ဘာကိစ်"

"ကြယ်သီးပြုတ်နေတာ ပြန်တပ်ပေးမလို့ခေါ်နေတာ။ နင့်ကိုကိုက်မစားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ရင်ဘတ်မှကြယ်သီးကို စမ်းကိုင်လိုက်ရင်း ချည့်လျော့နေတာကို သိသွားလေ၏။ မအေမရှိတော့တဲ့ သားလေးရဲ့ လိုအပ်ချက်တွေကို အနံ့တီသက်ဖြည့်ပေးဖို့ စိတ်မဝင်စားဘူးထင်ပါရဲ့။

"ဟာ! ချွတ်လိုက်ရင် အင်္ကျီကြေသွားမှာပေါ့ စကားရဲ့"

"ချွတ်စရာမလိုပါဘူး။ ငါ ဒီတိုင်းချုပ်ပေးလို့ရပါတယ်"

"အမြင်ကပ်ကပ်နဲ့ လူကို အပ်နဲ့မထိုးလိုက်နဲ့နော်"

"ထိုးမိတော့လည်း အသိသာကြီးပေါ့"

"ရပါတယ်၊ တခြားနေရာထိရင် ကိစ္စမရှိဘူး။ တစ်နေရာပဲ မထိအောင် ဂရုစိုက်ပေး"

"အမယ်! ဘယ်နေရာလဲ"

"နှလုံး"

"ဪ"

"နှလုံးသားလို့ပြောမလို့ပါ စကားရဲ့၊ အထအနကလည်း ကောက်ပါ့"

သူမက အပ်ချုပ်စက်ပေါ်ရှိဘူးထဲမှ အပ်ချည်လုံးအဖြူနှင့်အပ်ချည် သွယ်လိုက်ပါ၏။ သူက ဆက်တီပေါ်မှာ ထိုင်လိုက်





လေသည်။

"စိတ်ကောက်ချင်ပြီလား"

"ဘာကိုလဲ"

"ကောင်မလေးနဲ့ချိန်းထားတယ်ဆိုလို့လေ"

"မကောက်ပေါင်၊ ငါ့ကိုမချစ်လို့ ပစ်သွားမှတော့ လွမ်းနေပါဘူး။ မျက်ရည်ကျတဲ့သူက အရှုံးတဲ့"

"လက်မြှောက်တယ်နော်၊ ဘယ်တော့မှနိုင်အောင်မပြောနိုင်လို့"

"သွားတွေ့ပါ၊ ဒါမှ နင့်နှလုံးသားက ရွေးချယ်တဲ့စစ်နဲ့သူကို ရှာတွေ့မှာ။ တစ်ခုတော့ သတိပေးလိုက်ပါရဲ့"

"ဘာကိုလဲ"

သူမ ကြယ်သီးတပ်နေပြီမို့ သူက ရင်ဘတ်ကိုကော့ပေးထားပြီး ခေါင်းကိုနောက်ဆုတ်ထားတာမို့ ရယ်ချင်နေတာလေ။ အပ်ထိုးမိမှာကိုတော့ သူတကယ်ကြောက်တယ်ထင်ပါရဲ့။

"ငါဝယ်ပေးထားတဲ့အင်္ကျီမှာ နှုတ်ခမ်းနီတွေတော့ ပေထားစေနဲ့။ နောက်ထပ်တစ်ထည် ဝယ်ပေးမှာမဟုတ်ဘူး။ သိလား"



www.burmeseclassic.com

www.burmeseclassic.com



သူ ဟက်ဟက်ပက်ပက်ရယ်ချေလေပြီ။ အူမတိုတတ် ပေမယ့် ကျွဲမြီးတိုတာကိုတော့ သူနားလည်မှာပါလေ။ ဘယ်သူတွေက ကိုယ့်ချစ်သူကို အူမတိုတာများ ရှိမှာတဲ့လဲ။ သူမစကားက သူ့ကိုခပ်နာနာထိစေသည်လေ။

"အဲဒါလေးကြောင့် ချစ်နေရတာ"

"ကြည့်!"

ချည်အစသတ်ပြီး သွားဖြင့်ကိုက်ဖြတ်မိစဉ် သူက သူမနဖူးကို ငုံမွှေးလိုက်လေသည်။ အလစ်ချောင်းတဲ့နေရာမှာတော့ နံပါတ်(၁)ပဲလေ။

"အမေ ဈေးသွားပြီဆိုတာနဲ့ ကဲမလာနဲ့နော်"

"မောင် ဘယ်မှာကဲလို့လဲ"

"ကဲပါ၊ သွားစရာရှိတာ သွားပါတော့"

"ဘာလဲ၊ မျက်စိနောက်တယ်ပြောဦးမလို့လား"

"ရှင့်မိတ္တေးတော် အသံမြကြီးနဲ့ အော်ခေါ်မှာစိုးလို့ သွားခိုင်းနေတာရှင့်။ သဘောပေါက်"

သူက ပခုံးတွန့်လျက် ထိမထင်ဟန်ပြလိုက်လေ၏။ မိတ္တေးဒဏ်မခံနိုင်သည့်အစ်ကိုတွေက အသီးသီးလစ်သွားကြပြီ





ကို။ သူကသာ ဆယ်တန်းအောင်ခါစ ဘာမှအခြေမခံသေးဘဲ အိမ်ကပ်နေရတဲ့လူဖြစ်နေတာပေါ့လေ။

"အဲဒီမိန်းမကိုများ ခေါက်ထားစမ်းပါကွာ"

"ခေါက်ထားလို့မရပါဘူး"

"ဘာလို့လဲ"

"အမေက ခုနကတောင် ပြောသွားသေးတာ"

"ဘာပြောတာလဲ"

"နင်နဲ့ငါ့ကို ဘယ်အဆင့်ထိ ရောက်နေပြီလဲတဲ့"

"ပြောလိုက်လေ၊ ပေါက်ကွဲလုလု Volt အား (၁၅၀၀) သို့"

ပြောင်စပ်စပ်ပြောလိုက်သည့်သူ့အား သူ့လက်မောင်းကို ဖတ်ခနဲရိုက်လိုက်မိ၏။ ပြတင်းပေါက်နားမှာ ထိုင်နေတာဖြစ်သမယ့် သူမအိမ်ထဲ သူကြာကြာနေတာမျိုးမဖြစ်သင့်ပါလေ။

"သူငယ်ချင်းအဆင့်ပဲ ကောင်းပါတယ်လို့ ပြောသွားသယ်"

"မရပါဘူး၊ ငါကန့်ကွက်တယ်၊ စကားနော်၊ နင် ငါ့ကို ချစ်တယ်လို့ အဖြေပြန်ပေးတုန်းက ပေးခဲ့ပြီး အခုမှ ထ, သစ်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



ချိုး ချိုးမယ်မကြံနဲ့"

"ငါဘာလုပ်လို့လဲ"

"လုပ်မှာစိုးလို့ ကြိုပြောနေတာလေ။ ငါ့ကိုသစ္စာဖောက်ပြီး နင်နောက်တစ်ယောက်တွဲမယ်ကြံလို့ကတော့ တစ်ခါတည်း နှစ်လောင်းပြိုင်ဖြစ်သွားမယ်။ သိလား"

အမယ်လေး! ကြိမ်းဝါးနေပုံက တကယ့်ကိုကြောက်လန့်စရာပါလေ။ ခုနက ကြည်လင်နေသည့်မျက်နှာက ချက်ချင်း အုံ့ဆိုင်းညိုမှောင်သွားရလေတော့၏။ သူမရဲ့လကလေးကတော့ လငပုပ် ဖမ်းနေပြန်ပြီကော။

"ဘာမှတောင် မပြောရသေးဘူး။ စိတ်က ကောက်ပြီ"

"နင်ဘာကြံနေသလဲမှမသိတာ"

"ငါက အမေပြောတာကိုပဲ ပြန်ပြောပြနေတာလေ"

"မပြောနဲ့၊ မကြားချင်ဘူး။ ရည်းစားဖြစ်တာမှ (၆)လ ပြည့်မယ်ပဲရှိသေးတယ်၊ ကြားလေကလည်း ကြွမ်းပ့ါ။ ယောက္ခမကြီးကိုပြောလိုက်၊ သားမက်လေးကို မေတ္တာမပျယ်ပါနဲ့လို့"

"အမယ်! ငါ့အမေကိုများ ယောက္ခမကြီးတဲ့။ ပိုင်စိုးပိုင်နင်းခေါ်ရတယ်လို့"





"သူ့သမီးကို ယူမယ်ဆိုမှတော့ ယောက္ခမနဲ့သားမက် တော်လို့ ဘာတော်ရမှာလဲ။ ပြော"

"ငါ့ကိုတင်တောင်းဖို့ ဘယ်မှာလဲ ပိုက်ဆံ"

"အေး. . . နင်သိပ်လိုချင်နေတဲ့ပိုက်ဆံကို နင့်တစ်ကိုယ် ပိအောင် ဖို့ပစ်မယ်၊ သိလား"

သူစိတ်တိုနေပြီမှန်း သိတာမို့ သူမပြုံးလိုက်မိတော့၏။ ကောင်လေးဟာ ဘာမှမဟုတ်တဲ့လည်း ရှာကြံစိတ်ကောက် တတ်တာပါလေ။

"ပထမဆုရအောင် ဆုတောင်းပေး"

"ဘာလဲ"

"သီချင်းသွားပြိုင်မလို့လေ၊ ပထမဆုရမှ ငွေတစ်သိန်း ။ နင်သိပ်လိုချင်တယ်မဟုတ်လား"

"အဲဒီတစ်သိန်းက ဖာနည်ဖော်ကို ဝယ်လို့ရလို့လား"

"စကားနော်၊ သွားခါနီး မော့်ကို ကလိကလိဖြစ်အောင် ဆုံနဲ့"

သူ့အနီးမှ သူမအမြန်ထရပ်လိုက်ရတော့၏၊ နှိမ့်မမလွယ် လေ။ သိတယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"စကားရေ"

အိမ်ရှေ့ဆီမှ အသံပြကြီးနှင့် ခေါ်နေတာမို့ ထမင်းအိုးနှပ်နေတာကို မီးဖိုပေါ်မှချပြီး ရေနွေးအိုးတင်ကာ အိမ်ရှေ့သို့အမြန်ထွက်ခဲ့ရလေ၏။ ခြံတံခါးမှာ ရပ်နေသည့်သူ့မျက်နှာက ပြုံးမြဲမြဲ။ မနက်က သီချင်းသွားပြိုင်တာ ဘယ်ဆုများ ချိတ်ခဲ့ပါလိမ့်နော်။

"တိုးတိုးခေါ်လေ၊ သူများတွေကြားကုန်တော့မှာပဲ"

"ရိုးရိုးခေါ်တာပဲလေ စကားရာ၊ ဘာလဲ၊ ချစ်ချစ်လို့ခေါ်မှ ပြန်ထူးမယ်ပေါ့။ အော်လိုက်မယ်လေ"

"ရှူး!. . . ဖော်နော်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်လို့ တစ်ခါလောက် ခေါ်ကြည့်ပါလားကွာ"

ခြိတ်ခါးကိုဖွင့်ပေးလိုက်ရင်း ကျိတ်ပြုံးလိုက်မိပါ၏။ သူ့မှစိတ်ထဲကမပါဘဲ ဒီနာမ်စားကိုတော့ သူ့အတင်းမခေါ်စေချင်တာပါလေ။

"ယောက်ျမကြီး ပြန်ရောက်ပြီလား"

"ပြောပြန်ပြီ ယောက်ျမကြီး၊ နည်းနည်းမှ မကြောက်မရွံ့နဲ့"

"ဩော်. . . စကားပုံတောင် ရှိသေးတဲ့ဟာ။ 'ကြောက်ရင်လွှဲ့ရဲရင် မင်းဖြစ်တဲ့'။ ဇာနည်ဖော်တို့ ကြောက်သွေးပါနေရင် စကားဖြူ့ရဲ့နှလုံးသားကိုရဖို့လမ်း မမြင်ပေါင်"

"စကားပြောတတ်တယ်နော်"

"ချစ်ချစ်သင်ပေးတာပဲလေ"

"ကြည့်!"

"ကြည့်နေတာမှ မျက်တောင်တောင်မခတ်မိဘူး။ မှန်းပါးပေါ်မှာ ခြင်ကိုက်သွားလို့လား။ အဖုလေးဖြစ်သွားပြီ။ ဒီခြင်ကတော့ အတော်ပူးကျတဲ့ကောင်ပဲ"

အလကားနေ အလကား ခြင်ကို ပြဿနာရှာချင်တာပါ





လား။ ခြံထဲမှာ အမေ့ပန်းအိုးတန်းစင်ကြားမှာ နေရာကွက်လပ်ရှိတာမို့ သူက အဲဒီပန်းအိုးကြားထဲဝင်လိုက်စဉ် သူမမျက်လုံးပြူးသွားရလေ၏။ ဒုက္ခပါပဲ၊ မြွေပါးကင်းပါး မကြောက်ပါလားနော်။

"နင်ဘာလုပ်တာလဲ"

"ခဏထိုင်မလို့လေ"

"အိမ်ပေါ်မှာမထိုင်ဘဲ ဒီကြားထဲမှာ ထိုင်မလို့လား"

"ဒါပေါ့၊ မြို့ကြီးပြကြီးတွေမှာဆို ပန်းခြံမျိုးစုံထဲ အတွဲတွေ ဘာညာသာရကာပြောနေကြတဲ့ဟာ။ မောင်တို့က ဒီမှာငြိမ်ငြိမ်လေးထိုင်ပြီး. . ."

"ဖော်နော်၊ ခဏနေ အမေပြန်လာတော့မှာကို၊ စကားကြာရှည်မယ်မကြံနဲ့၊ ပြောစရာရှိတာ မြန်မြန်ပြောပြီး ပြန်တော့"

"စကားရယ်၊ ပြောစရာရှိသမျှ မိုးမဆုံးမြေမဆုံးပြောရင် ဒီဘဝနဲ့တောင် မလောက်ဘူး။ အဆိုတော်ကိုင်ဇာတောင် သီချင်းထဲထည့်ဆိုသေးတာ၊ အာကာကိုလွှာပုံပြုလို့ မေယုနဲ့စုတ်တံချီ ပင်လယ်ပြာအရွက္ခဝါသမုဒ်ကို မင်လုပ်လို့ရေးသီ တဲ့၊ ကြားဖူးတယ်မဟုတ်လား"

"ဩော်. . . ဟိုက နားထောင်ကောင်းအောင် စကား



www.burmeseclassic.com

www.burmeseclassic.com



လုံးလုလုလေးတွေ စီထားတာကို စိတ်ကူးယဉ်စရာလား့”

သူက နှုတ်ခမ်းတစ်ဖက်တွန့်လျက် ရုပ်ရှင်တွေထဲက ဗီလိန်မင်းသားတွေလို ပြုံးလိုက်လေသည်။ ဘာတွေများ ကြံစည်လာတာပါလိမ့်နော်။

“မောင်က စိတ်ကူးမယဉ်ဘဲ လက်တွေ့ပြမှာပါ စကားရဲ့။ လာ, နှစ်ကိုယ်ကြား လေမသွေးနိုင်အောင် ကပ်ထိုင်လိုက်စမ်းပါ”

“ဖော်နော်၊ အဲဒီလိုမလုပ်နဲ့”

သူက သူမလက်ကောက်ဝတ်ကိုဆွဲလျက် သူ ထိုင်ချလိုက်သည့်အုတ်ခဲဘောင်ရှိ အုတ်ခဲပေါ်မှာ ကပ်ကပ်သပ်သပ်လေး ထိုင်နိုင်းလိုက်လေ၏။ ရွက်လှပင်တွေကို ခြံစည်းရိုးကာထားသလို စိုက်ထားတာမို့ သူမတို့ထိုင်လိုက်တာကို လမ်းပေါ်မှမမြင်နိုင်လေ။ ဖော်, နင်အတော်လည်တဲ့ကောင်လေးပါပဲလား။

“မောင်ဘာပြောမလဲ မှန်းကြည့်ပါလား”

“ဘယ်သိမှာလဲ”

“မှန်းကြည့်ပါဆို”

“မမှန်းတတ်ပါဘူး၊ ညနေစာဟင်းချက်ဖို့ ကျန်သေး





တယ်၊ တော်ကြာ အမေပြန်လာလို့ အလုပ်မပြီးရင် အဆူခံရမှာပေါ့”

“အမေဆူရင် မောင့်ဆီပြေးခဲ့ပေါ့ စကားရဲ့”

“တော်တော်တတ်”

သူက သဘောကျလျက် ရယ်လိုက်လေ၏။ နေရာကျဉ်းကျဉ်းလေးမှာ ကပ်သီးကပ်သပ်လေး ထိုင်သလိုဖြစ်နေတာမို့ နှစ်ယောက်သား နီးနီးကပ်ကပ်ဖြစ်နေပါသည်။ အမေသာ ဒီမြင်ကွင်းကို တွေ့လို့ကတော့ သူမ နားရွက်ရောဝိုက်ကြောပါ ပြုတ်ဖို့ကျိန်းသေပါပဲ။

“မောင် ပထမဆုရခဲ့တယ်”

“ဟယ်! တကယ်”

“အင်း”

“ဒါဆို ဆုကြေးရခဲ့တာပေါ့”

“အင်းပေါ့”

“ဘယ်မှာလဲ”

“ဒီလိုရမလား၊ မောင်က အဲဒီပထမဆုထက် စကားပေးမယ့်ဆုကို ပိုလိုချင်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆုလဲ"

သူက ပါးပြင်ကို လက်ညှိုးထောက်ပြလိုက်စဉ် သူ မျက်နှာတစ်ခုလုံး ရှိန်းခနဲပူနွေးသွားရပါ၏။ ဒီလိုကြီးတော့ မ စယ်သင့်ပါဘူးနော်။ သူမ အဘယ်မျှအရှက်အကြောက်ကြီးသ ဆိုတာကို သူအသိဆုံးမဟုတ်လား။

"ဟောဗျာ၊ ဘယ်လိုဖြစ်တာလဲ။ မျက်နှာလေးက ဆ ရှက်လောက်ပဲရှိတော့တယ်ကွာ။ ဟားဟားဟားဟား. . ."

"ဖော်နော်၊ လိုက်စမနေနဲ့"

"ချစ်လို့စတာပါ ချစ်ချစ်ရယ်"

"ခေါ်ပြန်ပြီလား ဒီနာမည်"

"ချစ်လို့ခေါ်တာလေကွာ၊ မကျေနပ်ဘူးလား။ ဒါ အမေခင့်ဆိုင်ရှေ့က အသုတ်သည်မစိန်ချစ်ကို သွားခေါ်ရမလား"

"ခေါ်ချင်ခေါ်ပေါ့၊ ရတယ်"

"တော်ကြာ မောင့်နောက် ကောက်ခနဲ လိုက်လာရ ဘယ့်နှယ်လုပ်မလဲ။ စည်ပိုင်းကိုယ်ကြီးကို ရှာမကျွေးနိုင်ဘူးဗျ"

နှစ်ယောက်သားပြုံးလိုက်မိစဉ် သူက သူမပခုံးကို အသာ ထွေးဖက်လိုက်လေ၏။ ဒါမျိုးက မသင်ဘဲတတ်သတဲ့လေ။





"မျက်စိမှိတ်"

"ဘာလုပ်မလို့လဲ"

"မောင်က မှိတ်ဆိုမှိတ်ပေါ့ စကားရော၊ ဒီနှုတ်ခမ်းလေးကတော့ အမေးအမြန်းထူတာနဲ့ အပြစ်ပေးခံရတော့မှာပဲ"

မျက်လုံးကို ဖျတ်ခနဲမှိတ်ပြလိုက်စဉ် သူမရင်ထဲမှာ တငြိမ့်ငြိမ့်ခုန်ပေါက်လာလေ၏။ အရင်က နင်နဲ့ငါဆိုပြီး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးပြောခဲ့သမျှ ခုတော့ သူကမကြိုက်ချင်ပြီ။ 'မောင်'ဆိုပြီး သူ့ကိုယ်သူ ပြောလေ့ရှိသော်ငြား သူမနှုတ်က ခေါ်ဖို့မရဲဝံ့။

သူမအပေါ်မှာ သူမည်သို့မြတ်နိုးပြီး အဘယ်မျှ တွယ်တာသလဲဆိုတာကိုတော့ ဖွင့်မပြောပါဘဲ ရင်ထဲက အလိုလိုသိနေပါ၏။ သူမကရော နေ့ခင်းဘက်တွေးမိတဲ့အာရုံထဲမှာရော၊ ညဘက်မက်ဖြစ်တဲ့အိပ်မက်တွေထဲမှာပါ သူတစ်ဦးတည်းသာ စိုးမိုးချုပ်ကိုင်ခွင့်ရှိထားတာပါလေ။

လက်ချောင်းသွယ်သွယ်လေးမှာ တစ်စုံတစ်ခုဝတ်ပေးလိုက်မှန်း သိလိုက်ပါ၏။ ဘာလဲ၊ သူဘာတွေလျှောက်ဝယ်လာပြန်တာပါလိမ့်နော်။ နဖူးပြင်ထက် ခပ်ဖွဖွမွှေးလိုက်ပြီးမှ အမိန့်ထပ်ရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်စိဖွင့်လို့ရပါပြီ"

"ဟင်! ဒါက ဘာလဲ"

"မောင်နဲ့စကားရဲ့ ရေ့စပ်လက်စွပ်လေ"

"အာ. . . ဘာတွေလျှောက်လုပ်တာလဲ ဇော်ရယ်။ ဆုရတဲ့ပိုက်ဆံကို စုထားမယ်မရှိဘူး။ အလကားအပိုဖြုန်းပစ်တယ်"

"မလိုချင်ဘူးလား။ မောင်က ဒီဆုရရင် ဒါကိုဝယ်ပေးဖို့ စိတ်ဆုံးဖြတ်ပြီး သွားပြိုင်လာခဲ့တာ။ ခေါင်းထဲမှာ စကားတစ်ယောက်တည်းအတွက်ပဲရှိတယ်။ ဘာကိုမှမထည့်ချင်ဘူး။ အဲဒီလိုအဖျက်စကားတော့ မပြောနဲ့။ မကြိုက်ရင် လွှင့်ပစ်လိုက်"

တွေ့လား။ လုပ်ချင်တာလုပ်လာပြီး ပြဿနာကဖြစ်ပြီ။ ဘယ်တော့မဆို မျက်စိတစ်ဆုံး သူမကြည့်တတ်တဲ့ မျက်တောင်တစ်ဆုံးကြည့်ပြီးပဲ လုပ်တတ်လေ့ရှိတာလေ။ မျက်နှာက ပြင်မရအောင် ပျက်ပြီး ဘာစကားမှမပြောတော့ဘဲ စိတ်က ကောက်ပြေချပြီ။

စိတ်ကြီးနဲ့ငါနဲ့ ညစ်လိုက်တာနော်။ ဘယ်တော့မဆို မိန်းကလေးကသာ စိတ်ဆိုးစိတ်ကောက်ရတာမျိုးမဖြစ်ရဘဲ သူချည်းအမြဲနိုင်ခံကောက်တတ်နေတာ ငယ်ငယ်ကတည်းက အကျင့်ပေ





ကိုး။ သူမရဲ့ချစ်သူကောင်လေးက ဤသို့ပါလေ။

"ငါကဖြစ်သင့်တာကို ပြောတာပါ ဇော်ရယ်"

"မပြောနဲ့"

"နင်ပဲ အဆိုတော်ဖြစ်ချင်တယ်ဆို၊ အနည်းဆုံး Keyboard တစ်လုံးလောက်ဝယ်ဖို့ ငွေစုရမယ်ဆိုပြီး ဒီလိုလုံးခနဲရလာတဲ့ငွေမျိုးကိုမှ မစုဖြစ်ရင် ဘယ်လိုငွေကိုစုမှာလဲ"

"ငါသိတယ်၊ ဆက်မပြောနဲ့"

"ငါက အကျိုးသင့်အကြောင်းသင့်လေး. . ."

"နင် ငါ့ကိုမချစ်ဘူးမဟုတ်လား"

"ဟယ်! မဟုတ်တာ"

"နင်မချစ်လို့ အခုလိုတွေ ပြောနေတာပေါ့။ ငါလုပ်သမျှ ကန့်ကွက်ဖို့ချည်း ပြောနေမှန်းငါသိတယ်။ ဟုတ်ပါတယ်၊ ငါက လူဆိုးပါ။ ညီအစ်ကိုတွေထဲမှာလည်း ဗိုလ်ကျကျ ခပ်ဆိုးဆိုး၊ သူငယ်ချင်းတွေအပေါ်မှာလည်း အနိုင်ကျင့်တဲ့ကောင်၊ နင့်အပေါ်လည်း ဒီလိုပဲ အမြဲနိုင်စားနေတာဆိုတော့ ငါလိုချဉ်ဖတ်ကောင်ကို နင်ဘယ်ပြန်ချစ်ချင်ပါ့မလဲ"

"ဇော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာတော့ ချစ်လိုက်ရတာ၊ မြတ်နိုးလိုက်ရတာ။ အရိပ်တကြည့်ကြည့်နဲ့ စောင့်ကြည့်လိုက်ရတာ။ နင်လမ်းထွက်ရင် ဘယ်သူ့နောက်များ ပါသွားမလဲဆိုပြီး ပူပန်လိုက်ရတာ အရူးတစ်ယောက်လိုပဲ။ ဒီလိုအရူးကို နင်ဘယ်လိုရင်ထဲထည့်ချင်ပါ့မလဲ"

အံကျိတ်ထားတာမို့ သူအတော်ဒေါသဖြစ်နေမှန်း သိသာပါ၏။ စိတ်ဆိုးတာထက် ဝမ်းနည်းမှုက ပိုသာနေမှန်း သူမမြင်နေရတာအမှန်ပါလေ။ လက်ထဲကိုင်ထားသည့်ဘူးလေးကို ဆတ်ခနဲလွှင့်ပစ်လိုက်တာကိုလည်း သူမ မတားမိလိုက်။ စိတ်မြန်လိုက်တာမှ ပြဒါးက အဘခေါ်ရမှာကိုး။

"ပြန်ပေး"

"ဟင်! ပေးပြီးပြန်တောင်းစရာလား"

"နင်မှမလိုချင်တာ ပြန်ပေးပေါ့"

"ဘာလုပ်မလို့လဲ"

"လွှင့်ပစ်မလို့ပေါ့၊ ခုန ဘူးထဲမှာ တစ်ကွင်းပါသွားသေးတယ်ဟာ။ ရှုတ်"

"ဖော်"

သူက တကယ်ပင် သူမလက်သူကြွယ်မှ ဝတ်ထားသည့်





လက်စွပ်လေးကို ချွတ်နေတာမို့ လက်သီးဆုပ်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေ၏။ ဘူးက ရှာရလွယ်ပေမယ့် ဒီလိုကွင်းသေးသေးလေးသာ ပျောက်သွားရင် ရှာရခက်တော့မှာလေ။

"ပေးလေ၊ နင်မလိုချင်ဘူးမဟုတ်လား"

"ပေးပြီးပစ္စည်းပြန်တောင်းရင် နင်မျက်စိစွံမှာနော်"

"စွံစွံ. . ."

"မျက်စိစွံနေရင် ရုပ်ဆိုးကြီးဖြစ်နေမှာပေါ့"

"ဖြစ်ဖြစ်"

"အဲဒါဆို ငါမချစ်တော့ဘူးနော်"

"မချစ်လည်းနေပေါ့"

"နင်နေနိုင်လား"

"နေနိုင်တယ်"

"ပြီးရော"

သူငြိမ်သွားစဉ် သူမ သူ့မေးဖျားလေးကို အသည်းယားခြင်း ဖျတ်ခနဲမွှေးလိုက်မိလေ၏။ ပြုံးတော့မည့်မိုးနှယ် ညို့နေသည့်သူ့မျက်နှာထက်မှာ ဝင်းပကြည်လင်လျက် အပြုံးတို့ ချက်ချင်းပွင့်လန်းလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စကား"

"ဟိုးထား! ဘူးမြန်မြန်ရှာရအောင်၊ အမေပြန်လာတော့မယ်"

မချင့်မရဲဖြစ်သွားသည့် သူ့ပခုံးကို အသာတွန်းလိုက်ပြီး အမေ့ပန်းခင်းထဲမှာ ရှာဖွေရေးလုပ်ရတော့တာလေ။

ဿ ဿ ဿ



## အခန်း (၁၂)

"သမီး"

"ရှင်. . . အမေ"

"လာဦး"

"လာပါပြီ"

အဝတ်မီးပူတိုက်နေစဉ် အခန်းထဲမှ အမေခေါ်နေပြီမို့ မီးပူကိုထောင်ကာ ခလုတ်ကိုပိတ်ရုံမျှမက၊ ပလပ်ကိုပါ ပိုပိုလိုလို ဖြုတ်ထားလိုက်ပါ၏။ ပြီးမှ လိုက်ကာကိုဖယ်ကာ အမေလှဲနေသည့်ကုတင်နားသို့ သွားလိုက်ပါသည်။ ဒီညနေ အမေ အိမ်ပြန်လာတော့ မျက်နှာညှိုးနေသလို ထင်မိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့လဲ အမေ"

"ထိုင်ဦး၊ အမေပြောစရာရှိတယ်"

အမေ့ကုတင်ထက်မှာပင် ထိုင်ချလိုက်ရပါ၏။ အလုပ်မပြီးသေးတာမို့ အိပ်ခါနီး အမေ့ကိုနှိပ်နယ်မပေးရသေးပါလေ။ ပြောစရာရှိလို့တဲ့၊ သူမနဲ့ဇော်ကိုစွဲ ဆက်ဦးမှာပဲထင်ပါရဲ့။

"မနက်တုန်းက အမေ့ဆိုင်ကို မသက် လာသွားတယ်"

ထင်တဲ့အတိုင်းပါပဲလား။ ကလေးတွေကိစ္စမှာ လူကြီးတွေက မပါမဖြစ် ပါလာတော့ပြီလေ။

"ဈေးထဲမှာ အသံကျယ်ကျယ်နဲ့ အမေ့ကိုပြောသမျှ ပြန်မပြောပြချင်တော့ဘူးသမီးရယ်။ အမေပြောချင်တာကတော့ သားဇော်ကို သမီးဖြတ်ဖို့ပါပဲ"

ဖြတ်ဖို့တဲ့။ ပြောတော့ဖြင့် လွယ်လိုက်တာနော်။ ဒီလိုလွယ်လွယ်နဲ့သာဖြတ်လို့ရရိုးမှန်ရင် သူ့ကို သမီးခေါင်းညိတ်ခဲ့ပါ့မလား အမေရယ်။ ကျောင်းမှာ သူငယ်ချင်းတွေ ဝိုင်းစကြပေမယ့် သူမက မသိချင်ယောင်ဆောင်ခဲ့တာပါလေ။

ငယ်သူငယ်ချင်းမို့ ဘယ်သူတွေ ဘာပြောပြော မမှုခဲ့တာအမှန်ပါ။ ဘေးတီးကြတာလား ဒါမှမဟုတ် သူကိုယ်တိုင်ကပဲ





သူမကိုစိတ်ဝင်စားတာအမှန်ပဲမို့လား သူမ မသိခဲ့ပါချေ။ စာမေးပွဲနောက်ဆုံးရက်မှာ ဖွင့်ပြောခဲ့ပြီး သူ့ကိုရှောင်ခဲ့ဖြစ်ပေမယ့် အောင်စာရင်းထွက်မယ့်နေ့မှာတော့ ကမ်းနားကို လက်ဆွဲခေါ်လာခဲ့ပြီး အဖြေတောင်းခဲ့တာလေ။

နဂိုကတည်းက အရှက်အကြောက်မိန်းကလေးမို့ ခေါင်းညိတ်ရန်မရှိမှန်း သူသိစဉ်မှာ သူ့ကိုမှအဖြေပြန်မပေးရင် မြစ်ထဲခုန်ချမယ်ဟု ခြိမ်းခြောက်ခဲ့တာပါပဲ။ မလုပ်လောက်ပါဘူးလေဟု ခုံနှုတ်ပိတ်မိစဉ်မှာ တကယ်ပင် မြစ်ထဲခုန်ချခဲ့တာမို့ ယောကျ်ားလေးသူငယ်ချင်းတွေဝိုင်းကူဆယ်ပြီး သူ့ကိုအသက်ကယ်ခဲ့ရတာအမှန်ပါလေ။

ဤမျှအချစ်ရူး ရူးခဲ့တဲ့ကောင်လေးက သမီးရဲ့နှလုံးသားကို အရည်ပျော်စေနိုင်စွမ်းရှိခဲ့မှန်း အမေနားမလည်ပေးနိုင်ဘူးတဲ့လား။ ဇော်ကို သမီးရဲ့ရင်ထဲအသည်းထဲက နှင့်နှင့်သည်းသည်း နှစ်ကာကာ ချစ်တာပါအမေရယ်။

"ထားဆုံးပြီးနောက်ပိုင်းမှ သူတို့စီးပွားရေးက တဟုန်ထိုးတက်လာတာ သမီးလည်း အသိဆုံးပါ။ ကိုမြင့်ဇော်က သက်ဇော်ကို သူနဲ့မိတ်ဖက်လို့ ယူဆခဲ့တာပဲလေ။ အကြီးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်မှ သက်သက်အာဏာကိုမလွန်ဆန်ရဲတာနဲ့ အိမ်ခွဲထွက်သွားကြတာ အ်မေတို့တစ်ရပ်ကွက်လုံးအသိ။ သားဖော်အလှည့်မှာလည်း ဒီလိုပဲ သူလုပ်ဦးမှာပဲ''

''ဖော်က မိဘဆီမှာ လက်ဖြန့်တောင်းသုံးနေတာမဟုတ်ဘဲ အမေရယ်''

''လောလောဆယ်လည်း သူ့အဖေအလုပ်မှာ သူလုနေရသေးတာမဟုတ်လား။ မိဘအရိပ်ခိုနေတုန်းပါပဲသမီးရယ်သူ့ခြေပေါ်ရပ်နိုင်မှသာ မိဘအရိပ်မဲ့မှာလေ''

သက်ပြင်းဖွဖွလေး ချလိုက်ပြန်ပါ၏။ ဘာဖူးသလဲလေသူမလည်း အခုအချိန်ထိ အမေ့အရိပ်မှာ ခိုနေတာပါပဲ။ အိမ်စရိတ်ရှာတာကလည်း အမေပါပဲလေ။ သူမ ကျူရှင်ပြတဲ့စရိုက တက္ကသိုလ်တက်ဖို့အတွက် စုဘူးထဲထည့်သိမ်းနေတာကို

ဩော်! သားသမီးဆိုတာ ဖခင်ဖြစ်တဲ့နေမင်းရဲ့အလင်းရောင်အောက်မှာ အသက်ရှင်ကြပြီး မိခင်ဖြစ်တဲ့အပင်ရဲ့အရိပ်ရှင်သန်ကြီးထွားခွင့်ရတဲ့ မြေဖာဆိုတဲ့မြက်ပင်လေးတွေပါပဲလေ

''သမီးရော သားဖော်ပါ သိပ်ငယ်ကြသေးတဲ့အရွယ်ရှိပါသေးတယ်ကွယ်။ ကျောင်းပြီး ဘွဲ့ရတဲ့အခါ သမီးတို့ဘာ





သက်တွဲဖော်မျိုး။ အစစပြည့်စုံကုံလုံတဲ့လူတန်းစားမျိုးနဲ့ ကြုံနိုင်ါသေးတယ်။ ဒီလိုငယ်လွန်းတဲ့အရွယ်လေးမှာပဲ စိတ်ကိုအလိုလိုက်ပြီး ဆုံးဖြတ်ချက်မစောပါနဲ့သမီး။ အမေပြောတာ နားလည်ယ်မဟုတ်လား''

နားလည်တယ်မဟုတ်လားတဲ့။ အမေရယ်၊ အမေတို့န်းကလည်း ဒီအရွယ်ကိုကျော်ဖြတ်ခဲ့ကြတာပါလေ။ အမေတို့ခတ်မှာ (၁၈)နှစ်နဲ့အိမ်ထောင်ပြုတတ်ကြတာ ဓလေ့ဆိုပေမယ့်ခေတ်ဒီအမြင်နဲ့ သမီးက အရွယ်ငယ်ငယ်နဲ့ အိမ်ထောင်ပြုမှာမဟုတ်တာဘဲ။

စိတ်ကိုအလိုလိုက်ပြီး လိုက်လုပ်တတ်တဲ့ မြီးကောင်ါက်အရွယ်ဖြစ်ပေမယ့် သတိနဲ့အသိဆိုတာကို သမီးဆင်ခြင်တတ်ပါတယ်အမေ။ အမေ့မျက်ကွယ်မှာ မဖြစ်သင့်တာမဖြစ်ရအောင် သမီးကိုယ်သမီး လုံခြုံထိန်းချုပ်နိုင်စွမ်းရှိပါတယ်။

ပြီးတော့ ဖော်ကိုယ်တိုင်ကိုက သမီးကိုသိပ်တန်ဖိုးထားတဲ့ကောင်လေးမို့ ချစ်သူတို့ဘာသာဘာဝ တွေ့ထိနမ်းရှိုက်ခြင်းကပြီး ဒီ့ထက်ပိုသာလွန်ကဲတဲ့အဆင့်ကိုမရောက်အောင် ဆင်ခြင်တယ်ဆိုတာကို အရုက်ကြီးတဲ့သမီးတစ်ယောက်အနေနဲ့ အမေ့



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုဖွင့်ပြောရပါ့မလဲ။ ဒါကို အမေသိနိုင်ပါ့မလားလေ

''ဒီအရွယ်မှာ အထူးအဆန်းရင်ခုန်ရုံနဲ့ အဲဒါကိုအချစ်စစ်ဆိုပြီး တရားသေသတ်မှတ်မထားပါနဲ့သမီး။ အသက် (၃၀) ကျော်မှာမှ ရင်ခုန်သံထူးခြားရင်း အချစ်စစ်ဆိုတာကို သမီးသိမှာပါ။ အရွယ်ငယ်စဉ် တစ်ခဏနဲ့ ခုန်ခဲ့တဲ့ရင်ခုန်သံက တစ်နှိုးမှာ ရယ်စရာအဖြစ်ကိုပဲ သမီးအတွက် ပြန်ပေးတတ်တာ သဘောပါပဲ''

''. . .''

''ပြီးတော့ သားဖော်ဆိုတာ တစ်ဖွတ်ထိုးဉာဉ်နဲ့ အချိုစိတ်မြန်လက်မြန်ရှိတတ်တာ သမီးလည်းအသိပဲ၊ အရွယ်ရဲ့တည်ငြိမ်ခြင်းမျိုး သူ့မှာမရှိသေးဘူး။ အဲဒီလိုကောင်လေးကို သမီးက ဘယ်လိုအားကိုးမှာလဲ။ မိန်းကလေးတွေ အိမ်ထောင်ပြုတယ်ဆိုတာ လင်ယောကျ်ားကို အားကိုးလိုစိတ်အပြည့်နဲ့ အိမ်ထောင်ပြုကြတာလေ။ ယူပြီးမှ မှားပါပြီဆိုတဲ့နောင်တက ရသင့်တဲ့ဆုမျိုး မဟုတ်ဘူး။ အမေ့သမီးကို မြင့်မြင့်ကြီးမမှန်းစေချင်ပေမယ့် သားဖော်ထက်ပိုပြီးတော်တဲ့ အမျိုးသားနဲ့ အိမ်ထောင်ပြုစေချင်တာ အမေ့စိတ်ရင်းအမှန်ပါပဲသမီး''





ပါးပြင်ထက် မျက်ရည်က ပေါက်ခနဲစီးကျသွားပါသည်။ နိုက်ချင်ပေမယ့် ခွန်အားတို့ကို ဆုတ်ယုတ်ကုန်သလိုနှယ် အငိုလွယ် အရှိုက်ခက်တယ်ဆိုတာ ဒီလိုဝေဒနာမျိုးကိုပြောကြတာပဲထင်ပါရဲ့။

အမေရယ်၊ အစကတော့ သားငယ်လေးဆိုပြီး အိမ်မှာဝင်ထွက်စားသောက်ခွင့်ပြုပေးခဲ့တဲ့လူပါ။ အခုတော့ ဘယ်လိုစိတ်ထားမျိုးပြောင်းလဲပြီး ဖော့်အပေါ်မှာ မီးနီတွေပဲ ထိုးပြတာပါလဲ။

သဘောမတူဘူးတဲ့ဖော်၊ ငါတို့နှစ်ယောက်ကို အမေက သူစိမ်းပြင်ပြင် ခပ်ခွာခွာနေစေချင်ပြီတဲ့။ လက်ချင်းယှက် လည်င်းဖက် ကလေးဘဝတုန်းကလို ပူးပူးကပ်ကပ်ရင်းနှီးခွင့်ကို ပိတ်ဆင်ခံရပါရောလား။

ဒီကိစ္စကို နင်သာသိရင် ဘာပြောမလဲဟင်။

''သမီးဖြတ်နိုင်တယ် မဟုတ်လား''

''ဟင်!''

''အနာဆိုတာ ရှရှချင်း အရက်ပျံဆွတ်လိုက်ရင် အမြန်အကျက်မြန်တယ်သမီး။ ဒီလိုမှမဟုတ်ဘဲ ဒီအတိုင်းထားရင် အနာ



www.burmeseclassic.com

www.burmeseclassic.com



ရင်းပြီး ကိုယ့်ကိုဒုက္ခပေးတတ်တာ သမီးသိပါ။ ဒီတော့ သမီးရဲ့ နာတာကို ပေါ့ပေါ့လေးပဲရှိပါစေကွယ်။ သံယောဇဉ်ရှည်ကြာရင် အဲဒီအနာအတွက် ဝေဒနာပိုဆိုးသွားလိမ့်မယ်။ အမေပြောတာ နားလည်ရဲ့လား"

ခေါင်းကိုသာ အသာညိတ်ပြလိုက်မိပါ၏။ ပေါ့ပေါ့လေး ပဲတဲ့လား။ ပြောတော့ဖြင့် လွယ်လိုက်တာအမေရယ်။ ဒီရင်ဘတ် ထဲမှာ အနာဖြစ်အောင်ပြုလုပ်တာ ဇော်မှမဟုတ်တာ၊ အမေ သာ. . . အမေကသာ သမီးကိုရင်နာစေတာအမှန်ပါလေ။

ယုံသူတို့နှလုံးသားမှာ စစ်မှန်မှုဆိုတာမျိုးမရှိခဲ့ရင် ယ ပေါင်းဆိုတာမျိုးတွေ ငယ်လင်ငယ်မယားဆိုတာမျိုးပါ ဘယ် ရှိတော့မှာလဲ။ အမေ့အတွက် ဇော်က အခုတော့ ဆေးခါးကြ အဖြစ်ပဲ မြင်ပြီးထင်ပါရဲ့လေ။

"သမီးကတိပေးနိုင်တယ်မဟုတ်လား စကားဖြူ"

'ကတိ'တဲ့၊ ကတိတောင်းနေပြီ ဇော်။ ငါဘာလုပ်ရ လဲ။ နင်နဲ့ငါ့ကို အနီးဆုံးကနေ အဝေးဆုံးကိုတွန်းပို့ချင်တဲ့လူ အန်တီသက်လား၊ အမေလား ငါမသိချင်တော့တာအမှန်ပါ။

"သမီး"





"အမေ"

"ပြောရခက်နေသလားကွယ်"

"ဇော့်ကို. . . ဇော့်ကို"

"အင်းပေါ့လေ၊ ငယ်သူငယ်ချင်းဆိုတော့လည်း စွန့်ရခက်ပေမပေါ့။ ဒါပေမဲ့ သမီးရယ်၊ ငယ်ငယ်တုန်းကလို သူစားနေတဲ့ရေခဲချောင်းကို သမီးလုစားလို့လွယ်ခဲ့သလိုမျိုး၊ သမီးထမင်းချိုင့်ကို သူအလွယ်တကူနှိုက်စားခဲ့သလိုမျိုး အခုကိစ္စက မလွယ်ကူဘူး။ အထူးသဖြင့် မျက်စိတစ်ဆုံးကို သမီးမြင်တတ်ဖို့လိုလိမ့်မယ်"

"..."

"သူ့မိတွေး၊ အမေတို့အိမ်ပေါ်အထိတက်လာပြီး ကက်ကက်လန်ရန်လာတွေ့တာကို သမီးခံနိုင်မလား။ ဒါမှမဟုတ် အဲဒီလိုမဖြစ်ခင်မှာ သမီးဘက်က ကြိုတင်ဆင်ခြင်ပြီး နောက်ဆုတ်လိုက်မလားဆိုတာကို သမီးသေချာစဉ်းစားပါ"

အန်တီသက်တဲ့လား။ အမေငဲ့ကွက်တဲ့အချက်က အန်တီသက်သာ အဓိကကျသတဲ့လေ။ သမီးဖြစ်သူရဲ့နှလုံးသားနုနု အပေါ် အမေရက်စက်စွာဆုံးဖြတ်နိုင်းရတယ်လို့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"သမီး. . . သမီး. . . ဇော်ကို သံယောဇဉ်ဖြတ်ပါ့မယ် အမေ"

"ကတိနော်"

"ဟုတ်"

"ကျေးဇူးတင်ပါတယ်ကွယ်၊ အန္တရာယ်ဆိုတာ ကိုယ်က ကြိုမြင်ပြီး ရှောင်နိုင်တာ အကောင်းဆုံးပဲသမီး။ အဲဒီကတိကို ဒီတစ်သက် သမီးဘယ်တော့မှမမေ့ပါနဲ့။ သွားတော့ သမီး၊ လုပ်စရာရှိတာ ဆက်လုပ်ချည်တော့"

အမေ့အနီးမှ အသာထွက်ခဲ့စဉ် မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်ကျလာလေ၏။ တာကျိုးသလိုဆိုတာ ဒီလိုပဲထင်ပါရဲ့။

ဇော်ရယ်၊ ငါ့အဖြစ်က အခုမှ အရှေ့ကိုဆက်တိုးချင်ပေမယ့် ရှေ့မှာက ဆူးချုံ၊ နောက်ဆုတ်ဖို့ကလည်း နောက်မှာကမီးဆိုသလို အကျဉ်းအကျပ်ထဲ တကယ့်ကိုရောက်နေရတဲ့အဖြစ်ပါပဲ။ နင်ရော ဘယ်လိုဆုံးဖြတ်မှာလဲ။

ငါ့ကိုလက်ကမ်းကြိုမှာလားဟင်၊ အဲဒီအခါ နင့်လက်





ကိုလှမ်းဆုပ်ဖို့အတွက် ငါ့မှာ ခွန်အားမှရှိမနေတာလေ။ အမေတစ်ခုသမီးတစ်ခုဘဝမှာ အားကိုးရာတစ်ဦးတည်းသာရှိတဲ့အမေ့ကို ဘယ်လိုနှလုံးသားနဲ့ ငါကျောခိုင်းနိုင်မှာတဲ့လဲ။

ပြန်ဆပ်လို့မကုန်နိုင်တဲ့ကျေးဇူးတွေက စီးမှေျာနေတဲ့ ငါ့ခန္ဓာကိုယ်ထဲက သွေးကြောအနှံ့ရှိနေမှန်း ငါအလိုလိုသိနေတာအမှန်ပါပဲ၊ အဲဒီကျေးဇူးတွေကို မဆပ်နိုင်တောင်မှ မကန်းမိအောင်အတတ်နိုင်ဆုံး ငါဆင်ခြင်ရမှာကိုး။

အဲဒီအခါ ငါ့ကို နင်စိတ်နာလေမလား၊ မတည်ငြိမ် မရင့်ကျက်သေးတဲ့စိတ်တဲ့၊ အမြဲကိုယ့်စိတ်ကိုယ်သာ ဦးဆောင်တတ်တဲ့နင့်အတွက် ငါဆိုတဲ့စကားဖြူက အတားအဆီးတစ်ခုပဲဖြစ်နေပါလိမ့်မယ်။ ဆွဲယူခေါ်ဆောင်သွားလိုတဲ့ နင့်ဘဝလမ်းအတွက်လည်း ငါက ဝန်ထုပ်ဝန်ပိုးတစ်ခုသာ ဖြစ်ပါလိမ့်မယ် ဇော်။

သတ္တိမရှိဘူးလို့ ပျစ်ပျစ်နှစ်နှစ်ဝေဖန်ရင်လည်း ငါရဲရဲကြီးခံဝံ့ပါတယ် ဇော်။ အပြစ်ရှိနေတာက ငါပဲဖြစ်နေတာကိုး။

တို့အနာဂတ်လမ်းက လမ်းပေါက်မရှိတဲ့ဂူဝလို ပိန်းပိတ်အောင် မှောင်နေခဲ့တာ ဘယ်ဘဝက ဝဋ်ကြွေးကြောင့်များလဲ 'မောင်'ရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

''ငါ ရန်ကုန်သွားတော့မယ်''

''ဘာရယ်''

တစ်ခါမှမမြင်ခဲ့ဖူးသည့် တည်ငြိမ်ခြင်းက သူ့မျက်နှာပေါ်မှာ ရှိနေလေ၏။ အကြည့်က တသွင်သွင်စီးဆင်းနေသည့် မြစ်ရေခပ်နောက်နောက်ကိုသာ ကြည့်နေသည်။ ပြောချင်တယ်ဆိုပြီး ခေါ်ခဲ့သည့်သူမက ဘာတစ်ခွန်းမှမပြောသေးခင် သူ့ထံမှ ထွက်လာသည့်စကားတို့က အဆန်းတကြယ်ဖြစ်နေပါ၏။

''မနေ့က အန်တီသက်နဲ့ငါ ပြဿနာအကြီးအကျယ် တက်ကြတာ စကားရဲ့''



www.burmeseclassic.com

www.burmeseclassic.com



". . ."

"ဒီတစ်ခါတော့ ငါငြိမ်ခံမနေနိုင်တော့ဘူး။ အဖေဘယ်လိုပဲပြောပြော အမေ့နေရာမှာ ဒင်းကိုဘယ်လိုမှမမြင်နိုင်တာကို။ အမေဆိုတာ မေတ္တာတွေပြည့်နှက် မောက်လျှံနေတဲ့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်မျိုးမှန်း နင်က ပိုသိမှာပါလေ။ ဒင်းမှာက မေတ္တာမပြောလေနဲ့၊ သတ္တဝါလေးတွေကိုချစ်တတ်တဲ့ အကြင်နာပိစိကလေးတောင်မှ မရှိတာဘဲ"

ပြောတတ်ပါပေ့၊ အနိ်တီသက်စိတ်ထား မည်သို့ရှိသည်ဆိုတာကို သူမထက် တစ်အိမ်တည်းနေတဲ့သူက ပိုသိမှာပါလေ။

"ကိုကြီးနဲ့ကိုလေးတုန်းကလည်း သူဒီလိုပဲလုပ်ခဲ့လို့ ငါ့အစ်ကိုနှစ်ယောက် မျက်ရည်ကျခဲ့ရတာ ငါအသိဆုံး။ အဖေ့ရှာသမျှအမွေအားလုံးက သူ့အတွက်ချည်းလို့ပဲ ယူဆထားတဲ့ လောဘအိုးမကြီး. . . တောက်!"

"ဟယ်! ဖော်ကလည်း"

"ငါတို့က အဖေ့ဆီမှာ လက်ဖြန့်တောင်းနေကြတာမှ မဟုတ်တာ။ ကိုယ့်အားကိုယ်ကိုးပြီး အလုပ်လုပ်နေကြတဲ့ဟာပဲ။ ကိုယ်ပိုင်စီးပွားထူထောင်ဖို့ အဖေ့ဆီ အကြံဉာဏ်ယူရင်း အဖေ





က ပေးသင့်ပေးထိုက်တာပေးဖို့ တိုင်ပင်ရုံရှိသေး၊ ဒင်းက လက်ခမောင်းထခတ်တော့တာလေ။ အဲလကားစုန်းမကြီး"

"ဟဲ့ ဒီလောက်ပြောနေတဲ့ကြားက ဖော်ရယ်၊ နင်တော့ ရဲကြီးတော့မှာပဲ"

"ကြီးကြီးဟာ၊ ငါမှန်တာပြောတာပဲကို၊ ကိုကြီးပြောတာ သိပ်မှန်တယ်။ ငါတို့တော့ ပုံပြင်ထဲက မင်းသားလေးတွေဘဝ ရောက်ပြီတဲ့။ မိထွေးဖြစ်တဲ့စုန်းမကြီးကြောင့် နန်းတော်ကနေ ထွက်ပြေးရတဲ့ဘဝ ဆိုးလှပြီမှတ်ခဲ့တာ၊ အခုလက်တွေ့ကြုံမှပဲ ယုံရတော့တယ်"

ငယ်ငယ်က ကြားဖူးခဲ့တဲ့ပုံပြင်ကို မှတ်မှတ်ရရ သူပြန်ပြောပြနေတာပါပဲလား။ ဟုတ်တာပေါ့၊ မိထွေးဆိုးတာကို လုံးဝမသိတဲ့ဘုရင်ကြီးကြောင့် သားတော်ခုနစ်ပါးစလုံး နန်းတော်ကနေ ပျောက်ကွယ်သွားရတာလေ။

"အဲဒါကြောင့် သူတို့ငယ်ငယ်လေးနဲ့အိမ်ထောင်ကျကုန်တာ။ ငါ့အလှည့်တော့ အနည်းဆုံး အစိတ်သုံးဆယ်လောက်မှ ယူမယ်လို့ ဆုံးဖြတ်ထားတာ စကားရဲ့။ နောက်ထပ် (၈)နှစ် (၁၀)နှစ်လောက်တော့ ငါ့ကို နင်စောင့်နိုင်မယ်မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



(၈)နှစ် (၁၀)နှစ်တဲ့။ ရုတ်တရက်လှည့်မေးလိုက်တာမို့ သူမ အလန့်တကြားဖြစ်သွားရပါ၏။ နှလုံးသားနဲ့ချစ်ခဲ့တာမို့ အချိန် ဘယ်လောက်ကြာကြာ၊ နှစ်ပေါင်းဘယ်လောက်ညောင်းညောင်း သူသာစောင့်ဆိုရင် သူမက စောင့်စားရမှာလေ။

"အင်း"

"ဒါပေါ့၊ ငါကတော့ ငါ့အစ်ကိုတွေလို မိန်းမအိမ်ပေါ် ခွေ့ခနဲတက်မသွားနိုင်ဘူး။ ငါ့အပေါ်မှာ နင့်အမေ ဘယ်လိုစေတနာထားတယ်ဆိုတာ ငါသိပေမယ့် အဲဒီလို မိန်းမဘက်ကို အားကိုးတတ်တဲ့ ခပ်ညံ့ညံ့ယောက်ျားတွေရဲ့စာရင်းတွေထဲမှာ ငါ့နာမည် အပါမခံနိုင်ဘူး စကား။ ယောက်ျားမာနနဲ့ ငါ့ခြေပေါ်ငါရပ်နိုင်မှသာ နင့်ကိုလက်တွဲခေါ်မှာပါ။ နင်ယုံရဲ့လား"

ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ အားယူနေသည့်သူ့ကို အားလျော့စေမယ့်စကားလုံးတို့ကို သူမ မည်သို့ပြောနိုင်ပါမည်နည်း။ ခက်တယ် ဇော်။

နင်နဲ့ငါက ဘဝတူတွေဖြစ်ခဲ့ပါလျက် ဒီနောက်ပိုင်းမှာတော့ ငါတို့နှစ်ယောက်က လမ်းဆုံမှာ ရပ်လျက်သားဖြစ်နေပါပြီ။ လမ်းခွဲနှစ်သွယ်ကို ဘယ်လမ်းလျှောက်မလဲဆိုပြီး ရွေးချယ်





ရမယ့်လူနှစ်ယောက်ဆိုတာကို နင်စဉ်းစားမိပါရဲ့လား။

"လောလောဆယ်တော့ ငါတစ်ယောက်တည်း ဟိုမှာ ရုန်းကန်ရပ်တည်ရဦးမှာပဲ။ အဆင်ပြေတဲ့အခါ နင့်ကို ငါလာပြန်ခေါ်မယ်။ သိလား"

"အင်း"

"ဘယ်လိုကြီးလဲဟာ၊ နင်ပြောနေပုံက အားကိုမရဘူး။ ငါ့မှာတော့ ခွန်နဲ့အားနဲ့ တစ်ဝကြီးကိုပြောလို့"

"အေးပါဟယ်"

"နင့်ကိုသတိပေးရဦးမယ်၊ နင်နော်. . . ငါမရှိဘူးဆိုပြီး တခြားကောင်တွေနဲ့ အပျော်ရော အတည်ရော တွဲမယ်မကြံနဲ့။ သတင်းကြားလို့ကတော့ နင့်ကို ငါလာပြန်သတ်မှာ၊ သိရဲ့လား'

ကြည့်! မြို့ကြီးပြကြီးကိုသွားမယ့်သူကပဲ ပြောရတယ် ရှိသေး။ တကယ်ဆို ဒီလိုစိတ်မချလက်မချစကားတို့ကို သူမကသာ ပြောရမှာလေ။ နင်ကတော့ လုပ်လိုက်ရင် ကပြောင်းကပြန် ချည်းပါပဲလား ဇာနည်ဇော်ရယ်။

"ပြောနေတယ်လေ"

"အဲဒီစကားကို ငါကပြောရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ဟုတ်တယ်လေ၊ မြို့ကြီးပြကြီးမှာ အရောင်စုံအသွေးစုံ အလှအပတွေရှိတာပါ။ အဲဒါတွေကြားမှာ နင်မယစ်မူးဘူးလို့ အာမခံနိုင်လို့လား"

"ဒါက အူတိုပြတာပေါ့လေ"

"စိတ်ဆိုတာ အမြဲပြောင်းလဲတတ်တဲ့အရာတစ်ခုပါ ဇော်၊ ငါ့ကို ဒီမှာချန်ရစ်ခဲ့ပြီး ဟိုမှာ နင်အသစ်ရှာတွေ့သွားရင်လည်း ငါဘာမှတတ်နိုင်တာမှမဟုတ်တာ"

သူက မချင့်မရဲဖြစ်သွားပုံဖြင့် သူမပခုံးကို ပိုမိုတင်းကျပ်စွာ ဖက်တွယ်ဆုပ်ညှစ်လိုက်ရင်း ရင်ခွင်ထဲသို့ ထွေးဖက်ထားလိုက်လေသည်။ ဒါ နောက်ဆုံးပဲဖြစ်မှာပါမောင်။ မောင်ထွေးပွေ့ခဲ့တဲ့ ဒီညနေခင်းလေးကို ကျွန်မဘဝစာမျက်နှာမှာ ဘယ်တော့မှ မေ့ပျောက်နိုင်တော့မယ်မထင်ဘူး။ ယုံပါကွယ်။

"ဒါဖြင့် နင်တစ်ခါတည်း ငါနဲ့လိုက်ခဲ့ပါလား"

မျက်စောင်းက ဒိုင်းခနဲရောက်သွားရပါ၏။ လက်ထဲတစ်ပြားမှဖြင့်မရှိဘဲ သူမကိုခေါ်ရအောင် သူ မရူးနှမ်းသေးပါဘူးနော်။ လူကို အသည်းတယားယားဖြစ်အောင် ပြောရတယ်လို့





"ငါ ဗိုက်ဟောင်းလောင်းနဲ့မအိပ်နိုင်ဘူး"

"ကြည့်! စကားကိုလည်း အဟုတ်ထင်လိုက်တာပဲ။ ဒီကလေးမကတော့လေ"

သူမပါးပြင်ထက်မှာ သူ့ အတော်ကြာကြာလေး နမ်းရှိုက်လျက် ငြိမ်သက်နေပါ၏။ ခါတိုင်းဆိုလျှင် ရုက်စိတ်နဲ့ ရုန်းမိမှာမှန်ပေမယ့် အခုအကြိမ်မှာတော့ သူမခွင့်ပြုနေမိတာလေ။

"သိပ်ချစ်လိုက်တာ စကားရယ်"

"ငါယုံပါတယ် ဇော်"

"အဲဒီအချစ်တွေကို တစ်ရွေးသားမှမလျော့စေနဲ့ဦး"

"ငါ့မှာ သက်သေရှိပါတယ်"

"ဘာသက်သေလဲ"

သူမ မေးဆတ်ပြလိုက်တော့ သူက သူမကိုထွေးဖက်ထားခြင်းမှ ဖြေလျှော့သွားစေပါ၏။ မြစ်ကမ်းနဖူးမှာ လေကအနည်းငယ်ကြမ်းတမ်းစွာ တိုက်နေလေသည်။

"ဟောဒီဧရာဝတီမြစ်ကြီးပေါ့"

"ဘာရယ်"

"မယုံရင် မေးကြည့်လိုက်လေ၊ အဲဒီမြစ်ထဲမှာ စကား



www.burmeseclassic.com

www.burmeseclassic.com



ဖြူရဲ့အလွမ်းတွေ အပြည့်ပျော်ဝင်နေတယ်မှတ်''

''အားပါး. . . ကဗျာဆန်လိုက်တာကွာ၊ အဆိုတော်လု

မယ့် ကိုယ်တောင်မှ အရှုံးပေးရပြီ။ ဆက်ပြောပါဦး၊ သီချင်း

ထည့်ရေးပြီး Feel အပြည့်နဲ့ဆိုရအောင်''

''သွား. . . လူကိုများ ကုန်ကြမ်းထုတ်ပေးတဲ့စက် ထ

နေသလား။ မရဘူး''

သူ့ရင်ဘတ်ကို ခပ်သာသာတွန်းလိုက်မိစဉ် သူ ဟ

ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ နှုတ်ဆက်ကျောခိုင်းချိန်

မျက်ရည်တွေမပေးချင်တာအမှန်ပါ မောင်။ ဒီလိုကြည်နူးတဲ့အပြ

တွေနဲ့ နင်အမြဲပျော်နိုင်ပါစေလေ။

''မလှောင်နဲ့လေ''

''ဪ၊ လှောင်တာမဟုတ်ရပါဘူး စကားရဲ့။ တက

ကြည်နူးစိတ်နဲ့ ရယ်လိုက်မိတာပါ။ ပြောပါဦး၊ မြစ်ရေထဲမှာ

ရှိတယ်''

''မသိတော့ဘူး''

''ငါသိထားတာကတော့ မိန်းမတွေရဲ့စိတ်က မြစ်နဲ့

တယ်တဲ့။ မြစ်ဆိုတာ မာယာများပြီး အကောက်အကွေ့ကလည်





ထူပ့်''

''အမယ်! စကားနိုင်လုမပြောချင်ပါနဲ့၊ အဲဒီမိခင်နဲ့တူ

သောမြစ်ကြောင့် နင့်ဗိုက်ထဲကို ဆန်ဆိုတဲ့ထမင်း ရေနွေးစဉ်ရောက်

တာမဟုတ်လား။ ကျေးဇူးရှင်ကို ကျေးစွပ်ရင် နင့်ကို မြစ်က မျို

ချလိမ့်မယ်။ သတိထား''

သူ တဟားဟားရယ်ပြန်လေ၏။ သူမကိုအနိုင်ပိုင်းပြော

ရတာကိုပဲ သဘောကျနေတယ်ထင်ပါရဲ့။ အမေ့ထံမှာ ခွင့်တောင်း

ပြီးမှ ဒီကိုလိုက်ခဲ့တာမို့ စကားအေးအေးလူလူပြောနိုင်တာပါလေ။

လမ်းခွဲစကားပြောရမယ့်အစား အခုပြောနေမိတာတွေ

ာ တောင်စဉ်ရေမရ စကားလုံးတွေသာ။ အမေ. . . အခုတော့

အမေဖြစ်စေချင်တဲ့အတိုင်း တကယ်ဖြစ်လာတော့မှာပါ။ တွဲထား

ချင်ပေမယ့်လည်း သမီးရဲ့လက်ကို သူက ဖြုတ်ချထားခဲ့တော့

ာလေ။

''မနက်ဖြန် ညနေသင်္ဘောနဲ့ ငါသွားတော့မယ်''

''. . .''

''နင်ဘာမှာချင်သေးလဲ''

ခေါင်းကိုခပ်ဖြည်းဖြည်းခါလိုက်မိ၏။ မှာစရာတွေ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အပြည့်ရှိတာမှန်ပေမယ့် မပြောတော့ပါဘူးလေ။

"နှင်လိုက်ပို့မှာမဟုတ်လား"

"ဟင့်အင်း"

"နှင်ကလည်းဟာ၊ ရုပ်ရှင်တွေထဲမှာဆို အဲဒီ S… က ဓာတ်အမြင့်ဆုံးနေရာဟ။ မင်းသားက သင်္ဘောပေါ်… လည်ဆန့်ပြီး လှမ်းကြည့်နေတုန်း မင်းသမီးလေးက ကမ်း… နေ လက်တပြပြနဲ့ ခပ်ဝေးဝေးလေး ကျန်ခဲ့တဲ့ Feeling မျိုး… ကြည့်လိုက်စမ်းပါ။ ဘယ်လောက်လှလိုက်မလဲ"

မရှုးစမ်းပါနဲ့ ဖော်ရယ်။ စိတ်ကူးယဉ်ရအောင် ဝီ… ဘဝသမားတွေဆိုတာကို နှင်မမေ့လိုက်ပါနဲ့။ လက်တွေ့… သာ တွေးခေါ်ယူဆမြင်တတ်ပါစေလား။

"ငါလိုက်မပို့ဘူး"

"ဘာဖြစ်လို့လဲ"

"နှင့်ကျောပြင်ကို မမြင်ချင်လို့ပေါ့"

"ဘာ! "

"ကျောခိုင်းတယ်ဆိုတဲ့အဓိပ္ပာယ်ကို နှင်လည်း… တာပဲ ဖော်။ နှင် ၃၄ ဖြစ်ချင်တာလား၊ ဒါမှမဟုတ် ၄၇ …





…လား"

"၄၇"

"ပြီးရော၊ ဒါဆို နှင်ထားခဲ့တဲ့မြစ်ကမ်းစပ်မှာ ငါအဝေး…နဲ့ ရပ်နေမယ့်မြင်ကွင်းမျိုး ဘယ်တော့မှမမြင်စေရဘူး။ လက်…ယ်ဆိုတာ နှုတ်ဆက်ခြင်းရဲ့ပြယုဂ်တစ်ခုပါ ဖော်။ ငါ နှင့်ကို…်ပြီး နှုတ်မဆက်ပါရစေနဲ့"

သူ့ထံမှ သက်ပြင်းရှိုက်သံထွက်လာတော့၏။ တကယ်… နောက်တစ်နေ့ ညနေသင်္ဘောပေါ်မှာ သူ ငေါင်စင်းစင်းနဲ့ …်ပါသွားတာကို အကွယ်တစ်နေရာကနေ သူမ ကြည့်ဖြစ်ခဲ့…ပါလေ၊ သင်္ဘောမီးခိုးငွေ့နဲ့အတူ သင်္ဘောလေးကို အမည်း…သေးသေးလေးပဲမြင်ရတဲ့အထိ သူမ ငေးကြည့်ဖြစ်ခဲ့ပါ၏။

မောင်. . . ဧရာဝတီမြစ်ရေထဲမှာ မောင့်ကိုသိပ်ချစ်ခဲ့တဲ့ …မြူရဲ့မျက်ရည်တွေ စီးဆင်းနေတယ်ဆိုတာကိုတော့။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com

# အဆုံး

## အခန်း (၁၄)

ပန်းစည်းကြီးကိုင်လျက်သားဖြင့် ရပ်ကြောင်ကြည့်နေသည့်သူ့ကြောင့် သူမ အနေခက်သွားရပါသည်။ ခေါင်းသုတ်နေသည့်အလုပ်ကို ရပ်လိုက်စဉ် နောက်ပါးဆီမှ အသံထွက်လာလေသည်။

"ဟယ်! မြင့်မိုရ် လာတယ်"

သူမပခုံးကိုဝင်တိုက်သွားပြီး သူ့လက်မောင်းကိုဆွဲခေါ်နေပြီဖြစ်သည့်စံကြောင့် အခြေအနေကို သူမသဘောပေါက်သွားပါ၏။ လက်စသတ်တော့ မြင့်မိုရ်ဆိုတာ သူကိုး။

"လာလေ မြင့်မိုရ်ရဲ့. . . တို့အခန်းကို ဘယ်လိုသိပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာလဲ''

အတင်းဆွဲခေါ်သွားသည်မို့ ညှော်ခန်းထဲ သူရောက်သွားစဉ် တိုက်ခန်းတံခါးကို သူမ ပြန်ပိတ်လိုက်ရပါသည်။ စံ ချစ်နေပြီဆိုသည့်မြင့်မိုရ်ကို သူဖြစ်နေလိမ့်မည်ဟု သူမလုံးဝထင်မထားတာ အမှန်ပါလေ။

''အဲဒါ တို့သူငယ်ချင်းလေ၊ စကားဖြူတဲ့။ ဖြူရေ. ညှော်သည်အတွက် တစ်ခုစုလုပ်ပေးပါလား၊ Please! ''

သူမ အတွင်းခန်းသို့ ဝင်လိုက်မိပါ၏။ ညှော်ခန်းဆီမှ ကြားနေရသမျှ စံ၏အသံတို့သာ။ သူ့အသံကို တိုးသဲ့သဲ့ကလေးတောင်မှ မကြားရပါလား။ သိပ်အံ့ဩနေပြီလား ဇော်။

နင်ထားခဲ့ပြီးတဲ့မြို့လေးမှာ မရဲတရဲမျှော်လင့်ချက်လေးနဲ့ စောင့်ဆိုင်းခဲ့မိတဲ့ ငါ့ရက်စွဲတွေကို ပြက္ခဒိန်ထဲကနေ ငါဖြုတ်ဖြဲခဲ့တာ ကြာခဲ့ပါပြီလေ။

အခုတော့ သူငယ်ချင်းဖြစ်သူနဲ့ တွဲနေပြီဖြစ်တဲ့ကောင်လေးတဲ့လား။ ဖြတ်တာလည်းမဟုတ်၊ မုန်းတာလည်းမဟုတ်တဲ့ လျစ်လျူရှုပစ်ပယ်ခြင်းခံရပြီးတဲ့နောက်မှာ သံယောဇဉ်က လက်ကျန်လေးတောင်မှ မရှိတော့ပါလားကွယ်။





''ယူ့ကို Journelist တစ်ယောက်က View ချင်လို့တဲ့ မြင့်မိုရ်ရဲ့''

''. . .''

''တို့နဲ့ယူက အရမ်းရင်းနှီးမှန်းသိလို့ တို့ကိုအကူအညီတောင်းတာလေ။ ယူလက်ခံပေးမှာမဟုတ်လား''

စံက သူ့မျက်နှာကိုကြည့်ပြီး စကားပြောနေပေမယ့် သူကတော့ စံ့ကိုမကြည့်ဘဲ မျက်နှာငုံ့ကာ ဆက်တီစားပွဲကိုပဲ စိုက်ကြည့်နေပါ၏။ ပြောစရာစကား အတော်ရှားနေပြီထင်ပါရဲ့။

ကော်ဖီလင်ဗန်းကို စားပွဲထက်ချလိုက်စဉ် စံက ကော်ဖီခွက်ကိုယူ၍ သူ့ရှေ့နားသို့ ချပေးလိုက်လေ၏။ အကြင်နာတွေရေစီးကမ်းပြိုဆိုတာ ဒီပုံစံမျိုးကိုခေါ်တာပဲဖြစ်မယ်ထင်တာပါလေ။

''သုံးဆောင်ပါဦး မြင့်မိုရ်၊ ဆိုင်မှာလိုတော့ Black Coffee ရမှာမဟုတ်ပေမယ့် ဖြူက အခါးကြိုက်တဲ့သူဆိုတော့ ကော်ဖီခါးခါးလေးပဲဖြစ်မှာပါ''

''. . .''

''ရပြီ ဖြူ. . . နင်လုပ်စရာရှိတာ သွားလုပ်တော့နော်။ Coffee အတွက် ကျေးဇူး''



www.burmeseclassic.com

www.burmeseclassic.com



မရှိစေချင်လို့ ပထုတ်ပုံပါလား။ သူမကလည်း ဒီရှေ့မှာ ခပ်ကြာကြာမနေချင်ပါလေ။ အိပ်ခန်းထဲသို့ဝင်ကာ ဆံပင်ကိုသာ အမြန်ခြောက်အောင် ဂရုစိုက်လိုက်ရလေ၏။ ညှော်ခန်းမှာ ဘာတွေ ပြောနေမှန်းမသိပေမယ့် စံရဲ့အသံကတော့ တစ်ချက်တစ်ချက် ထွက်နေပါသည်။

ဒီ Sunday ကတော့ သူမအတွက် ပြဿဒါးရက် ဖြစ်ချေပြီပဲ။ မျှော်လင့်နေတုန်းကတော့ သူမရှေ့မှာ သူမရောက်ခဲ့တဲ့ အခုတော့ ရုတ်တရက်ကြီး ဘွားခနဲပေါ်လာတာလေ။ ရောက်မယ့်ရောက်လာတော့လည်း သူ့ခေတ်စံရဲ့ချစ်သူအနေအထားမျိုးနဲ့မှဖြစ်နေတာကို။

ဇော်. . . ငါတစ်ချိန်က ပြောခဲ့ဖူးပါတယ်လေ။ မြို့ကြီးပြကြီးမှာ လူတပတမိန်းကလေးတွေနဲ့ နင်အချစ်သစ်ရှာမိမယ်လို့။ ရှာမယ့်ရှာတွေ့တော့လည်း ငါနဲ့အခန်းတူနေနေတဲ့သူငယ်ချင်းကိုမှ တွဲရတယ်လို့ကွယ်။

"စကားဖြူနဲ့အတူတူနေတာပေါ့နော်"

စလာသည့်စကားက ဖြူနာမည်မို့ သူမမျက်နှာ အနည်းငယ်နွေးသွားရပါ၏။ ဒုက္ခပါပဲ၊ ကလောင်နာမည် 'ပန်းကလေး'





ဆိုပြီး သူမကို စာရေးဆရာမဟု သူထင်မှတ်ပြီး အခုလိုရင်းနှီးနေလျက်ရှိမှ ဖြူနဲ့လာတွေ့ရတယ်လို့။

"ဟုတ်တယ်"

"တိုက်ခန်းပိုင်လား"

"မဟုတ်ပါဘူး၊ တို့ဘက်က အမျိုးတော်တဲ့အစ်မက ငှားထားတာ"

"နှစ်ချုပ်ပေါ့နော်"

"ဟုတ်တယ်"

"လခကို တစ်ယောက်ထစ်ဝက်စီ ပေးရတာပေါ့။ ဟုတ်လား"

"အင်း. . . မီတာခတို့ဘာတို့ကိုတော့ တို့ပဲစိုက်ပေးပါတယ်"

သူက ခေါင်းညိတ်ပြလေ၏။ တော်ပါသေးရဲ့၊ ဖြူနဲ့ပတ်သက်ပြီး ဘာဘာညာညာရှိမနေတာမို့လေ။ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။

"အိမ်လခက မရှိဘူးဆိုရင်တောင်, သိန်းဂဏန်းပဲ၊ အင်းပေါ့လေ၊ သူ့ခေတ်စံက အလုပ်နှစ်ခုတောင် ရှိတာဆိုတော့ ငွေမ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာပေါ့။ အဆင်ပြေတယ်မဟုတ်လား''

''ဒီလိုပါပဲ''

''သုခေတ်စံသူငယ်ချင်းက ဘယ်မှာလုပ်သလဲ''

မျက်နှာက ပျက်ချင်လာလေပြီ။ ဟုတ်ပါတယ်၊ ဘယ်လိုပဲယှဉ်ကြည့်ကြည့်၊ ဖြူရဲ့ရှင်းသန့်တဲ့အလှတရားကို သူမ မည်သို့မျှ မမီနိုင်သလို ကောင်လေးအများစုရဲ့အာရုံကိုက သူမထံကနေ လွဲလွဲသွားတတ်တာလေ။

အခုလည်းပဲ ခဏမျှသာတွေ့လိုက်ရတဲ့ဖြူ့ကို မြင့်မိုရ်စိတ်ဝင်တစားမေးမြန်းနေပြီမဟုတ်ပါလား။ Sorry ဖြူရယ်၊ အရင်က ဖြူ့အပေါ်မှာ တို့ဘယ်လိုအမှားမျိုးမှ မလုပ်ခဲ့မိပေမယ့် သူနဲ့ပတ်သက်ပြီး ဖုံးကွယ်လိမ်ညာမှုတွေ ဖြစ်လာတာကို မတားပါနဲ့လား။

အချစ်ဆိုတာ လူတွေကို ဒီလိုပဲ အရောင်ဆိုးတတ်စေသလားကွယ်။

''ကလေးတွေကို စာပြပေးတယ်၊ လခကတော့ သိပ်မကောင်းပါဘူး''

''ဪ. . .ဟုတ်လား''





အတွင်းခန်းမှထွက်လာနိုးဖြင့် သူ လည်ဆန့်ကြည့်လိုက်စဉ် ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားရပါ၏။ စကားဖြူဆိုတာ ဘာလို့နာမည်နဲ့လိုက်အောင် အမြဲတမ်း လူတွေရဲ့ဖြူစင်ရိုးသားမှုကို ရနေတာပါလဲ။

''သုခေတ်စံတို့ ဘယ်တုန်းက ခင်ကြတာလဲဟင်''

ထင်တဲ့အတိုင်းပါပဲလား။ စကားကိုဖြတ်နေပါလျက်နှင့် ဖြူ့ကိစ္စကိုချည်း ဆက်မေးနေတော့တာလေ။ ကောင်းပြီ သုခေတ်စံ၊ ညာလက်စနဲ့ ဆက်ညာလိုက်တာ နင့်အတွက်အကောင်းဆုံးဖြစ်မှာပါ။ မျက်နှာပျက်ချင်နေတာကို ဣန္ဒြေဆည်လျက် တစ်ချက်မျှ ပြုံးလိုက်မိလေ၏။

''ဟိုလေ၊ တို့သူငယ်ချင်းအကြောင်းကို ယူ့ကိုမပြောပြချင်ပါဘူး''

''ဘာဖြစ်လို့လဲ''

''ဖြူနဲ့တို့က First Year လာတက်ကြကတည်းက အဆောင်မှာနေကြရင်း ခင်ကြတာ''

သူ့မျက်နှာထက်မှာ သိချင်စိတ်ပြင်းပြရိပ်က ထင်လေ၏။ အိုလေ၊ တို့ကိုယုတ်မာတယ်လို့ပဲ နင်ထင်ချင်ထင်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



ဖြူ။ တို့ရင်ထဲက သိပ်ချစ်နေတဲ့သူ့ကိုတော့ နင့်ဆီမရောက်အော
လှည့်စားမှုတွေလုပ်ဖြစ်တာကို နားလည်ပေးပါကွယ်။

''ဖြူကလေ''

''ဖြူက ဘာဖြစ်လို့လဲ''

''ဖြူက တစ်ခုလပ် မြင့်မိုရ်ရဲ့''

''ဘယ်လို''

''ဟုတ်တယ်၊ သူ့ယောကျ်ားဘက်က အရမ်းချစ်
ကြတော့လေ၊ သဘောမတူဘူးဆိုပြီး မရရအောင် ခွဲလိုက်
တာ''

သူ့မျက်နှာ ပျက်ယွင်းသွားတာမှ ပြင်မရနိုင်အောင်
ပင်။ ဟုတ်တယ်၊ ဖြတ်ပြီဆိုမှတော့ တိခနဲပြတ်အောင် ဖြတ်
လိုက် သုခေတ်စံ။ အချစ်နဲ့စစ်မှာ မတရားတာမျိုး လုံးဝမရှိ
လေ။

''တို့သိရသလောက် သူ ကလေးတောင်ရခဲ့တာတဲ့
ဒီကလေးကိုလည်း သူ့ယောကျ်ားဘက်ကပဲ ယူထားလိုက်တ
လို့ပြော. . .''

''ကိုယ်ပြန်တော့မယ်''





ကဲ! သူမပစ်တဲ့မြားက ထိချက်မှန်သားပါပဲလား။ စကား
ကိုတောင် ဆုံးအောင်ဆက်နားမထောင်နိုင်တော့ဘဲ ထပြန်ဖို့ပြင်
လိုက်တာလေ။ ကျိတ်ထား သုခေတ်စံရေ့၊ ဟန်ကိုယ့်ဖို့ဆိုတာ
ကို မမေ့နဲ့ပေါ့ရှေ့လေ။

''ဟင်. . . ပြန်ချင်ပြီလား''

''ကိုယ် သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာ ရှိလို့
ပါ''

''တို့သူငယ်ချင်းက သူ့ဘာသာသူ သူစိမ်းယောကျ်ား
တွေကို မျက်နှာပူပြီး ရှောင်ဖယ်ဖယ်ဖြစ်တာကို တစ်မျိုးမထင်
လိုက်ပါနဲ့။ မြင့်မိုရ်တစ်ဦးတည်းကိုပဲ သူလုပ်တာမဟုတ်ပါဘူး''

''ကိုယ်သိပါတယ်၊ သွားမယ်နော်''

အခန်းဝထိလိုက်ပို့ပြီး တံခါးကို Lock ချကာ သူမပြုံး
လိုက်မိပါ၏။ ပြီးပြီ ဖြူ။ နောက်ဆို နင့်ကို ငါ့လူက နှုတ်ဆက်
မယ်လို့တော့ မထင်ပါဘူး။ So sorry ပါ my friend ရယ်။

အိပ်ခန်းထဲဝင်တော့ MP4 ကို နားကြပ်နှင့်နားထောင်
ရင်း မှိန်းနေတဲ့ဖြူ့ကို မနှောင့်ယှက်တော့ဘဲ ကုတင်ထက် လှဲချ
လိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်လှဲလျက်မှ နံရံဘက်သို့ သူမစောင်းချလိုက် စဉ် ပါးပြင်ထက် မျက်ရည်က စီးကျသွားလေ၏။ လုပ်ရက်တယ် ဖော်၊ ငါ့ကိုမှ. . . ငါ့အသည်းကိုမှ. . .

သူမကျိတ်ရှိုက်လိုက်မိစဉ် သီချင်းသံက ငြိမ့်ငြိမ့်လေ ထွက်လာလေ၏။

'ငါ့နှလုံးသားနဲ့ရင်း ဆိုနေတဲ့သီချင်းလေးဟာ မင်း× × × ငါ့ဘဝနဲ့ရင်း ကြိုးနေတဲ့အလင်းလေးဟာ မင်း× × × ငါမသိလိုက် မိခြင်း ငိုစေတဲ့သီချင်းလေးဟာ မင်း× × × ပိုင်ဆိုင်သူရှိလျက် များ တိုးဝင်ကာ နိုးနှ၁း× × × တာကြောင့်များ ငါ့နှတ်စမ်း စီးဆင်း× × ×

ရင်ခုန်စွာဆိုနေတယ် Melody× × × နာကျင်စွာ ငါ လေ ရင်မှာငိုနေပြီ× × × သံစဉ်တွေ တူညီမှု ချစ်ခဲ့ပြီး× × × အသည်းထဲ မင်းမွှေးတဲ့မီး× × ×

ရင်ခုန်စွာဆိုနေတယ် Melody× × × နာကျင်စွာ ငါ လေ ရင်မှာငိုနေပြီ× × × သံစဉ်တွေ တူညီမှု ချစ်ခဲ့ပြီး× × × ငါ့ကိုလောင်စေတဲ့မီး× × ×

စိမ့်စမ်းရေလို စီးဆင်း သာယာတဲ့စကားလေး ဆိုရင်





× × × (အို) ငါ့ဘဝအတွက်မင်း မှောင်နေတဲ့အခန်းထဲက အလင်း × × × ငါ့အသည်းကညည်းရင်း မပိုင်ဆိုင်တဲ့သီချင်းလေးဟာ မင်း× × ×

အချိန်တန်ရင်တော့ မင်းထွက်သွား× × × ငါ့ရင်ခွင်ကို ခွဲ ပြန်ပါနော် နောက်ဆုံးတော့ ညည်းချင်း× × ×

ရင်ခုန်စွာဆိုနေတယ် Melody× × × နာကျင်စွာ ငါ လေ ရင်မှာငိုနေပြီ× × × သံစဉ်တွေ တူညီမှု ချစ်ခဲ့ပြီး× × × အသည်းထဲ မင်းမွှေးတဲ့မီး× × ×

ရင်ခုန်စွာဆိုနေတယ် Melody× × × နာကျင်စွာ ငါ လေ ရင်မှာငိုနေပြီ× × × သံစဉ်တွေ တူညီမှု ချစ်ခဲ့ပြီး× × × ငါ့ကိုလောင်စေတဲ့မီး× × ×

နှလုံးသားနဲ့ရင်း ဆိုနေတဲ့သီချင်းလေးဟာ မင်း × × × (အို)ငါ့ဘဝလေးအတွက်မင်း မှောင်နေတဲ့အခန်းထဲက အလင်း × × × ငါ့အသည်းကညည်းရင်း မပိုင်ဆိုင်တဲ့သီချင်းလေးဟာ မင်း× × ×

အချိန်တန်ရင်တော့ မင်းထွက်သွား× × × ငါ့ရင်ခွင်ကို ခွဲ ပြန်ပါနော် နောက်ဆုံးတော့ ညည်းချင်း× × ×



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်စွာဆိုနေတယ် Melody× × × နာကျင်စွာ ငါ
လေ ရင်မှာငိုနေပြီ× × × သံစဉ်တွေ တူညီမှု ချစ်ခဲ့ပြီး× × ×
အသည်းထဲ မင်းမွှေးတဲ့မီး× × ×

ရင်ခုန်စွာဆိုနေတယ် Melody× × × နာကျင်စွာ ငါ
လေ ရင်မှာငိုနေပြီ× × × သံစဉ်တွေ တူညီမှု ချစ်ခဲ့ပြီး× × ×
ငါ့ကိုလောင်စေတဲ့မီး× × ×

တကယ်ပါ ဖော်၊ အချစ်ဆိုတဲ့မီးက ငါ့ရင်ကို တခြ
မြေနဲ့ လောင်ကျွမ်းစေခဲ့တာကို နင်သိပါရဲ့လားလေ။

ဆ ဆ ဆ



## အခန်း (၁၅)

ခေါင်းထဲမှာ တစစ်စစ်ကိုက်ခဲနေပါ၏။ ဖျားပြီထင်ပါရဲ့၊
လုပ်တက်ရမယ့်နေ့မှ ဖျားချင်ရတယ်လို့။ ညတုန်းက တစ်ည
း အိပ်မပျော်ဘဲ လူးလိမ့်နေလို့ပဲလား။ ရင်တစ်ခုလုံး ပူလောင်
ခဲ့လို့လား။ ထပ်ခါထပ်ခါပြန်ရစ်ပြီး ဖွင့်နားထောင်ခဲ့တဲ့ 'ရေဇက္ကာ
'ရဲ့သီချင်းက အလွတ်တောင် ရနေပြီလေ။

သက်ပြင်းကိုချလျှက် အိပ်ရာထက် ထထိုင်မိစဉ် ရေချိုး
ပြန်ဝင်လာသည့်ဖိုးကာ သီချင်းညည်းနေလေ၏။ အင်းပေါ့လေ၊
နေသေမပေါ့၊ စိချစ်နေတဲ့သူက အိမ်အထိ ပန်းစည်းကြီးပိုက်
ရောက်လာတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"Morning... ဖြူ"

"အင်း"

"ဒီမနက် တို့ထမင်းချက်မထားဘူးဖြူရဲ့။ သူက ထမင်း လိုက်ကျွေးမယ်ပြောသွားလို့လေ"

ကိုက်နေပါတယ်ဆိုတဲ့ခေါင်းက ပိုကိုက်လာသည်နှယ် လေ။ ထမင်းမချက်လည်း အေးတာပေါ့၊ လူကဖျားနေလို့ ဆန်ပြုတ်ပဲ သောက်နိုင်တော့မှာကို။ စားပွဲခုံကိုလှမ်းကိုင်၍ ထရပ် လိုက်စဉ် လက်က တစ်စုံတစ်ခုကိုတိုက်မိသွားပြီး သံမံတလင်း ပေါ်သို့ ဒေါက်ခနဲပြုတ်ကျသွားလေ၏။

"ကျစ်. . ."

ရွှေအိုရောင်ဘောပင်လေး ဖြစ်နေတာကို ပြန်ကောက် လိုက်မိစဉ် စံက ရူးရှသည့်မျက်ဝန်းတို့ဖြင့် ဆတ်ခနဲကြည့်လိုက် လေသည်။

"ဒါဘယ်ကရတာလဲ၊ အဲဒါ တို့ဘောပင် ဖြူရဲ့"

ဆတ်ခနဲလှယူသွားတာမို့ ရုတ်တရက်လန့်သွားရပါ၏။ ဘာဖြစ်လို့ပါလိမ့်၊ ဒီဘောပင်လေးကို မနေ့ကပဲ ကုတင်အောက် မှာတွေ့လို့ ကောက်ပြီး စားပွဲပေါ်တင်ထားမိတာလေ။





"ဒီဘောပင်ကို နင်ကိုင်ခွင့်မရှိဘူး ဖြူ"

"ဘာလို့"

"အဲဒါ တို့ချစ်သူအမှတ်တရပေးထားတဲ့လက်ဆောင်"

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရပါ၏။ ချစ်သူရဲ့အမှတ် တရတဲ့လား။ ဒါဆို သူမမှာရော၊ သူပေးထားတဲ့လက်စွပ်လေးက ခုချိန်ထိ ရှိနေသေးတာလေ။ တန်ဖိုးတော့ အများကြီးကွာပါတယ် စံ။ ဒါပေမဲ့ လက်ဆောင်ထက် သူပေးတဲ့မေတ္တာက ဘယ်သူ့ကို အစစ်အမှန်လဲဆိုတာကိုတော့ တို့ဝေခွဲမရနိုင်တာ အမှန်ပါလေ။

"နင်ဘယ်တုန်းက ယူသုံးလိုက်တာလဲ"

"မသုံးပါဘူး စံ၊ ဟိုတစ်နေ့က အိပ်ခန်းရှင်းရင်းနဲ့ နင့် ကုတင်အောက်မှာတွေ့လို့ စားပွဲပေါ်တင်ထားတာပါ"

"ရေအဆုံးကုန်းတစ်ဝက်ဆိုပြီး ယူသုံးမယ်မပြင်ပါနဲ့ဖြူ။ တို့ချစ်သူပေးတဲ့ပစ္စည်းက ရွှေထက်လည်း အဖိုးတန်သလို ငွေ နဲ့လည်း ပေးဝယ်လို့မရဘူး. . . သိရဲ့လား"

ကြည့်စမ်း! ဒီလောက်နှစ်ကြာကြာ ပေါင်းလာခဲ့တဲ့ သူ ငယ်ချင်းက သူမအပေါ်မှာ ဤသို့ရန်သူနယ် ပြောဆိုနေရတယ် သို့၊ အောက်ခြေသိမ်းလုပ်ပေးနေတာတွေ၊ ထစ်နေကျန်ရှောင်း



www.burmeseclassic.com

www.burmeseclassic.com



ညာကိုက်ခဲလို့ ညည နှိပ်ပေးတာတွေ၊ စားသောက်ဖို့ ချက်ပြုတ်ကျွေးနေတာတွေ၊ ဒီအခန်းစရိတ်ငွေ စိုက်ပေးတာတွေကို ကျေးဇူးမတင်ဘဲ အခုတော့ ရည်းစားလုဖက် ရန်သူဖြစ်နေတာပါပဲလား။

ကျောင်းစတက်ခါစတုန်းကတော့ (တက္ကသိုလ်ကျောင်းသူဘဝ) အကယ်၍ ကိုယ့်ချစ်သူက နောက်ထပ်ချစ်သူကို ကိုယ့်သူငယ်ချင်းကိုရွေးခဲ့ရင် ကိုယ်က နောက်ဆုတ်ပြီး ဖြတ်မှာပါလို့ ပြောဖူးခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ကိုမချစ်တော့တဲ့ချစ်သူကို ဘယ်လိုဆွဲထားလို့ရမှာတဲ့လဲ။ နှလုံးသားပါမက စိတ်စေတသိတ် ဝိဉာဉ်အလယ် ခန္ဓာကိုယ်ပါအဆုံး အပိုင်လိုချင်တယ်ဆိုတာ ချစ်သူတို့ရဲ့သဘာဝပင် မဟုတ်ပါလား။

"ဒီလိုတော့မပြောပါနဲ့ စံ၊ ငါက စာရေးတဲ့သူပါ။ ဘောပင်ကို ဒါဖင်လိုက်ဝယ်သုံးနေတာ နင်တွေ့တာပဲ"

"အေးလေ၊ အဲဒါ နင့်ဘာသာနင်ဝယ်တဲ့ပစ္စည်းကိုး ဒါနဲ့မှမတူတဲ့ဟာ"

စံက ပြောပြောဆိုဆိုဖြင့် ရွှေရောင်ဘောပင်လေးကို သူ့အလုပ်ယူသွားမည့်အိတ်ထဲသို့ ဆောင့်ဆောင့်အောင့်အောင့်ဖြင့်





ထည့်ကာ အလုပြင်နေတော့၏။ တရားလည်း ကျပါပေ့၊ သူမအလှည့်မှာဖြင့် 'ဒေါင်းတွေကိုက်လိုက်တာ ဖြူရယ်'လို့ တစ်ချက်ညည်းလိုက်ရုံနဲ့ ဂျွန်ရာဖာဆေးဖြင့် နှိပ်တန်နှိပ်ပေး၊ ဒါမှမဟုတ်ဆေးပလာစတာညှပ်ပြီး ကပ်ပေးတန်ကပ်သလို၊ ဆေးပါ ရေအဆင်သင့်ခပ်ပြီး တိုက်တာမဟုတ်ပါလား။

အခုတော့ မျက်နှာရှုံ့တွ မအီမသာဖြစ်နေသည့်သူငယ်ချင်းကို တစ်ချက်လေးမှ ဂရုမစိုက်တာလေ။ 'ဘာသိဘာသာ'ဆိုတာ ဒီလိုအနေအထားမျိုးကိုခေါ်တာပဲ ဖြစ်မယ်ထင်ပါရဲ့။ ကဲ၊ ထားလိုက်ပါတော့၊ ဒီနေ့မှကျောင်းစတက်ရမှာ ဒီနေ့ပဲစပြီး ခွင့်ယူရင် ဘယ်ကောင်းပါတော့မလဲ။ ဆေးသောက်သွား[illegible]က်သာတဲ့အဆုံးမှပဲ ခွင့်တိုင်ပြီး ပြန်ရတော့မှာလေ။ ကျောင်းမှာက ကိုယ် တစ်ရက်မရှိရင် ကလေးတွေ မငြိမ်တတ်တာမို့ သွားရမှာပါပဲ။

"အိမ်သော့ရော"

"တိုင်မှာချိတ်ထားတာပေါ့ စံရယ်"

"ပြီးရော"

'သွားပြီ'လို့တောင် နှုတ်မဆက်တဲ့ ထထွက်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com



စံကြောင့် သူမ သက်မောရှိုက်လိုက်မိပါ၏။ ပြန်လာရင် အဲဒီသွေးကို တောင်ထားမြောက်ထား ဟိုတင်ဒီတင် စည်းကမ်းကမရှိ။ သွားခါနီး ရှာလို့မတွေ့ရင် သူမသော့ကို အလွယ်တကူယူသွားတတ်တာ စံရဲ့အကျင့်ပင်မဟုတ်ပါလား။ သူတစ်ပါးအပေါ်မှာ သေးသေးလေးတော့ တင်လိုက်ရမှ ကျေနပ်တတ်တာကို ဝသီလို့ပင် ခေါ်ပေမည်။

ဘာမှမချက်ချင် မစားချင်တာမို့ ကြွေကာအုတ်တစ်ခွက်နှင့် ပေါင်မုန့်နှစ်ချပ်စားပြီး ဆေးသောက်လိုက်ပါ၏။ ရေနွေးတည်ကာ ရေနွေးနွေးလေးနှင့် ရေချိုး သနပ်ခါးလူးကာ အဝတ်အစားလဲ၍ ထွက်လာခဲ့ပါ၏။ ကျောင်းကို မိနစ် (၂၀)ခရီးရောက်ပေမယ့် အခုတော့ လူက နေသိပ်မကောင်းတာမို့ နာရီဝက်ကျော်ကျော်ကြာပြီးမှ ရောက်ခဲ့ရပါသည်။

"ဖြူ. . . ဘယ်လိုဖြစ်လာတာလဲ"

ခပ်နွမ်းနွမ်းဖြစ်နေသည့်သူမပုံစံကိုကြည့်လျက် မဝါက တအံ့တဩဖြစ်သွားလေသည်။ အမှန်တကယ်ဆို အိပ်ရာထဲ ခွေလှဲနေရမှာဖြစ်ပေမယ့် အဲဒီလိုနေရင် လူကိုပိုနုံးချိစေတာမို့ လန်းလန်းဆန်းဆန်းဖြစ်အောင် ရေချိုး သနပ်ခါးလိမ်းခဲ့တာတော်





မှုသူမပုံစံကို လူတွေရိပ်မိကြတာပဲတဲ့လား။

"ခေါင်းနည်းနည်းကိုက်နေလို့ပါ မဝါရယ်"

"ဟောတော်. . . တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား"

"ဘာကိုလဲ"

"ဒီနေ့ ဒေါက်တာသင်းစပယ် မလာဘူး"

"ရပါတယ် မဝါရဲ့၊ ကျွန်မ အိမ်ကနေ ဆေးယူလာခဲ့ပါတယ်"

မဝါက ဘာကိုသဘောကျသည်မသိဘဲ ပြုံးစိစိလေးဖြစ်နေပါ၏။ ခြင်းတောင်းကို Locker ထဲထည့်ပြီး ကျောင်းခန်းတွေဘက်သို့ ခြေလှမ်းလိုက်မိသည်။ ကလေးတွေ တစ်သုတ်ပြီးတစ်သုတ် ရောက်လာနေပြီကိုး။ ဆေးခန်းရှိရာသို့ Nurse မလေးသီသီက အပြေးအလွှား တံခါးသွားဖွင့်နေလေ၏။ ဒေါက်တာမလာပါဘဲ ဘာလို့အပြေးအလွှားဖြစ်နေရတာပါလိမ့်။

"သီသီ ဘယ်လိုဖြစ်နေတာလဲ"

"ဒေါက်တာလာမယ်ဆိုလို့ ခါတိုင်းထက် ပိုသန့်ရှင်းအောင် လုပ်နေတာပါ မမ"

"ဟင်! ဒါနဲ့များ ဒေါက်တာသင်းစပယ် မလာနိုင်ဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ် မမရဲ့ အခုက ဒေါက်တာမိုးစက်တင် လာမယ်လို့ Phone ဆက်လို့လေ”

သူမမျက်လုံး ကျယ်သွားရပါ၏။ အလိုလေး! အခုတလော သားသားမိုးသက်တံကို အကြောင်းပြုပြီး သူမကို မကြာခဏ အဆက်အသွယ်ပြုနေတဲ့ဒေါက်တာ လာမှာတဲ့လား။ နဂိုကမှ သူမကို ဒေါက်တာနဲ့စကားပြောနေတာကြုံတိုင်း ကဲ့ရဲ့ချင်နေကြပါတယ်ဆိုကာမှ ကိစ္စက ကြီးချေတော့မည်။ ပြဿနာပါပဲ စကားဖြူ။

“ဟယ်! ဘယ်လိုဖြစ်ရပြန်တာလဲ၊ ဒေါက်တာလာမယ်ဆိုတာနဲ့ ဖြူ့မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့သွားတာပဲကွယ်”

“မဝါ မသိပါဘူး”

“ဘာကိုမသိရတာလဲ”

“ကျွန်မအကြောင်းကိုပေါ့”

“ဖြူ့အကြောင်း၊ မဝါကိုသိစေချင်ရင် ပြောပြပေါ့”

ကျောင်းတွင်းသို့ ကလေးတွေ အလျှိုလျှိုဝင်လာကြတာကို ငေးကြည့်ရင်း သက်ပြင်းကို ခိုးရှိုက်လိုက်မိပါ၏။ ညတုန်းက





ပဲ ရင်မောခဲ့ရတာ ပူပူနွေးနွေးရှိသေးတာပါ။ အခုတစ်ခါထပ်ပြီး ရင်ပူစရာတွေ ဖြစ်နေပြီလေ။ ချမ်းသာတဲ့လူကုံထံတွေကိုရှောင်ရှားဖို့က သူမတာဝန်ပါ။ ဒီလိုရှောင်ရှားပေမယ့် သူမကိုတွယ်တာနေတဲ့ သားလေးမိုးသက်တံကိုတော့ ဘယ်လိုရှောင်နိုင်ပါ့မလဲ။ အထူးသဖြင့် သားလေးနောက်မှာ ပါလာတတ်တဲ့ကလေးအဖေဖခင်အတွက်ကတော့ သူမအဖို့ ‘အန္တရာယ်ရှိသည်’ ဆိုသည့်ဆိုင်းဘုတ် ကြိုချိတ်ဖို့ လိုအပ်နေပြီလေ။

“ကျွန်မအကြောင်းက သိပ်မထူးဆန်းပါဘူး မဝါ။ နယ်မှာ အမေတစ်ခုသမီးတစ်ခုဘဝနဲ့ နေခဲ့ဖူးတယ်။ ရရစားစား လုံလောက်တဲ့စီးပွားရေးနဲ့ပဲပေါ့။ အထက်တန်းအောင်တုန်းက ငယ်သူငယ်ချင်းကို ဘာတစ်ခုမှမစဉ်းစား မဆင်ခြင်ဖြစ်တဲ့နဲ့ ခေါင်းညိတ်အဖြေပေးခဲ့မိတယ်”

“ဘယ်လို”

အာရုံက အတိတ်လွင်ပြင်ကို လွင့်ချင်ချင်။ ဟုတ်တယ်၊ အဲဒီတုန်းကသာ ကြောက်စိတ်နဲ့လန့်ပြီး ငါခေါင်းမညိတ်ခဲ့မိရင် အခုလိုရင်နာရမှာမဟုတ်ဘူးဖော်။ ငါ့နှလုံးသားကို နင့်ဆီအပ်နှံခဲ့တာ ငါအတွေးတွေကို နင့်ဆီပေးဖြစ်ခဲ့တာ၊ ငါ့အိပ်မက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



နှင့်လက်ထဲထည့်ခဲ့မိတာ မှန်သမျှအားလုံးက အဲခုလိုနာကျင်စရာတွေသာ ဖြစ်လာမယ်ဆိုတာကိုသာ ကြိုသိခဲ့ရင် ရေထဲမှာ နာရီဝက်ကျော် ရေငုံပြီးဆန္ဒပြခဲ့တဲ့နှင့်ဆန္ဒကို ငါလိုက်လျောဖြစ်ခဲ့မှာ မဟုတ်ပါဘူး။ အဲဒါ သေချာသလောက်ပါပဲ ဖော်။

"ချစ်သူသက်တမ်း (၈)လပြည့်ခဲ့တဲ့နေ့မှာ စေ့စပ်တဲ့သဘောနဲ့ ကျွန်မကို လက်စွပ်တစ်ကွင်း သူပေးခဲ့ဖူးတယ်"

"ရွှေလား"

"ဟုတ်တယ်"

"ဖြူ့ကို သူတော်တော်ချစ်လားဟင်"

မေးနေပြီကော။ ငါလည်း နှင့်ကိုမေးလိုက်ချင်ပါတယ်ဖော်။ 'ငါ့ကိုချစ်သေးရဲ့လား'လို့။ အမေးအတွက် နှင့်အဖြေက ခေါင်းခါခြင်းသက်သက်ပဲရှိနေမှာကို ငါကြိုမြင်နေပါတယ်လေး

"ကျွန်မလည်း အစက ထင်ခဲ့မိတာပဲ မဝါရဲ့"

"ဟယ်!. . ."

"အမေကပြောတယ်၊ အဲဒီအရွယ်မှာ ရာတွေ့တဲ့အချစ်က မစစ်မှန်ဘူးတဲ့လေ။ အခုတော့ အမေ့စကားမှန်နေပြီဆိုတာကို ကျွန်မ သိလိုက်ရပြီ"





"ဘာရယ်"

"ရေနွေးပူပူလောင်းထည့်လိုက်မိတဲ့ ဖန်ခွက်လို နှလုံးသားက ဒဏ်ရာတင်သွားတာ အမှန်ပါပဲ"

"ဖြူ့ချစ်သူက ဖြူ့ကိုမျှား"

"ဟင့်အင်း, ကျွန်မတို့နှစ်ယောက် သံယောဇဉ်ကိုဖြတ်ပြီး လမ်းခွဲခဲ့ကြတာမဟုတ်သလို၊ တစ်ယောက်နဲ့တစ်ယောက်မုန်းပြီး ကျောခိုင်းခဲ့ကြတာမျိုးလည်းမဟုတ်ဘူး မဝါ။ ဒီလိုပဲ ဘဝလမ်းအတွက်လျှောက်ကြဖို့ ခဏလောက်လေး အလှမ်းဝေးသွားတာမျိုးပါ"

"အခု သူက"

"ကျွန်မသူငယ်ချင်းရဲ့ချစ်သူအဖြစ်နဲ့ မနေ့ကပဲ ပြန်တွေ့ခဲ့ရတယ်"

မဝါ၏အာမေဋိတ်သံက ခပ်ကျယ်ကျယ်ထွက်လာလေတော့၏။

ဇ ဇ ဇ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

''တီချယ်''

အသံကြောင့် လွင့်နေသည့်စိတ်က ကိုယ်ကို ရုတ်ချည်း ပြန်ကပ်လေ၏။ ကျောင်းရှေ့ကိုလှမ်းမှန်းမသိ လှမ်းလာဖြစ်သည့် ခြေလှမ်းတို့က ဝင်းဝမှပြေးဝင်လာသည့် ကလေးလေးကြောင့် တုန့်ခနဲရပ်သွားရပါသည်။ အလို! မိုးသက်တံလေးတောင် ရောက်လာပါရောလား။

ကလေးက ပြေးလာရင်းဖြင့် လက်ဆန့်တန်းလိုက်တာ မို့ သူမအံ့ဩသွားရပါ၏။ လူကိုများ ချိန်ခိုင်းလေပြီလား။ အတွေး ဆုံးခင် အနီးသို့ရောက်လာသည့်ကလေးလေးကို သူမ ပွေ့ချီ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရချေပြီ။ နောက်နားဆီမှ ပုံမှန်ခြေလှမ်းဖြင့် လျှောက်လာနေသည့် ဒေါက်တာမိုးစက်တင်၏အပြုံးက နံနက်ခင်းနေရောင်နှင့်အပြိုင် နွေးထွေးလေစွ။

''သားက တီချယ့်ကိုမချီနိုင်ရဘူးလေ၊ ဘယ့်နှယ်''

''အိုင်မစ္စယူ စိုးမတ်ချ် တီချယ်''

''ဟဲ့''

ဘယ်တုန်းကတည်းက သင်ထားမှန်းမသိသည့်စကားဖြင့် သူမပန်းထက်မိလျက် ပြောလိုက်တာမို့ ပါးစပ်အဟောင်းသားဖြစ်သွားရပြန်၏။ ဤကလေး စကားတတ်ပုံကဖြင့် သြချလောက်စဖွယ်ပါလေ။

''တီချယ်ကလည်း သားလိုပါပဲကွယ်၊ ကဲ, ဆင်းတော့နော်''

''သားသားကို မချီချင်ဘူးလား တီချယ်''

''အို! အခုပဲ ကျောင်းခန်းထဲဝင်ရမှာမဟုတ်လား သားရဲ့။ ခဏနေ ဘုရားရှိခိုးရတော့မှာလေ''

''ကျောင်းခန်းထဲအထိ ချီပို့ပေးပါလား တီချယ်။ ဒုန့်ယူ လပ်ဖ်မီ''





မဂါက ရယ်ချေပြီ။ ဤမျှ တီတီတာတာ စကားတတ်သည့်ကလေးလေးကို သူတို့အိမ်မှာ အဘယ်မျှပင် ချစ်မြတ်နိုးပြီး အလိုဝိုင်းလိုက်ထားကြပါလိမ့်နော်။ အဖျားရှိနေတာမို့ ကလေးကို အဖျားကူးမှာစိုးရိမ်မိနေတာပါလေ။ မထူးပါဘူး၊ စလုပ်မိမှတော့ အဆုံးထိသာ ပို့ပေးလိုက်ပေတော့ စကားဖြူ။

''သားက မဆိုးနဲ့လေ''

''ဟင့်အင်း. . . မရဘူး''

''ချီပို့စေချင်ရင် ဒက်ဒီချီမယ်လေ၊ လာ''

''No!... တီချယ်လိုက်ပို့ပေးပါ''

''အင်းပါ''

စကားဖြူ သားကိုချီပြီး ကျောင်းခန်းထဲသွားပို့ရန် ရှေ့မှလျှောက်နေတာမို့ သူနှင့်ဆရာမဒေါ်ဝါဝါက ယှဉ်ပြီး နောက်မှလိုက်ခဲ့ပါ၏။ ဘယ်ထောင့်ဘယ်နေရာကပဲကြည့်ကြည့်၊ အစဉ်အမြဲ ရင်အေးစေတဲ့အလှပိုင်ရှင်လေးပါပဲလား စကားဖြူ။ (၈)နှစ်ကွာခြားတဲ့အသက်နှင့် အိမ်ထောင်သည်(မုဆိုးဖို)ဆိုတဲ့ပြစ်ချက်က ကိုယ့်ထံမှာ အရိပ်သဖွယ် အုပ်မိုးနေတာမို့ ဆေးခါးကြီးငုံထားရသလို ဖွင့်ဟဖို့ ခက်နေတာအမှန်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူက ခေါင်းကိုက်နေတာ"

"ဘယ်လို"

"ဩော်. . . ဒေါက်တာ့သားကို သူမချီချင်လို့မဟုတ်ပါဘူး။ ဖျားချင်ချင်ဖြစ်နေတာဆိုတော့ အဖျားကူးမှာစိုးလို့နဲ့တူပါတယ်"

"ဟာ! သားက တီချယ့်ကို နှိပ်စက်သလိုဖြစ်နေပါပြီ"

"နေပါစေတော့ ဒေါက်တာ၊ ကျောင်းခန်းရှေ့ရောက်နေပြီပဲဟာ"

ကျောင်းသားစုံအောင် စောင့်နေကြတုန်းပဲမို့ သားကို ကျောင်းခန်းထဲပို့ပေးပြီး သူမ လှည့်ထွက်လိုက်လေ၏။ ဟုတ်သားပဲ၊ ခပ်နွမ်းနွမ်းလေးဖြစ်နေတဲ့မျက်နှာလေးကို သူဘာကြောင့် သတိမပြုမိပါလိမ့်နော်။

"စကားဖြူ"

"ရှင်. . . ဒေါက်တာ"

"နေမကောင်းဘူးဆို"

"ဟင်! "

"ဘာလို့စောစောက မပြောတာလဲ၊ သား ဂျိုဂျော်





ကျတာကို လိုက်လုပ်ပေးရတယ်လို့"

မဝါ မျက်စပစ်ပြနေပြီမို့ ဒေါက်တာ့ကို သူမအကြောင်းပြောလိုက်ပြီမှန်း သိလိုက်ပါ၏။ ဒုက္ခပါပဲ၊ ဆေးခန်းက ဆရာဝန်ဆီမှာ ဆေးလေးတောင်းသောက်လိုက်ရင် ဖြစ်တာကို ဒီနေ့မှ ကံဆိုးရတယ်လို့။ ဆေးခန်းမှာ ဒီဆရာဝန်ထိုင်မှ အကြောင်းမရှိ အကြောင်းရှာပြီး ညို့မြူလုပ်တယ်လို့များ လူတွေ အမနာပပြောကြရင်တော့ လူတွေရဲ့တံတွေးခွက်မှာ သူမ ပက်လက်မျောမှာလေ။

ဆင်ဆင်ခြင်ခြင်နေဖို့ သတိထားနေပါလျက် ပြဿနာတက်အောင် လုပ်ကြံရတယ်လို့ မဝါရယ်။

"ခေါင်းနည်းနည်းကိုက်နေရုံပါပဲ ဒေါက်တာ။ သိပ်ကြီးဖြစ်နေတာမဟုတ်ပါဘူး"

အားနာလို့များလား။ ဒါမှမဟုတ် အမျိုးသားဆရာဝန် စမ်းသပ်တာ ခံရမှာကိုပဲ စိုးရိမ်လို့များလားဟု သူ့နှစ်လမ်းတွေးမိလိုက်ပါ၏။ မျက်ခွံလေး မသိမသာမို့အစ်နေတာကို မြင်ရတာမို့ ငိုများငိုထားလေသလားဟု အစိုးရိမ်ပိုသွားရတာ အမှန်ပါပင်။ ရင်ထဲမှာ ဘာတွေများဖြစ်ပြီး ခံစားနေရပါသလဲ တောဖြူ။



www.burmeseclassic.com

www.burmeseclassic.com



"အဖျားရှိလို့လည်း ဖြစ်နိုင်ပါတယ် စကားဖြူ။ ဆေးခန်းမှာ လိုက်စမ်းကြည့်လိုက်ပါလား"

"အို . . . နေပါစေ ဒေါက်တာ"

"အားမနာပါနဲ့ စကားဖြူ။ ကျောင်းဆေးခန်းဖွင့်ပေးထားတာ ဒီကျောင်းက ဆရာမတွေ ဝန်ထမ်းတွေ ကလေးတွေအတွက် အရေးကြုံလာရင် ကုသနိုင်ဖို့ပါ။ 'အာရောဂျံ ပရမံလာဘံ' ဆိုတဲ့ ဆောင်ပုဒ်ကို အလေးထားရင်ပေါ့"

ပညာတတ်ပီသပါပေ့။ ဒီလောက်စကားလမ်းကြောင်းပေးနေတာမို့ အလိုက်သင့်လေးသာ မလျှောက်မိရင် ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ သူမအပေါ်မှာ ဒေါက်တာ စိတ်ခုစရာတွေ ဖြစ်ကုန်မှာလေ။

မဝါက သူမကို မေးဆတ်အချက်ပြလိုက်ပြီး နားနေခန်းထဲ ဝင်လိုက်ပြီမို့ သက်မကို ကျိတ်ရှိုက်လိုက်မိပါ၏။ အင်းပေါ့လေ၊ အဖော်ခေါ်ရအောင် သူမအရွယ်က ကလေးမှမဟုတ်တာကိုး။

"လိုက်မှာလား"

"ရှင်"





"ဆေးခန်းကိုလိုက်မှာလားလို့ မေးတာပါ စကားဖြူရဲ့။ ဘာတွေတွေးနေတာလဲ၊ စိတ်နဲ့လူနဲ့မကပ်သလို ဖြစ်နေပါလား"

ဖျန်းခနဲ မျက်နှာရဲသွားရပါ၏။ သိလိုက်တာပါပဲလား။ ရင်ထဲမှာ ဘောင်ဘင်ခတ်နေသမျှ အပြင်လူ ဘယ်သူမှမသိနိုင်ဘူးထင်နေတာ မှားချေပြီ၊ သတိထားပေတော့ စကားဖြူ။ အတွေ့အကြုံရင့်ကျက်နေတဲ့အရွယ်ဖြစ်သည့်ဒေါက်တာ့ကို အလေးထားပြီး သတိနဲ့နေပေတော့။

"ဟုတ်ကဲ့"

အတော်ကြာကြာမှဖြေဖြစ်တာမို့ သူတစ်ချက်ရယ်လိုက်လေ၏။ ဤမိန်းကလေးရင်ထဲမှာ အချစ်ဆိုတဲ့အပူမီး ဟပ်နေချေပြီလား။ သူ့တုန်းကလည်း သားရဲ့အမေဖြစ်လာမယ့် ချယ်ရီကို မာမီနှင့်အတိုက်အခံဖြစ်ပြီး ချစ်မိခဲ့စဉ်က ဤသို့ဤနှယ် ပူလောင်ပြီး မျက်နှာငယ်ခဲ့ရတာလေ။

"ကုတင်ပေါ်မှာ ခဏလှဲလိုက်ပါလား"

"ဟင်! ကျွန်မ ဆေးမထိုးဘူးနော်"

ကြောက်လန့်တကြား ငြင်းလိုက်တာမို့ သူပြုံးမိသွားရပြန်လေ၏။ ကလေးလို အဘယ်မျှအပြစ်ကင်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''မလိုအပ်ရင် မထိုးပါဘူး ကောင်မြို့ရဲ့။ နည်းနည်းပါးပါးတော့ စမ်းသပ်ကြည့်ရမှာပေါ့။ ဘယ်လိုဖြစ်ရတာလဲ၊ ကလေးတွေထက်တောင် ပိုကြောက်နေသေး''

''ဆရာမ ဖျားလို့လား''

''ဟုတ်တယ် သိသိ၊ Thermometer လေး ကမ်းပေးပါဦး''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

သူက ဘေစင်မှာ အရင်ဆုံး သေချာလက်ဆေးပြီး အဖျားတိုင်းတာ၊ သွေးပေါင်ချိန်တိုင်းတာ၊ နားကြပ်ဖြင့် စမ်းသပ်တာတို့ကို လုပ်ပေးလေ၏။ တော်ပါသေးရဲ့၊ ဘေးမှာ နာ့စ်မလေး ရှိပေလို့ပဲ။ နို့မို့ ဒေါက်တာ့ကိုမျက်နှာချိုပြီး သူမအကြည့်ကို ဘယ်နားသွားထားရမှာပါလိမ့်။

''110/70 ဆိုတော့ Normal ပါပဲ။ အားတော့ နည်းနေသလိုရှိတယ်။ အဖျားက Hundred ရှိတယ် ကောင်မြို့''

''ဆေးမထိုးဘူးလို့ ပြောထားတယ်နော်''

''ကြော်. . . ဒါလောက်တောင်ကြောက်နေမဲ့ ဆေးမထိုးပေးပါဘူး ဆောက်ကောက်တော့ လိုမယ်၊ ဒီလောက်များနေတာ ကျောင်းတို့





လာရသလား။ တော်ကြာ ကလေးတွေကိုအဖျားကူးရင် ဘယ့်နှယ်လုပ်မလဲ''

ပြောလိုက်မိတာ မှားပြီလား။ မျက်နှာရဲသွားတာက ပန်းသီးနှယ်လေ။ ပြဿနာပဲ၊ လူနာကို မကြောက်ကြောက်အောင် ဖြဲခြောက်တဲ့ဆရာဝန်လို့ သူ့ကိုထင်သွားရင် အခက်ပါပဲ။

''ဒါဖြင့် အခုပဲ အိမ်ပြန်ရတော့မှာလား''

''မဟုတ်ပါဘူး။ ကိုယ်က ရင်းနှီးသမှုနဲ့ ဒီလိုပဲ နောက်လိုက်တာပါ ကောင်မြို့ရယ်။ သိပ်လန့်မသွားပါနဲ့၊ အခုမှပဲ အပြစ်လုပ်မယ့်ကလေးကို ခြိမ်းခြောက်သလိုဖြစ်နေပြီ''

သူက စားပွဲနောက်ရှိခုံမှာ ထိုင်လိုက်ပြီးမှ ကုတင်ထက်မှ သူမ ဆင်းလိုက်ပါ၏။ လယ်ဂျာစာအုပ်အတွင်းမှာ ဒီနေ့ Date ကိုတပ်ပြီး အမှတ်စဉ် (1) ရေးကာ သူမနာမည်နှင့်အသက်ကို ခပ်သွက်သွက်ရေးနေတာမို့ အံ့သြနေမိပါ၏။ ဘယ်လိုဖြစ်ပြီးများ ဒီအသက်ကို သိနေတာပါလိမ့်နော်။

''မနက်က ဘာစားခဲ့သလဲ''

''ကော်ကာအုပ်''

''ဒါပဲလား။ အဖတ် ဘာမှမစားခဲ့ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဘာမှမစားရင် ပိုပြီး Weak ဖြစ်နိုင်တာပေါ့ စကား
ရဲ့။ ဆရာမဖြစ်ပြီး ခေါင်းတယ်မာပါလား"

နှုတ်ခမ်းက စူသွားချေပြီ။ လူကြီးဆူလိုက်တော့လည်း
စိတ်ကောက်ဖို့ပြင်မိတာပါပဲလား။ ဤကလေးကိုဘယ်လိုဆည်ထား
စေ၊ ငယ်သူမို့ ငယ်တဲ့အရိပ်အယောင်ကိုတော့ သူ့မျက်နှာထက်
မှာ ပြသတတ်တာအမှန်ပါလေ။

"ဆေးတွေကပြင်းတော့ ဘာမှမစားဘဲနဲ့ သောက်
မရဘူးနော်။ မနက် နေ့လယ် ညနဲ့ နောက်နေ့မနက်အတွက်
အားလုံး လေးခွက်စာ ပေးလိုက်မယ်"

နောက်နေ့မနက်စာပါဆိုတော့ နောက်နေ့လည်း သူ
ဦးမှာပေါ့လေ။ ဒုက္ခပါပဲ။ တစ်ခါလေးဖျားမိပါတယ်၊ မကျချင်
ဆရာဝန်နဲ့မှ ကုမိရတယ်လို့။

"ရော့ . . . ညနေကျရင် လိုက်ပို့ပေးမှာမို့ ကိုယ့်ကား
ပဲ လိုက်ခဲ့နော်"

"ရှင်!"

မျက်လုံးဝိုင်းလျက်သား ကြည့်နေတာမို့ သူရယ်ချင်





ဖြစ်သွားရပြန်သည်။

ဘယ်လိုပါလိမ့်၊ ဤကလေးမ ဘယ်ယောက်ျားမျိုးနဲ့
မှ ဒီလိုဂရုစိုက်မှုမျိုး တစ်ကြိမ်မှမရှိခဲ့လေသလား။ ထူးဆန်းလေ
စွ။

"စကားဖြူ"

"ရှင်"

"နေမကောင်းတဲ့အတွက်ကြောင့် မင်းရဲ့တိုက်ခန်းကို
ကိုယ်လိုက်ပို့ပေးမယ်လို့ပြောနေတာလေ။ ဘာကိုအံ့ဩနေတာ
လဲ"

"အို . . . မဟုတ်တာ"

"ဘာမဟုတ်တာလဲ၊ ဟုတ်တာကိုပဲပြောနေတာ။ ကဲ,
ပေါင်မုန့်ဖြစ်ဖြစ် Cake ဖြစ်ဖြစ် တစ်ခုခုကို ကော်ဖီနဲ့စားပြီးမှ
ဆေးတစ်ခွက်သောက်လိုက်ချေ။ သွားလို့ရပါပြီ"

အမိန့်ရသည်နှင့် ဆေးခန်းထဲမှ သုတ်ခြေတင်ထွက်ခဲ့
ပါ၏။ နေ့လယ်ထမင်းစားချိန် (၁၂)နာရီမှာ နားနေခန်းထဲ ဆရာမ
တွေစုံနေတုန်း လာပို့သည့်ကြက်သားဆန်ပြုတ်ကြောင့် အားလုံး
၏မျက်လုံးအစုံကို ရင်မဆိုင်ရဲသလို ညနေပြန်ပို့မည့်ကားစီးရမှာ



www.burmeseclassic.com

www.burmeseclassic.com



မို့ ရင်မောလိုက်တာ မပြောပါနဲ့တော့။

နင်တော့ သေပြီ စကားဖြူရယ်. . .

ဇ ဇ ဇ



## အခန်း (၁၇)

"ဘယ်လိုဖြစ်တာလဲ၊ သီချင်းသွင်းရပါမယ်ဆိုနေမှ မျက်နှာက မျောက်အိုလိုမှိုင်နေပါရောလား မြင့်မိုရ်"

"အေးလေ၊ ဖိုးပြုံးချိုဆိုပြီး နာမည်ပေးထားတဲ့ကောင်က ဘာဖြစ်နေတာလဲကွ"

တိုက်ခန်းထဲရောက်တာနဲ့ ဝိုင်းပြောကြသည့်သူငယ်ချင်းတွေကြောင့် သူ့မျက်နှာက ပိုပြီးရှုံ့တွသွားရပါ၏။ တစ်ညလုံးကောင်းကောင်းမအိပ်ထားမှတော့ သီချင်းသွင်းမယ့်အသံက ဘယ်လာကောင်းနိုင်မှာတဲ့လဲ။ Studio ပိုင်ရှင်ကိုတိုးတော့ သူ့ကိုကျိန်ဆဲတော့မှာ သေချာနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



''ဟ! မေးနေတာ ဖြေလေကွာ''

''ရင်နာနေတာ''

''ဂဠုန်ရာဇာ လှူးလိုက်ပေါ့''

''ဘာလဲ၊ မင်းကို ဟိုကောင်မလေး ငြင်းလိုက်လို့လား။ ဟုတ်လား''

''ဘယ်ကောင်မလေးလဲ''

''သုခေတ်စံလေ''

''ကျစ်! . . ကြဲကြဲဖန်ဖန်၊ မဟုတ်တာ''

''ဒါဖြင့် ဘယ်သူက ခါထုတ်လိုက်လို့လဲ၊ ပြောပါဦး''

ခါထုတ်လိုက်တာလဲတဲ့။ မေးနေပြီကော စကားရယ်။ တစ်ခုလပ် ကလေးအမေဆိုတဲ့စကားလုံးက ကိုယ့်နားထဲမှာ မိုး တောင်ပေါက်ကွဲသလို ခုထိအသံအကျယ်ကြီး ကြားနေရတုန်းပါ ပဲ။

စောင့်မယ်ဆို၊ စောင့်နိုင်တယ်ဆိုလို့ နောက်ကြောင်း အေးအေးထားပြီး ကိုယ့်ရည်ရွယ်ချက်ကို ပြီးမြောက်အောင်မြင် အောင် ကြိုးစားနေဆဲပါ။ လမ်းစတွေ့ကာမှ အမှောင်လမ်းဖြစ် ရလေအောင် မင်းသုပ်ရက်ရတယ်လို့။





ဘယ်သူ့ကိုများ ထပ်ချစ်ခဲ့ပါသလဲ။ ဘယ်လိုလူနဲ့များ သက်ဆက်ခဲ့ပါသလဲ။ ဘယ်သူ့ကြောင့်များ လွယ်လွယ်နဲ့လက် တဲ့ပြီး ကွာရှင်းခဲ့ရတာပါလဲ။ ပြီးတော့ ဝမ်းနဲ့လွယ်ပြီး ယူခဲ့ရတဲ့ ခင်းရဲ့ကလေးကို ဘယ်လိုခံစားချက်နဲ့များ မင်းယောက်ျားကို ပေး ခဲ့ခဲ့ရတာလဲ။

ဒီမေးခွန်းတွေ ကိုယ့်ရင်ထဲမှာ ဖြစ်ပေါ်လာတိုင်း နှလုံး သားက တစစ်စစ်နဲ့ နာနာကျင်ကျင်ကြီးခံစားနေရတာ အမှန်ပါ လေ။ ကိုယ်ပြန်ရှာခဲ့တဲ့နေရာမှာ ခြေရာထင်မကျန်ရလေအောင် ရှောင်ပုန်းနိုင်ခဲ့တဲ့မင်းက ခုတော့ တစ်ပါးသူစွန့်ပစ်ခဲ့တဲ့ အနွမ်း န်းလေးဘဝနဲ့ ညှိုးလျော်နေရတယ်လို့။

ကိုယ် ရင်တကယ့်ကိုကွဲနေတာ အမှန်ပါလေ။ ဩော်၊ ကားရယ်။

''ငါ့နှလုံးသားကို ညက ပြန်တွေ့ခဲ့တယ်''

''ဘာ!''

''အဲဒါနောက်ရေးမယ့်သီချင်းစာသားလား''

''မနောက်ပါနဲ့ စည်သူရာ၊ ငါအတည်ပြောနေတာကွ''

''ဘယ်တုန်းက ရည်းစားကို ပြန်တွေ့ခဲ့တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဦး"

နှစ်ယောက်သား ပခုံးတွန့်ပြလိုက်ပြီး သူလှဲနေသည့် နှစ်ယောက်ထိုင်ဆက်တီရှေ့က ခုံတွေမှာ ဝင်ထိုင်လိုက်ကြလေ၏။ ကော်ဖီဆိုင်ကို မကြာခဏသွားနေတာနဲ့ပဲ သူခေတ်စံကို သူစိတ်ဝင်စားနေတယ်လို့များ ထင်ရတယ်လို့။

"သူ့ခေတ်စံကို မင်း ငြိနေတာမဟုတ်ဘူးလားကွ မြင်မိရဲ့"

"ကျစ်!...ဘယ်ကသာ"

"မင်းရည်းစားကို ဘယ်မှာတွေ့ခဲ့ရတာတုန်း"

"သူခေတ်စံရဲ့တိုက်ခန်းမှာ"

"ဘယ်လို"

"ဘာလဲကွ၊ မင်းပြောတော့ သူခေတ်စံကိုမကြိုက်ဘူးဆို"

လုံးဝလည် ချာလည်ရိုက်နေသည့် သူငယ်ချင်းနှစ်ဦးကြောင့် သူစိတ်တိုသွားရပါ၏။ စိတ်မကြည်လင်ပါဘူးဆိုနေ လာနှောက်ရတယ်လို့။

"သူခေတ်စံရဲ့အခန်းဖော်"





"ဘယ်သူတဲ့လဲ"

"စကားဖြူ"

"နာမည်က လှလှချည်လား"

လူက ပိုတောင်မှလှသေးတယ်လို့ သူ မရေရွတ်နိုင်တော့ပါချေ။ ခေါင်းလျှော်ထားတာကိုသုတ်နေရင်း တံခါးကိုဖွင့်ပေးခဲ့တာ၊ ရင်းနှီးသထက်ရင်းနှီးအောင် ကြိုးစားနေမိတဲ့သူခေတ်စံလို့ပဲထင်ပြီး သူ့မျက်နှာကို ပန်းစည်းကြီးနဲ့ ကွယ်ရပ်နေခဲ့မိတာလေ။

ပန်းစည်းကိုဖယ်ပြီး စမြှုပြင်လိုက်စဉ်မှာ သူ့ရင်ဘတ်ကြီး ဒိန်းခနဲဆောင့်ခုန်သွားခဲ့တာ ဘာများကြာသေးလို့လဲ။ ရှာနေတုန်းကဖြင့် အစအနလေးတောင်မှမမြင်ခဲ့ရပါဘဲ ရုတ်တရက်ပြန်ဆုံစဉ်မှာ ဘာပြောရမှန်းမသိ၊ သူငေါင်ခနေချိန်မှာ ဝင်ပြောလာတာက သူခေတ်စံလေ။

ယဉ်သကိုမယ် ဆံနွယ်ရှည်ကို ဆက်ထားဖြစ်တုန်းပါပဲ၊ ကိုယ်အမြတ်တနိုး နမ်းရှိုက်ခဲ့တဲ့ ဒီဆံနွယ်တွေရဲ့ရနံ့ကို ကိုယ်မဟုတ်တဲ့ တခြားလူတစ်ယောက်က ရှူရှိုက်ခွင့်ရသွားရတယ်လို့၊ နှလုံးသားပါမက ကိုယ် မတို့မထိရက်နိုင်တဲ့ မင်းရဲ့ခန္ဓာကိုယ်ကိုပါ အဲဒီလူကို ရက်ရက်ရောရောကြီး ပေးလိုက်တာလား စကား



www.burmeseclassic.com

www.burmeseclassic.com



ရယ်။ မင်းအသည်း ဒီလောက်မာနိုင်လိမ့်မယ်လို့ ကိုယ် ဘာကြောင့်မထင်မိခဲ့တာပါလိမ့်။

"အဲဒီစကားဖြူက ဘာတဲ့လဲ"

"ရည်းစားအသစ်နဲ့ တွဲနေပြီမို့လို့လား"

"အဲဒါထက် ပိုဆိုးတယ်"

"ဘာတဲ့လဲ"

"အိမ်ထောင်. . . အိမ်ထောင်ကျပြီးလို့ Divorce... တောင် လုပ်ပြီးနေပြီတဲ့"

"ဘာ!"

"ဟုတ်ရဲ့လား မြင့်မိုရ်ရာ"

"ကလေး. , . ကလေးတောင တစ်ယောက်ရပြီးမှ သူတို့ကွဲကြတာတဲ့"

"သူ့ကလေးကို မင်းတွေ့ခဲ့လို့လား"

သူ ခေါင်းကိုခါပြလိုက်ပါ၏။ ရင်ထဲက ဖြစ်တည်တဲ့ ကလေးကိုတောင် ယောကျ်ားကိုပေးလိုက်တဲ့စိတ်ထားကြောင့် မင်းအသည်း ဘယ်လောက်မာသလဲဆိုတာကို ခန့်မှန်းနိုင်ပါတယ် စကားရယ်။ သွေးသားရင်းခြာကိုတောင် စွန့်ဝံ့ရင် ကိုယ်လိုလူ





အလွယ်တကူနဲ့မေ့လျော့နိုင်တာ ဆန်းကြယ်နိုင်ပါတော့မလား။

"ဒါနဲ့ သူ Divorce လုပ်ပြီးပြီဆိုတာကိုရော သူကိုယ်တိုင် ပြောလို့လား"

"ဟင့်အင်း"

"ဟာ! သူမပြောဘဲ မင်းဘယ်လိုသိလာတာလဲ"

"သုခေတ်စံ ပြောလို့ပါ"

"မဟုတ်သေးပါဘူး။ သူပြောတာနဲ့ မင်းက ပစ်ယုံလိုက်တာပဲလား မြင့်မိုရ်ရာ"

"အေးလေ၊ အမှုတစ်ခုဖြစ်လာရင် အနည်းဆုံးသက်သေသုံးခုလောက်ရှိမှ ပြန်ချေပလို့ရနိုင်တာမဟုတ်ဘူးလား"

"ဟုတ်တယ်၊ မင်းမျက်စိနဲ့ ကိုယ်တိုင်မြင်မှယုံသင့်တာပေါ့ မြင့်မိုရ်"

ဖေယျုနှင့်စည်သူတို့စကားကြောင့် သူ ငိုင်နေမိလေ၏။ ကြားတာကို ဘာတစ်ခုမှမယုံနဲ့၊ မြင်တာကိုပဲ တစ်ဝက်ယုံ ဆိုတဲ့ ဆောင်ပုဒ်ကို သူ အလေးထားရတော့မယ်ထင်ပါရဲ့။

"ငါသွားဦးမယ်"

"ဘယ်ကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သုခေတ်ခံဆီ"

"ဘာသွားလုပ်ဦးမလို့လဲ"

"သူဘယ်မှာလုပ်နေသလဲဆိုတာ သေချာအောင်မေး မှာပေါ့"

"မင်းကလည်း သူနေတဲ့နေရာကိုသိနေမှတော့ အလုပ် ကိုသိစရာလိုမလားကွ"

"အေးလေ၊ Private School ဆရာမဆိုရင် ညနေငါး နာရီလောက်ဆို သူအိမ်ပြန်ရောက်လောက်ရောပေါ့။ အဲဒီအချိန် သွားပြီး စိတ်တိုင်းကျမေးပါလေ့"

ဟုတ်သားပဲ၊ အလုပ်အထိသွားရာရင် သူမရဲ့လျှို့ဝှက် ချက်တွေကို သူလိုက်ဖော်သလိုဖြစ်သွားမှာပေါ့။ ကောင်းပြီလေ ကိုယ် မင်းဆီကိုလာရင်တော့ ပထမအကြိမ်တုန်းကလို မသိချင် ယောင်ဆောင်ဖို့ မကြိုးစားလိုက်ပါနဲ့လား စကားဖြူ။

နာရီကိုကြည့်လိုက်တော့ ညနေငါးနာရီကျော်နေပြီ။ စိတ်မြန်သူပီပီ ဆတ်ခနဲထရပ်လိုက်သဖြင့် စည်သူတို့ လန့်သွား ကြလေ၏။

"ဘယ်လဲ"





"စကားဆီ"

"ဒီညသီချင်း. . ."

"ကိုတိုးကိုကြည့်ပြောပေးထားကွာ၊ ငါမသေချာဘူးလို့"

"ဟာ! မြင့်မိုရ်. . . မင်း"

တားမြစ်သံတို့က သူ့နောက်ပါးမှာ ကျန်ရစ်ခဲ့ပါ၏။ လေ ကားထင်တို့ကို အပြေးအလွှားဆင်းခဲ့မိလေသည်။ ခြေလှမ်းတို့ က ဝါဂွမ်းဖတ်လေးလို ပေါ့ပါးလို့ပါလေ။

၁၃

"အားနာလို့ပါ ဒေါက်တာ"

"ပြောပြန်ပြီ"

ကားတံခါးကိုဖွင့်ပေးနေပြီမို့ သူမငြင်းဆန်သံက တိုးတိမ် သွားရပါ၏။ မိုးသက်တံလေးက ကားပေါ်အရင်တက်နှင့်ပြီး သူမ ထိုင်ရန်နေရာကိုပင် လက်လေးဖြင့် ပုတ်ပြနေပြီလေ။

"သွားကြမယ်လေ တီချယ်"

သူကပြုံးပြီး ခေါင်းညိတ်ပြနေပြီမို့ အဆင်သင့်ဖွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်တံခါးမှ ကားပေါ်သို့တက်လိုက်ရတော့၏။ ဒေါက်တာက တံခါးကိုပိတ်ပေးလိုက်ပြီးမှ ရှေ့ခန်းမောင်းသူနေရာမှာ ဝင်ထိုင်လျက် ကားကိုခပ်ဖြည်းဖြည်းမောင်းထွက်လိုက်လေသည်။

တိုက်ခန်းကို ဘယ်သူစိမ်းယောက်ျားလေးကိုမှ သူမ ခေါ်လေ့မရှိခဲ့ပါ။ ပထမဆုံး စံက သူ့ကိုခေါ်ခဲ့တာဖြစ်ပြီး ဒီညနေမှာတော့ ဒေါက်တာတို့သားအဖကို သူမ ခေါ်ခဲ့ချေပြီ။ ငြင်းဆန်မှုကြိုးစားပေမယ့် ဒေါက်တာ့ကိုအားနာတာရော ကလေးကို ငဲ့ကွက်၍ အခုလိုအခြေအနေထိဖြစ်လာတာမဟုတ်လား။

"စကားဖြူ"

"ရှင်"

"နွေကျောင်းပိတ်လတွေဆိုရင် ဘာလုပ်သလဲ"

"ဒီလိုပါပဲ ဒေါက်တာ"

"ဘာလဲ၊ ဒီလိုပဲ ငုတ်တုပ်ထိုင်နေတာမျိုးလား"

"ဟင်. . .မဟုတ်ပါဘူး"

တစ်ဖက်မှာ စာရေးတယ်ဆိုတာကိုတော့ သူမ မပြောဖြစ်ပါလေ။ ဒီအလုပ်က လူတကာကို ထုတ်ပြောသင့်တဲ့ကိစ္စမဟုတ်တဲ့၊ အနုပညာသမားတိုင်းမှာ လျှို့ဝှက်မှုတွေအနည်းငယ်





စိတော့ ရှိကြမှာပါလေ။

"သားကို တစ်ရက်တစ်နာရီလောက် စာလာသင်ပေးလို့ရမလား"

"ရှင်"

"ကိုယ် လစာကောင်းကောင်းပေးနိုင်ပါတယ် စကားဖြူ။ ဘာ ကရိကထမှ ပိုစရာမရှိပါဘူး။ Driver နဲ့ ကားကြိုပို့နေ့စဉ်လုပ်ပေးမယ်လေ။ ဘယ်လိုလဲ"

"ဟိုလေ"

"စဉ်းစားပါ စကားဖြူရဲ့၊ အချိန်တွေ ရှိပါသေးတယ်လေ၊ ဖြည်းဖြည်းပေါ့။ မဟုတ်ဘူးလား"

နှုတ်ဆိတ်နေမိပါ၏။ အကူအညီပေးချင်တာမှန်ပေမယ့် ဝန်းကျင်ကို ငဲ့စရာတွေက ရှိနေသေးတာလေ။ အထူးသဖြင့် တစ်သက်တာ လုံခြုံစွာစောင့်ထိန်းခဲ့တဲ့ သူမရဲ့ဂုဏ်သိက္ခာအတွက် အလေးထားဆုံးဖြစ်ရမှာကိုး။ တော်ကြာ ဒီလမ်းကိုမြင်လို့ ဒီချုံကိုထွင်ပါတယ်ဆိုပြီး လူတွေသွားပုပ်လေလွင့်ပြောကြရင် ဘယ့်နှယ်လုပ်မလဲ။

တိုက်တန်းရှေ့ ပလက်ဖောင်းအနီးမှာပင် ကားရပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမို့ ဆင်းလိုက်ရပါ၏။ အပေါ်ကိုလိုက်မတက်ဘူးဆိုသဖြင့် သက်မကိုကျိတ်ရှိုက်လိုက်ရလေသည်။ ကားပေါ်မှ လက်ပြနှုတ်ဆက်နေသည့်သားအမနှစ်ဦးကို အပြုံးဖြင့် ပြန်လှက်ပြနေမိစဉ် တစ်ဖက် Platform အနီးရပ်ထားသည့်ကားပေါ်မှ လူတစ်ဦး ငေးကြည့်နေသည်ကို သူမ သတိမထားမိခဲ့ပါချေ။

ဧ ဧ ဧ



## အခန်း (၁၈)

"ဘယ်လို"

တအံ့တသြပြန်မေးလိုက်သည့် မာမီ့ပုံစံက သူ့ကိုပြုံးမိစေပါ၏။ ဘေးမှာ ထမင်းစားနေသည့်သားကို ငုံ့ကြည့်လိုက်မိစဉ် ပါးစပ်မှာ ထမင်းစေ့ကပ်နေတာမို့ Tissue paper ဖြင့် အသာသုတ်ပေးလိုက်ပါသည်။ တကယ်ဆို ဒီလိုအလုပ်တွေကို မိခင်ကသာ လုပ်ပေးရမှာလေ။

"ကိုကိုကလည်းလေ၊ သားကို ကျူရှင်ပြဖို့ ဆရာမတွေ အပြင်မှာ ဒီလောက်ပုံနေတဲ့ဟာကို၊ ဒီကျောင်းကဆရာမခေါ်မှ ဖြစ်မှာတဲ့လား။ ကျစ်!. . ."



www.burmeseclassic.com

www.burmeseclassic.com



"သားရှေ့မှာ စကားပြောဆင်ခြင်စမ်း စံပယ်"

"မာမီ့သားကို ကြည့်ထိန်းဦးနော်"

"ပြောနေတဲ့ကြားကနော်"

စံပယ်က သူပြောလိုက်တာကို မကျေမနပ် မျက်စောင်းခဲလိုက်ပြီး ခုံကိုနောက်ဆုတ်ကာ ထရပ်လိုက်လေ၏။ စားပြီးသည့်ထမင်းပန်းကန်ကို ဒီအတိုင်းထားသွားတော့မှာလေ။ အိမ်မှာ အကူတွေရှိနေတာမို့ ဒီလိုသေးသေးမွှားမွှားကိစ္စတွေကို အလုပ်လို့သတ်မှတ်ပုံမရပါချေ။ စီးပွားရေးကိုလည်း ဘာမှလည်လည်ဝယ်ဝယ်နားမလည်သေးပါဘဲ တစ်နေ့တစ်နေ့ အပြင်မှာချည်း ရှိနေသည့်ညီမအတွက် သူရင်လေးပါဘိ။

ဒီပုံစံနဲ့ အိမ်ထောင်ဘယ်လိုပြုမှာတဲ့လဲ။ အိမ်မှုကိစ္စ ဘာတစ်ခုမှမလုပ်တတ်ပုံနဲ့တော့ ဘယ်ယောက်ျားမကမှ ပြည့်ဖြူမည် မထင်ပါလေ။ မာမီ စွတ်အလိုလိုက်ထားပုံနှင့် စံပယ်တင်ဟာ လွတ်ချင်တိုင်းလွတ်နေတဲ့ လေလွင့်စွန်ငယ်လေး ဖြစ်နေပြီလေ။

"တော်ပြီလား သား"

"Yes! "

"ကလေးကိုခေါ်ပြီး Cleaning လုပ်ပေးလိုက်ပါ မစိန်"





"ဟုတ်ကဲ့ပါ မေမေကြီး"

"လိုက်သွားလိုက်ပါ မိုးသက်တံ"

ဘွားအေစကားကိုနာခံကာ သားက မစိန်နှင့်ပါသွားလေ၏။ Dinner ဝိုင်းမှာ သူနှင့်မာမီ့သာ ကျန်ရစ်လေသည်။

"သားမှာ ဘာ Plan တွေရှိနေလဲ မိုးစက်တင်"

မာမီ့လေသံက တည်တည်ငြိမ်ငြိမ်ပင်။ မနှုံးမနပ်အရွယ်တုန်းက စိတ်လိုက်မာန်ပါ လုပ်ခဲ့ဖူးတဲ့သူ့ကို မှတ်မှတ်ရရ တစ်ခါသာ ဆူခဲ့ဖူးပါ၏။ တစ်ခါဆိုမှ တစ်ခါလေးပါပဲ။ သားကို သူချစ်သလိုမျိုး သူ့အပေါ်မှာ မာမီအဘယ်မျှချစ်သလဲဆိုတာကို ထိုစဉ်တုန်းက သူမသိခဲ့တာအမှန်ပါလေ။

"ဘာမှမရှိပါဘူး မာမီ"

"မင်းကို မာမီမွေးခဲ့တာပါ မိုးစက်တင်ရဲ့။ မင်းပါးစပ်ဟတာနဲ့ ဘာပြောမယ်၊ မင်းလက်လှုပ်တာနဲ့ ဘာလုပ်မယ်၊ မင်းခြေရွှေ့လိုက်တာနဲ့ ဘယ်လှမ်းမယ်ဆိုတာကို မာမီကြိုသိထားပြီးသားပါကွယ်။ ဒီဆရာမလေးကို အိမ်ခေါ်ပြီး မြေးကိုစာပြခိုင်းမယ်ဆိုကတည်းက ဘာကိုရည်ရွယ်သလဲဆိုတာ မာမီကြိုမြင်နေပြီ မိုးစက်တင်"



www.burmeseclassic.com

www.burmeseclassic.com



"မာမိ. . . ကျွန်တော်"

"နေဦး၊ မာမီပြောတာ မပြီးသေးဘူး"

စားပွဲထက်မှ ပစ္စည်းပစ္စယတို့ကို အိမ်အကူတွေ လာသိမ်းနေပြီမို့ သူတို့စကားဝိုင်းက ခဏမျှရပ်သွားလေ၏။ အချိုပွဲအဖြစ်ရောက်လာသည့်သစ်သီးစိတ်တို့ကို မာမီရောသူပါ မစားဖြစ်သေးပါချေ။

"မီးဆိုတာ မလောင်ခင် တားရတယ်ဆိုတာ သားလည်း သိမှာပါ"

"ကျွန်တော် ဘာလုပ်နေလို့လဲ မာမီ"

"အဲဒီလိုလုပ်မှာစိုးလို့ ကြိုပြောနေတာပဲလေ မိုးစက်တင်"

"မာမီ"

"သားကို နောက်အိမ်ထောင်မပြုနဲ့လို့ မာမိမတားခဲ့ဘူး သားရှေ့ကို မာမီခေါ်လာပြတဲ့ မိန်းကလေးတွေမှ အများကြီးပါ။ အဲဒီထဲကနေ သားစိတ်ကြိုက်ရွေးပါလေ့"

ပြောတော့ လွယ်တယ်မာမီ၊ အဲဒီမိန်းကလေးတွေက သားထက် သူပိုင်ဆိုင်တဲ့အရာတွေကို ပိုအလေးထားနေတာကို





မာမီမြင်ပါရဲ့လား။ ချယ်ရီနဲ့တုန်းက သူ့ကိုသဘောမတူဘူးပြောခဲ့သလို အခု ထပ်ပြီးပြောဦးမှာပဲထင်ပါရဲ့။

"သူတို့ကိုမှ ကျွန်တော်စိတ်မဝင်စားဘဲ မာမီ"

"သားအရွယ် သားအသိနဲ့ စိတ်ကစားမှုမျိုးဖြစ်သင့်ရဲ့လား မိုးစက်တင်။ မြေးအတွက် ငဲ့ကြည့်စမ်းပါကွယ့်"

"ကျွန်တော်လည်း သားအတွက် အဓိကထားပြီး စဉ်းစားနေတာပါ မာမီ။ မာမီခေါ်လာသမျှမိန်းကလေးတွေရဲ့မျက်လုံးထဲမှာ မေတ္တာတရားပါနေမယ်လို့များ မာမီထင်နေသလား။ သူတို့မြင်နေတာ ကျွန်တော့်နောက်ကွယ်က အရာတွေပါ မာမီ"

"မှန်တယ်၊ အဲဒါ မိန်းမတွေရဲ့မှန်ကန်တဲ့အမြင်ပဲလေ သားရဲ့၊ ဘယ်မိန်းမကမှ ငွေမပက်တူးလို့ပြောမှာမဟုတ်ဘူး။ ပြောခဲ့ရင်လည်း အဲဒါဟန်ဆောင်သိမ်ညာခြင်းပဲဖြစ်ပါလိမ့်မယ်။ ချစ်တယ်လို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကြည်နူးနေရုံနဲ့ အာဟာရသိဒ္ဓိမပြည့်နိုင်ဘူး မိုးစက်တင်။ လက်တွေ့ကျကျမြင်တတ်စမ်းပါ"

ခက်ပါကော၊ နေ့စဉ်ရေတွက်ပြီး ပုံထားတဲ့ငွေစက္ကူတွေကိုပဲ မာမီမြင်နေတာလေ။ နေဖို့နဲ့သေဖို့ကိစ္စမှာ အဲဒီငွေဟာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်လိုအပ်နေတာမှန်ပေမယ့် ဒီငွေနဲ့ဘယ်အရာကိုမဆို ပေးဝယ်တိုင်း ရနိုင်တာမှမဟုတ်တဲ့။ ဒါကို မာမီသိပါရဲ့လား။

"မာမီ့လိုမျိုး ချယ်ရီ တစ်ခါမှမပြောခဲ့ဖူးပါဘူး မာမီ"

"အဲဒီကောင်မလေးကို မာမီဘာကြောင့် သဘောမတူသလဲဆိုတာ သိသိကြီးနဲ့ သားလက်ထပ်ခဲ့တာမဟုတ်လား မိုးစက်တင်။ သားကို မာမီမွေးခဲ့တာ မာမီ့ကိုဆန့်ကျင်တာမှန်သမျှ လုပ်ဖို့မဟုတ်မှန်း မင်းသိပါတယ်။ မာမီထားခဲ့တာကို သားဆက်လုပ်ခဲ့တဲ့အတွက် ပျော်ခဲ့လို့လား။ ရောဂါသည်တစ်ယောက်ကို ဖနီးတော်ခဲ့ရတဲ့အတွက် မင်း ဘယ်နှနှစ်များ စိတ်ချမ်းသာခဲ့လဲ။ ပြောစမ်းပါဦး"

ပြောရက်လိုက်တာ မာမီရယ်၊ ကျွန်တော်ချစ်တဲ့သူနဲ့ နှစ်ကိုယ်တူ ဗိမာန်လေး တည်ဆောက်ခဲ့တဲ့ကာလက တိုတောင်းလွန်းခဲ့တာမှန်ပေမယ့် အဲဒီကာလတိုလေးမှာ ကျွန်တော် တကယ်ပျော်ခဲ့ပါတယ်လေ။

"မိန်းမယူတယ်ဆိုတာ မာမီတို့မျိုးဆက်ရဖို့တာဝန်ကို အဲဒီမိန်းမ ယူကိုယူရမှာ အသေအချာပဲ။ ဒါကို မင်းက မိန်းမကို ငဲ့ပြီး မယူဖို့လုပ်ခဲ့သေးတာ"





"သားကို ချယ်ရီမွေးပေးခဲ့တာပဲ မာမီရယ်"

"အေးလေ၊ ငါလိုချင်မှန်းသိလို့ မတတ်သာတဲ့အဆုံး လိုက်လျောပေးခဲ့တာမျိုးပါကွယ်။ သားတို့မောင်နှမနှစ်ယောက်စလုံးကို စင်းလုံးချောဘဝလေးဖြစ်အောင် ပြစ်ချက်တစ်ခုလေးမှ မရှိအောင် မာမီပျိုးထောင်ပေးနိုင်ခဲ့ပေမယ့် မင်းတစ်ချက်လေး မှားလိုက်တာနဲ့ အခုလို မုဆိုးဖိုဆိုတဲ့အမည်းစက်ကြီး စွန်းထင်းခဲ့ရတာပဲ မိုးစက်တင်။ နောင်တဆိုတာ တစ်ခါတည်းပဲရကောင်းတဲ့အရာမျိုးဆိုတာကို မင်းနားလည်မှပေါ့"

"ချယ်ရီနဲ့လက်ထပ်ခဲ့တာ မာမီ့အဖို့ အမှားတစ်ခုလို့မြင်နိုင်ပေမယ့် ကျွန်တော်ကတော့ အဲဒါကို နောင်တလို့မယူဆပါဘူး မာမီ"

မာမီ့မျက်ဝန်းက သူ့ထံ စူးစူးခနဲရောက်လာပါ၏။ မျက်စိရှေ့တွေ့တဲ့မိန်းကလေးမျိုးနဲ့ကျ သူ့ကို မာမီဘာကြောင့်သဘောတူရပါသလဲ။ သူစဉ်းစားလို့မရပါလေ။

"သားကို မာမီပြခဲ့သမျှမိန်းကလေးတိုင်းဟာ ဆွေကြီးမျိုးကြီးတွေချည်းပဲ မိုးစက်တင်"

"ချယ်ရီကရော ဆင်းရဲနွမ်းပါးတဲ့အမျိုးအနွယ်မို့လား



www.burmeseclassic.com

www.burmeseclassic.com



မာမီ"

"ချယ်ရီ့ကို မာမီကန့်ကွက်ခဲ့တာ မာမီတို့ Family Doctor ချင်းတူနေတဲ့အတွက် သူဆေးတွေသောက်နေတာကို သိရလို့လေ။ ဒါကိုတောင် မျက်စိမှိတ်ပြီး သားယူခဲ့တာပဲမဟုတ်လား။ အခုတစ်ခါ နောက်ထပ် ပန်းချယ်ရီတစ်ယောက်ကို ထပ်ခေါ်လာပြဦးမယ်။ မာမီ့ရင်တစ်ခါကွဲရုံနဲ့ပဲ လုံလောက်ပါပြီ မိုးစက်တင်။ နောက်တစ်ခါ ထပ်မကွဲပါရစေနဲ့တော့"

မာမီ့စကားက သူ့ရင်ကို ဆို့စေပါ၏။ ချယ်ရီဆိုတာ သူတို့လို လူကုံထံမျိုးနွယ်က သက်ဆင်းလာတဲ့သူဖြစ်ပေမယ့် Reason တစ်မျိုးပြပြီး သူတို့နှစ်ယောက်ကို မာမီကန့်ကွက်ခဲ့တာပါလေ။ အခုတစ်ခါထပ်ပြီး စကားဖြူနဲ့ပတ်သက်မှာကို ကြိုတင်တားပြန်ပါရောလား။

သူက နှလုံးသားရေးရာမှာ အားမကောင်းဘဲ ကျွန်းခံနေတဲ့လူတစ်ယောက်များ ဖြစ်နေပြီလား။

"သားက စကားဖြူအပေါ် အတော်လေးသံယောဇဉ်တွယ်နေတာပါ မာမီ"

"ဘာ!"





"ကျွန်တော်ကိုယ်တိုင်ကလည်း စကားဖြူ့အပေါ်မှာ"

"မိုးစက်တင်"

မာမီ့အော်သံက အတော့်ကိုကျယ်လွန်းနေပါ၏။ နောက်တစ်ကြိမ် ရင်မကွဲချင်ဘူးတဲ့လား။ မာမီရင်နာရသလို (စွန့်ပစ်ခြင်းခံရဖူးတဲ့)သူ့အတွက် ပိုခံစားရတာကို ထည့်မတွက်တာကတော့ တစ်ဖက်သတ်ဆန်လွန်းပါတယ်လေ။

"ကျွန်တော်က မာမီ့အရိပ်ကိုခိုပြီး မာမီ့ဆီမှာ လက်ဖြန့်တောင်းသုံးနေရတဲ့ ဆယ်ကျော်သက်လူငယ်လေးမဟုတ်တော့ဘူး မာမီ"

"ဘာရယ်"

"အိမ်ထောင်ပြုဖူးပြီး ဇနီးတစ်ယောက်လုံးနဲ့ သေကွဲခွဲခဲ့ဖူးတဲ့ ကလေးအဖေတစ်ယောက်ပါ"

မာမီက ထိုင်နေရာက ဝုန်းခနဲထရပ်လိုက်လေ၏။ ရိုက်ချင်သေးလား။ ချယ်ရီ့ကိုလက်ထပ်တော့မယ်လို့ သူပြောမိတုန်းကလည်း သူ့မျက်နှာကို ရဲရဲကြီးရိုက်ချခဲ့ဖူးတာလေ။ ရိုက်ချင်ရင်လည်း ရိုက်လိုက်ပါမာမီရယ်။ ပါးပြင်က နာကျင်မှုထက် မာမီ စွန့်ပစ်တဲ့သားရဲ့ဒဏ်ရာက ပိုပြီးအနာကျင်ဆုံးဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အသိဆုံးပါလေ။

"မင်း. . ."

"တစ်ခါစွန့်ပစ်ပြီးရင်လည်း ဥပေက္ခာပြုလိုက်ပါလ
မာမီ။ ဘာလို့ မြေးရမှ သားဖြစ်သူကို အိမ်ပေါ်ပြန်တက်ခေါ်
တာလဲ၊ မာမီ့ရင်ကိုကွဲတတ်တဲ့သားကို ခွင့်လွှတ်တယ်ဆို
နောက်တစ်ကြိမ် ကျွန်တော့်ကို ရင်နာအောင် မလုပ်ပါနဲ့တော့
လား"

"မိုးစက်တင်. . . မင်းကို ငါမွေးထားတာကွယ့်"

"မှန်ပါတယ်မာမီ၊ ဒါပေမဲ့ မာမီမွေးထားတဲ့သားက
ပျိုလူလွတ်မဟုတ်တော့တာမို့ မာမီမပိုင်တော့ဘူးလေ။ က
တစ်ယောက်လို အခန်းထဲထည့်ပိတ်ထားလို့လည်းမရတော့ဘူ
ကျွန်တော်တောင်းပန်ပါတယ် မာမီ"

"မရဘူး၊ မင်းဟာ ငါ့သားဖြစ်တဲ့အတွက် ငါ့ခိုင်းစေ
ချက်နဲ့ပဲ ရပ်တည်ရမယ် မိုးစက်တင်။ ငါသဘောတူတဲ့သူ
မင်း လက်ထပ်ရမယ်။ ဒါပဲ"

သူ အတော့်ကိုစိတ်ပျက်မိပါ၏။ စီးပွားရေးကို ဘယ်
ပဲ ဦးဆောင်အောင်မြင်နိုင်နေပါစေ၊ သူ့(နှလုံးသားရေးရာ) အိ





ထောင်ရေးကို ဤမျှ ချုပ်ကိုင် ခြယ်လှယ်ချင်နေတာကတော့ တဆိတ် လွန်လွန်းနေသည်လေ။ မာမီဟာ အတော်လေး အတ္တကြီးနေတဲ့ မိခင်တစ်ယောက်ဖြစ်နေပါရောလား။

"ကျွန်တော် နောက် လက်ထပ်မယ့်မိန်းကလေးဟာ စကားဖြူပဲ မာမီ။ အဲဒါ အသေအချာပဲ"

"အေး. . . ငါကလည်း အဲဒီစကားဖြူကို အရှင်ထားလိမ့်မယ်မထင်လေနဲ့ မိုးစက်တင်"

သူ့ရင်ထဲ ကျဥ်ခနဲခံစားလိုက်ရပါ၏။ နိုင်ရာလူ ဖိနှိမ်တတ်တာ မာမီ့ဝသီလေပဲလား။ ဘာအပြစ်မှမရှိသည့်သူမကိုတော့ စိတ်ဒဏ်ရာမရစေလိုပါလေ။

"စကားဖြူကို မာမီထိဖို့ကြိုးစားရင် ကျွန်တော်တို့သားအဖကို ဒီတစ်သက် မမြင်စေရတော့ဘူး မာမီ"

"ဘာ!"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

တိုက်လှေကားမှဆင်းလိုက်စဉ် သူမခြေလှမ်းတွေ တုံ့ခနဲရပ်သွားရလေ၏။ မရပ်ဘဲရှိပါ့မလား၊ လမ်းဘေးရပ်ထားသည့်ကားပေါ်မှ သူဆင်းလိုက်တာကိုး။

"မြင့်မိုရ်"

"ဒီနေ့အားလား၊ သုခေတ်စံ"

"အင်း. . . ဒီနေ့ တို့ OFF ရက်လေ၊ အားတာပေါ့"

"တစ်နေရာရာမှာ အေးအေးဆေးဆေးပြောစရာရှိလို့ ကိုယ်နဲ့လိုက်ခဲ့ပေးနိုင်မလား"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးဖွင့်ပေးလိုက်တာမို့ ခွေ့ခနဲတက်ထိုင်လိုက်မိပါ၏။ မနေ့က ဖြူ့ကို ဒီရှေ့ထိ ကားအကောင်းစားကြီးနဲ့လိုက်ပို့ပေးတာတဲ့။ အောက်ထပ်စတိုးဆိုင်က ကောင်မလေးတွေ တိုးတိုးပြောကြတာကို ကြားလိုက်ရတာလေ။ ဒီမနက် သွားတိုက်ဆေးကုန်နေလို့ ဆင်းဝယ်ရင်း အမှတ်မထင်သိလိုက်ရတာပင်။

ဒင်းမှာ ဒီလိုလူမျိုးရှိနေပါလျက်နှင့် သူမ၏ကောင်လေးကို ဘာကြောင့် ပတ်သက်ချင်နေရတာပါလဲ၊ ကလေးအဖေ ဆရာဝန်ကို ရွေးချယ်တယ်ဆိုရင်လည်း ပြတ်ပြတ်သားသားပေါ့။ ဟိုလိုလိုဒီလိုလိုနဲ့ သူမကောင်လေးကို နှယ်ချင်တာကတော့ မဖြစ်သင့်တာလေ။

"လူရှင်းတဲ့နေရာပဲ သွားလိုက်ကြရအောင်နော်"

"ရတယ်လေ"

"သုခေတ်စံ ဘယ်သွားမလို့လဲမသိဘူး၊ ကိုယ်ခေါ်တာ အနှောင့်အယှက်ဖြစ်သွားလားဟင်"

"မဖြစ်ပါဘူး ယူရဲ့၊ တို့နာမည်ကို ဒီလိုခေါ်ရတာ ရှည်တယ်ထင်ရင် သုသုလို့ပဲခေါ်ပါ၊ ရင်းနှီးတဲ့သဘောပေါ့"

"အင်း"





အလွယ်တကူလိုက်လျောသားပါပဲလား။ အခြေအနေက ကောင်းတဲ့ဘက်ကို 70% လောက် ရောက်နေပြီလို့ သူမသတ်မှတ်မိတာလေ၊ ကြိုးစားထား သုခေတ်စံ၊ သက်ဟူရှယ်တူ ရင်ခုန်သံချင်းကလည်း သိပ်မကွာလောက်ပါဘူး။

ကားကို ကန်ပေါင်နားမှာ ရပ်လိုက်ပြီမို့ သူမပြုံးလိုက်ပါ၏။ ဒီနေရာဆိုတာ ချစ်သူစုံတွဲတွေသာ လာလေ့ရှိကြတာသား၊ ဘာသဘောနဲ့ ဒီကိုခေါ်လာတာလဲ။ အေးအေးဆေးဆေးပြောစရာရှိလို့တဲ့။ ဒါဆို သူဖွင့်ပြောတော့မှာလား။ ရင်တွေ ခုန်လာပြီနော်။

သူဖွင့်ပေးလိုက်သည့်ကားပေါ်မှ ဆင်းလိုက်စဉ် နှလုံးသားက တဒုတ်ဒုတ်အသံမြည်လာလေ၏။ အုတ်လေ့ကားထစ်ကို ခပ်ဖြည်းဖြည်းတက်ခဲ့စဉ် လေအေးတို့က သုတ်ခနဲဖြတ်တိုက်သွားလေသည်။ သေးချင်းယှဉ်လျက်သား လျှောက်နေသည့်သူ့ထံမှ ခပ်သင်းသင်းရနံ့က သူမရင်ကို ဖိလှိုက်စေတာအမှန်ပါသေ။

"ထိုင်ရအောင်"

အမိုးပါသည့်ခုံတန်းမှာ သူထိုင်လိုက်တာမို့ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



အကြာနေရာမှာ သူမထိုင်လိုက်ရပါ၏။ သူက ကန့်ရေပြင်ကို ခပ်ငေးငေးကြည့်ကာ တည်ငြိမ်နေသလောက် သူမရင်ထဲမှာက ဗရမ်းဗတာ ခုန်ပေါက်နေတာလေ။ လက်တွေပါ တုန်လာပြီး ချွေးစေးတွေ စို့စွတ်လာသလို ခံစားနေရတာမို့ Slim bag အိတ်ကြိုးကို မရည်ရွယ်ပါဘဲ အမှတ်မထင်လိမ်၍ဆော့နေမိပါ၏။

ခပ်စောစောမို့ ဒီမှာလူရှင်းနေတာမှန်ပေမယ့် ညနေခင်းရင် လူများတာမဟုတ်လား။ ပြီးတော့ သူ့ကို တချို့တလေမြင်လို့ သိသွားရင် သူ့ဘေးမှာထိုင်နေသည့်သူမကိုပါ တွဲမြင်ကြပြီး သို့လောသို့လောဖြစ်ကုန်ကြမှာအမှန်လေ။ သိပ်မကြာခင်မှာ တင်ကိုယ်တော်စီးရီးခွေထွက်ဖို့ စီစဉ်နေတာမို့ သူ့ Interview တွေက မဂ္ဂဇင်းတွေစာစောင်တွေထဲမှာ ပွစိကြဲနေတာကိုး။

"ပြောစရာရှိလို့ဆို"

"အင်း"

တိတ်ဆိတ်လွန်းတာကိုလည်း သည်းမခံနိုင်သည့်အဆုံး သူမ စကားစလိုက်ရတော့၏။ တကယ်ဆို ယောကျ်ားလေးဖြစ်တဲ့သူကသာ အရင်စသင့်တာပါလေ။

"ဘာပြောချင်လို့လဲ"





"သုခေတ်စံ, အင်း. . . သုသုရဲ့သူငယ်ချင်း စကားဖြူအကြောင်း"

မျက်နှာ ကွက်ခနဲပျက်သွားရပါ၏။ ဒီနေရာကို ဒီလိုခေါ်လာရတဲ့အကြောင်းက ဒါလား။ မှန်းထားတာနှင့် တစ်လွဲစီဖြစ်နေတာမို့ ဒေါသက ထောင်းခနဲထွက်လာပါ၏။ ဘာလဲ စကားဖြူနှင်နဲ့ယှဉ်ရပ်လိုက်တိုင်း ငါ အမြဲနောက်ကျန်ရစ်ခဲ့ရတာ ဘယ်ကာလအထိ ရှိနေဦးမှာလဲ။

"ယူ့ကို တို့ပြောခဲ့ပြီးပြီပဲ မြင့်မိုရ်။ သူ့အကြောင်းဆွေးနွေးဖို့ဆိုရင် တို့နဲ့ဒီနေရာမှာပြောဖို့ ဘာအကြောင်းမှမရှိဘူး။ သူနဲ့သာ ယူတွေ့ပြီး ပြောဖို့သင့်တယ်။ တို့ပြန်တော့မယ်"

"ခဏ. . . ခဏပါ သုသု၊ ကိုယ်တောင်းပန်ပါတယ်"

မတ်တပ်ထရပ်လိုက်တာမို့ သူက သူမလက်မောင်းကို လှမ်းကိုင်လိုက်လေ၏။ ယူရယ်. . . ယူ့ဆီက ဒီလိုရင်းနှီးတဲ့ဆက်ဆံမှုမျိုးကို တို့မျှော်လင့်ထားတာမှန်ပေမယ့် ဖြူ့ကိုစိတ်ဝင်စားနေတဲ့ယူ့စိတ်ကို တို့ဘယ်လိုလမ်းပြပေးရမှာပါလဲ။ ရင်မောလေစွ သုခေတ်စံ။

"ကိုယ် မင်းကိုရင်ဖွင့်ချင်လို့ ဒီနေရာကို ခေါ်ခဲ့ရတာပါ



www.burmeseclassic.com

www.burmeseclassic.com



သုသုရယ်။ ကိုယ်ပြောတာကို ကျေးဇူးပြုပြီး နားထောင်ပေးပါ။ မေတ္တာရပ်ခံပါတယ်''

ဟင့်အင်း မြင့်မိုရ်၊ တို့ကြားချင်တာ အဲဒီစကားမျိုးမဟုတ်ပါဘူး။ တို့ကို ယူ ဘယ်လောက်သံယောဇဉ်ဖြစ်နေတာ၊ ဘယ်လောက်ထိ နှစ်နှစ်ကာကာချစ်မိနေတာ၊ အဘယ်မျှခွဲလန်းမြတ်နိုးနေပြီဆိုတာ၊ ဘယ်လိုမှခွဲမနေနိုင်တော့ဘူးဆိုတဲ့ သမုဒယ သံစဉ်တွေဆိုတာကို ယူ နည်းနည်းလေးမှမရိပ်မိဘူးတဲ့လားကွယ်။

''စကားဖြူက ကိုယ်နဲ့ပတ်သက်ပြီး မင်းကို ဘာပြောခဲ့သေးလဲ''

''ဟင့်အင်း''

''ကိုယ်နဲ့တစ်ခါဆုံပြီးကတည်းကလေ''

''ဘာမှမပြောဘူး''

သူ့အသံတိတ်သွားပါ၏။ အဲဒီညက ဖြူအတော်လေး မူပျက်နေတာကို သူမရိပ်မိခဲ့တာပါလေ။ ဒါဖြင့် သူကရော သူလည်း တုန်တုန်လှုပ်လှုပ်ဖြစ်ခဲ့သေးတာမဟုတ်လား။ ဘာစကားမှမပြောဘဲ ထပြန်သွားလို့ အံ့ဩခဲ့ရတာ။ ဖြူလည်း MP4 နားထောင်သလိုလိုနဲ့ သူမကိုရှောင်နေခဲ့တာပါပဲ။





ခါတိုင်း သူမအပေါ်မှာ ညီမအရင်းလို လိုက်လိုက်လျောလျောလေး ပြောဆိုခဲ့ပါလျက် သူနဲ့တွေ့ပြီးနောက်ပိုင်းမှာ မျက်မာနဲ့သာ ပြောခဲ့တာလေ။ ခါတိုင်းလို သူမအလုပ်က ပြန်လာရင် 'ညောင်းနေပြီလား စံ၊ နှိပ်ပေးရမလား' လို့ ဟန်ဆောင်ပန်ဆောင်နဲ့ လောကွပ်တောင် မရှိတော့တာ ဘယ်လောက်ကြာနေပြီလဲ။

ချစ်ပါတယ်ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ကို ဝေးကွာအောင်တွန်းထုတ်လိုက်တဲ့လူက သူဖြစ်နေသော်ငြား သူမ အပြစ်မမြင်မိခဲ့။ ဖြူ့ကိုသာ တစိုက်မတ်မတ်အပြစ်မြင်ခဲ့တာ အမှန်ပါလေ။

''စကားဖြူဆိုတာ ကိုယ့်ရဲ့တစ်ချိန်က အရူးအမူးချစ်ခဲ့ရတဲ့ချစ်သူပါ''

''ဟင်!''

ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားမှုက ပြောမပြတတ်အောင်ပါလေ။ အရူးအမူးချစ်ခဲ့ရတဲ့ချစ်သူတဲ့လား။ ဒါကြောင့် သူတို့နှစ်ယောက် ဒီလောက်ထိ မူပျက်ခဲ့ရတာပဲကိုး။ ဘယ်လိုလဲဖြူ။ ငါ ဆင်တဲ့အတိုင်းပဲ ငါ့ရင်ကိုနာကျင်စေအောင် နှင်လုပ်ပြန်ပါရော



www.burmeseclassic.com

www.burmeseclassic.com



လား။ ငါ့ထက်အမြဲသာနေအောင် ကံတရားက နှင့်ကိုမျက်နှာသာ ပေး အလေးသာနေတာကဖြင့် လွန်နေပြီလေ။

"ကိုယ်တို့အထက်တန်းအောင်တဲ့နေ့မှာပဲ ချစ်သူတွေ ဖြစ်ခဲ့တာပါ။ ငယ်တော့ငယ်သေးတာ မှန်ပေမယ့် သူ့ကို ကိုယ် တကယ့်အချစ်စစ်အချစ်မှန်နဲ့ ချစ်ခဲ့တာပါ သုသုရယ်"

အသည်းကို ပါးပါးလှီးခံရတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ အိုင်ထွန်းလာသည့်မျက်ရည်စကိုမကျအောင် ပုတ်ခတ်သိမ်းဆည်း ရပုံက ပင်ပန်းလေစွ။ တကယ့်အချစ်စစ်အချစ်မှန်တဲ့လား။ တို့ ရင်ကို အက်ရှုံနဲ့ မကျေနပ်နိုင်သေးဘူးလား မြင့်မိုရ်၊ ရင်နှစ်ခြမ်း ပြန်းခနဲကွဲတဲ့အထိ လုပ်ကြဖို့ ယူပြင်ဆင်ထားလေသလားကွယ်။

"ကိုယ့်ရည်မှန်းချက်အတွက် ဒီရန်ကုန်ကို တက်လာ ခဲ့တဲ့နောက်ပိုင်းမှာ ကိုယ်တို့နှစ်ယောက် အဆက်အသွယ်မရှိတော့ သလို တစ်ကြိမ်မှလည်း ပြန်မဆုံဖြစ်ခဲ့ဘူး"

"..."

"ဝေးကွာနေခဲ့ပေမယ့် ကိုယ့်နှလုံးသားထဲမှာ သူ့ကို နေရာပေးထားပြီးသားပါ။ ကိုယ်ရေးခဲ့တဲ့စကားလုံးတွေ၊ ကိုယ် စီခဲ့တဲ့သံစဉ်တွေ၊ ကိုယ်ဆိုနေခဲ့မိတဲ့သီချင်းတွေအားလုံးဟာ သူ့





ကို အာရုံထဲမြင်ယောင်ပြီး ဖြစ်တည်ခဲ့တာတွေပါပဲ"

အံ့ဩဖွယ်ကောင်းလေစွ။ ဒါဖြင့် ဖြူကရော ရေးသမျှ အသည်းကွဲကဗျာတွေ အလွမ်းကဗျာတွေ ရင်သိမ့်တုန်လှုပ်မှု တာ သားတွေ နှလုံးသားကိုလှုပ်ကိုမောပျော်ဝင်စေတဲ့ စကားလုံးတွေ ကို ဖန်ဆင်းတီထွင်နိုင်တာ သူ့ကိုချစ်နေတဲ့ချစ်ခြင်းကြောင့်ပဲပေါ့ နော်။

ပြောတော့ဖြင့် အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးဆို။ ဒါဖြင့် သူမရဲ့ချစ်ခြင်းမှာတော့ ဘာကြောင့် တစ်ဖက်သတ်သိမ် ငယ်ခြင်းတွေသာ ဖြစ်စေခဲ့တာပါလဲ။ ချိန်ခွင်လျှာတစ်ဖက်စောင်း နင်းမှုကြောင့် သူမဘက်က အလေးသာမှုရှိမနေတာလေ။

"ကိုယ် ခုချိန်ထိ စကားကို ချစ်နေတုန်းပါပဲ"

နှလုံးသားကို ဆုပ်ကိုင်ညှစ်ချေလိုက်သည့်နှယ်ပါလေ။ မကြားချင်ဘူး မကြားပါရစေနဲ့လား။ တို့တောင်းပန်ပါတယ် ယူ။ ယူချစ်တယ်ဆိုတဲ့ဖြူ့နေရာမှာ တို့ကိုအစားထိုးနိုင်ရင် အဘယ် မျှ ကောင်းလိုက်မလဲ။

"သူက. . . သူက ယူ့အပေါ်မှာ သစ္စာမှမရှိတာဘဲ မြင့် မိုရ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့သက်ပြင်းချသံက ခပ်ကျယ်ကျယ်ပါလေ။ ရင်မေ နေပြီလား။ တို့က ယူ့ထက်ပိုပြီးရင်မောနေတာပါ မြင့်မိုရ်ရယ် အချစ်ဆိုတဲ့အပူမီးက တို့နှလုံးသားကို ပြာကျအောင် တော လောင် ဝါးမျိုးနေသလိုမျိုး ခံစားနေရတာပါကွယ်။

"သူ အဲဒီလူနဲ့ဘယ်လိုတွေ့ပြီး လက်ထပ်ခဲ့သလဲ။ ပြ တော့ ဘယ်လိုကွာရှင်းခဲ့သလဲဆိုတာကို ကိုယ်သိပ်သိချင်တာ အမှန်ပဲ။ ဒါပေမဲ့"

သူ့အသံက တိမ်ဝင်သွားလေ၏။ ရင်နဲ့အမျှ ခံစားနေ ပြီလား။ တို့ရင်ထဲမှာလည်း ကွဲကြေနေတာပါလေ။

"ဒါပေမဲ့ သူ့ကိုရင်ဆိုင်ပြီး ကိုယ်ပြောမထွက်ဘူး။ ကိုယ် က. . . ကိုယ်က အဆက်အသွယ်လုံးဝမလုပ်တဲ့ ဥပေက္ခာပြု ရစ်ခဲ့တဲ့ပြစ်ချက်ကြီး ရှိနေတာဆိုတော့လေ"

"သူ့ကို ခုချိန်ထိ ယူစောင့်နေခဲ့တာပဲလေ"

"ဟုတ်ပါတယ်၊ ဒါကို သူကမှမသိခဲ့တာလေ သူသူ့ ကိုယ်ရှိမနေတော့တဲ့ငါးနှစ်တာကာလရှည်ကြီးမှာ သူ့ကိုကြင် တဲ့လူနဲ့ မေတ္တာဖလှယ်ခဲ့တာကို ကိုယ်အပြစ်မတင်ပါဘူး။ ကို ကသာ လိုအပ်ချက်တွေရှိနေတဲ့လူပါလေ"





ကြည့်စမ်း! အဘယ်မျှ စူးနင့်နက်ရှိုင်းတဲ့ချစ်ခြင်းမျိုးပါ လဲ၊ နောက်ထပ်ချစ်သူရှာရုံမျှမက အိမ်ထောင်ပြုသွားပါတယ်လို့ ဇာတ်လမ်းဆင်လိမ်ညာထားတာကိုတောင်မှ အပြစ်မတင်ဘူးတဲ့ လား။ ယူ ဘယ်လိုလဲကွယ်။

"နောက်ထပ်တစ်ကြိမ် ကြင်နာခွင့်မျိုးကိုသာ ကိုယ့်ကို သူခွင့်ပြုနိုင်ရင် ဘယ်လောက်များကောင်းလိုက်မလဲနော်"

မျက်လုံးကိုမှိတ်ချလိုက်မိစဉ် ပါးပြင်ထက်သို့ မျက်ရည် စီးကြောင်းက ပြိုဆင်းသွားလေ၏။ နှလုံးသားက နာကျင်နေတာ အမှန်ပါပဲ မြင့်မိုရ်။

ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"အဲဒါဘာလဲ-ဒေါက်တာ"

"လက်ဆောင်လေ"

"ဘာအတွက် ပေးတာပါလဲ၊ ကျွန်မ လက်မခံပါရစေနဲ့။ တောင်းပန်ပါတယ် ဒေါက်တာ"

စားပွဲထက်တင်ပေးထားသည့် လေးထောင့်ဘူး (Packing ထုပ်) လေးကိုကြည့်ရင်း သူမ ခေါင်းတခါခါဖြင့် ငြင်းဆန်လိုက်မိပါ၏။ ခဏနေ စာပေတိုက်မှာ စာမူသွားထုတ်ရင်း ဒီလထုတ်မဂ္ဂဇင်းကိုပါ ယူရမယ်ဆိုကာမှ တံခါး Bell ကြောင့် တံခါးဖွင့်ပေးလိုက်ရပြီး ဒေါက်တာ့ကိုငေးကြည့်ခံနေရတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက်ကိုယူသောက်ဖို့ စိတ်မကူးပါဘဲ သူမရှေ့နှ စားပွဲပေါ်သို့ ဒီဘူးလေးကိုတင်ပေးလိုက်တဲ့ရည်ရွယ်ချက်က ဘာများပါလဲ။ ပထမအခေါက်တုန်းက အခန်းထိလိုက်မလာလို့ ကျေးဇူးတင်နေကာမှ ဒီနေ့ညနေမှာ သူရောက်လာတာ ဘာကြောင့်များပါလိမ့်။

"တခြားပစ္စည်းမဟုတ်ပါဘူး စကားဖြူ၊ လိုအပ်တယ်ယူဆလို့ ကိုယ်ပေးရတာပါ"

"ဘာကိုလဲ"

"Hand Phone"

သူမမျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ ဒီလောက် (သိန်းနှ ဆယ်ခန့်) တန်ဖိုးရှိနေသည့်ပစ္စည်းတစ်ခုကို အနှမြောမရှိ လာပေး နေတာ အကြောင်းတော့ရှိရပေမည်။ သူတစ်ပါးထံက လိုချင်တာ တစ်စုံတစ်ခုရှိနေမှသာ မိမိထံမှပစ္စည်းကိုပေးလေ့ရှိတာ လူ့သဘာဝပင်မဟုတ်ပါလား။

အခုတော့ သူမကို လာပေးနေချေပြီ။ သတိသာ ထားပေတော့ စကားဖြူ။ Give ပြီးရင် Take ဆိုတာက နောက်ဆက်တွဲပါလာတော့မှာလေ။ သက်ပြင်းကိုခိုးရှိုက်လိုက်ပြီး သူ့ကိုငေး





ကြည့်လိုက်ပါ၏။

"ကျွန်မ လက်မခံပါရစေနဲ့ ဒေါက်တာ"

"သားက စကားဖြူကို နေ့တိုင်းစကားပြောချင်တယ်ဆိုလို့ ပေးရတာပါ စကားဖြူ"

"အခုလည်း ကျောင်းမှာ နေ့စဉ်တွေ့ခွင့်ရနေတာပါပဲဒေါက်တာ"

"ဟုတ်ပါတယ်. . . ဒါပေမဲ့"

"ကျွန်မကို ဝန်ကြီးစေမယ့်အရာမျိုး မပေးပါနဲ့လားဒေါက်တာ၊ ကျွန်မတောင်းပန်နေတာပါ"

သူ မျက်လွှာချသွားလေ၏။ အသက်အရွယ်အရရော ရာထူးဂုဏ်အရပါကြည့်ကြည့်၊ ပိုင်ဆိုင်ထားတဲ့အရည်အချင်းတွေကပဲဆိုဆို ဒေါက်တာဟာ မိန်းကလေးအများစု လက်သင့်ခံနိုင်တဲ့အဆင့်နဲ့ အမှတ်ပြည့်ရှိနေတာအမှန်ပါလေ။ ဒါနဲ့များတောင်မှ ဘာဆိုဘာမှရှိမနေတဲ့သူမဆီကို ဘာကြောင့်ချဉ်းကပ်နေရတာပါလိမ့်နော်။

"ကိုယ်ဘာပေးပေး ငြင်းနေမှာပဲလား စကားဖြူ"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ ဒေါက်တာဟာ ကျွန်မရဲ့ အလုပ်ရှင်ပါ"

"ကိုယ့်ကို အဲဒီလိုပဲ တစ်ထစ်ချ သတ်မှတ်ထားမှာလား"

"ဒေါက်တာ့ကို ကျွန်မတပည့်လေးရဲ့ဖခင်အဖြစ် အသ အမှတ်ပြုထားတာပါ။ ဒါပေမဲ့ ကျွန်မနဲ့ဘာပတ်သက်မှုမှရှိမနေ တဲ့ သူစိမ်းသူရံတစ်ယောက်ဆီက ဘာပစ္စည်းကိုမှ ကျွန်မလက် သင့်မခံပါဘူး။ အဲဒါ ကျွန်မရဲ့ခံယူချက်မို့ပါရှင်"

ဘာပတ်သက်မှုမှရှိမနေတဲ့ သူစိမ်းတဲ့လား။ မှန်သ သလောက်တော့ မှန်ပါတယ်စကားဖြူ။ သို့သော် ရင်ထဲမှာ န နင့်နဲနဲချစ်မိနေတဲ့ နှလုံးသားပိုင်ရှင်မို့ အခုနေများ ဖွင့်ပြောလို မိရင် လူကြီးလူကောင်းဆိုတဲ့သူ့အပေါ်ယံလွှာကြီး ပျက်စီး မှာ အသေအချာပါလေ။

"ကျွန်တော်က ဘာသဘောမျိုးနဲ့မှ ပေးတာမဟုတ် ပါဘူး စကားဖြူ။ သူများအခန်းက Phone နဲ့ချည်း အဆ အသွယ်လုပ်နေရတာကို အဆင်ပြေစေချင်တဲ့နည်းက ဒါပဲရှိ





တို့ ပေးရတာပါ"

ခက်တာပါပဲ။ ဒီလောက်ငြင်းနေပါလျက်နဲ့ အတင်းကို ပေးနေတာပါလား။ မိုးသက်တံဆိုတဲ့ကလေးကို သံယောဇဉ်ဖြစ် မိရုံနဲ့ မလုံလောက်နိုင်ဘူးလားရှင်။ ဒေါက်တာနဲ့ကျွန်မကြားမှာ ဒီထက်ပိုပြီးမပတ်သက်တာ အကောင်းဆုံးဖြစ်မှာပါလေ။

"ကျွန်မပြောပါရစေ"

"ပြောပါ စကားဖြူ"

"ကျွန်မမှာ မိဘတွေမရှိတော့တဲ့အတွက် ဆုံးမပဲ့ပြင်ပေး ယ့် အုပ်ထိန်းသူရယ်လို့မရှိတော့ပါဘူး ဒေါက်တာ။ ဒါကြောင့် ကိုယ့်ကိုယ်ကိုပဲ ဆင်ခြင်နေထိုင်ရပါတယ်"

"ကိုယ်နားလည်ပါတယ်"

"ကျွန်မဘဝမှာ ဘယ်လိုအမှားအယွင်းမျိုးမှမရှိရအောင် ပြီ သတိထားနေရတာမို့ ကိုယ့်လုပ်အားခတစ်ပြားမှမပါဘဲ ဘယ် လူ့ဆီကမှ ဘာကိုမှမယူတတ်တာ အကျင့်ဖြစ်နေပါပြီ ဒေါက် တာ။ ဒေါက်တာ့လက်ဆောင်ကို ပြန်ယူသွားဖို့ ကျွန်မမေတ္တာရပ် ခံပါတယ်"

သူ့နှုတ်ခမ်းတစ်ဖက် တွန့်သွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးကြွယ်ဝပါပေ့။ ဒါကြောင့်လည်း ကလေးတွေအားလုံးရဲ့အချစ်တော် ဆရာမနေရာကို သူမအပိုင်စားရထားတာကိုး။ ခက်တော့နေပြီ စကားဖြူ။ ကိုယ်ကလည်း ဖြစ်ချင်ရင်မဖြစ်ဖြစ်အောင်လုပ်တတ်သလို လိုချင်လာပြီဆိုရင်လည်း မဆုတ်မနစ်ဇွဲနဲ့ ရအောင်ယူတတ်တာ အကျင့်ဖြစ်နေပြီလေ။

ဒါကို မာမီက ကိုယ့်ကိုခေါင်းမာတယ်လို့ ပျစ်ပျစ်နှစ်နှစ်ဝေဖန်လေ့ရှိပါရဲ့။

"ကိုယ်တစ်ခုမေးမယ်နော်"

"ဟုတ်ကဲ့"

"ကိုယ်ပေးတဲ့လက်ဆောင်ကို စကားဖြူ ဘာကြောင့်ငြင်းနေရပါသလဲ"

လာပြန်ပါပြီ။ မုန့်လုံးရယ် စက္ကူကပ် ဂျာအေးသူ့အမေရိုက်ဖာတ်ဆုပ်က ရုပ်ယှက်ခတ်နေပြန်ပြီလေ။ ဒီလူ ဘာကိုလိုချင်တာပါလဲ။ ဘွင်းဘွင်းရှင်းရှင်းသိရအောင် မေးလိုက်ချင်သော်ငြား သူမက ရေလာအောင် မြောင်းသွယ်တတ်တဲ့မိန်းကလေးမျိုးမဟုတ်တာလေ။

"ကျွန်မ ဒီအဖြေကိုပြောပြီးပါပြီ ဒေါက်တာ"





"ကိုယ်ကတော့ ဒီလောက်ဝန်လေးစရာပစ္စည်းလို့ မထင်မိလို့ပါ စကားဖြူ"

"..."

"ကိုယ်ဆက်ပြောရမယ့်စကားတွေတော့ ရှိနေပြီ စကားဖြူ"

"ဘာများပါလဲ"

"ကိုယ့်ဆီက ဘာမှမယူရဘူးလို့များ တစ်စုံတစ်ယောက်က တားမြစ်ထားသလား"

"ရှင်!"

"ဥပမာ စကားဖြူရဲ့သက်ဆိုင်သူပဲဖြစ်ဖြစ်ပေါ့"

သူမမျက်နှာ နွေးခနဲဖြစ်သွားရပါ၏။ သက်ဆိုင်သူတဲ့လား။ သူမမေ့ထားတဲ့နာမ်စားတစ်ခုကို အစဖော်ပေးရတယ်လို့။ အခုချိန်မှာ သူမရဲ့သက်ဆိုင်သူလို့သတ်မှတ်ထားတဲ့လူက နှလုံးသားရဲ့အနီးဆုံးမှာ ရှိမနေတော့တာ အမှန်ပါလေ။

ပြောစရာစကားမရှိတော့ဘူးလား စကားဖြူ။ ငိုင်ဆင်းသွားတဲ့မျက်နှာထက်က မျက်ဝန်းထဲမှာ ကြေကွဲရိပ်တွေကို ကိုယ်မြင်နေရတာလေ။ မင်းရင်ထဲမှာ ဒဏ်ရာတွေများ ပြည့်နှက်နေ



www.burmeseclassic.com

www.burmeseclassic.com



လေသလား။ ဒါဆိုရင်တော့ အဲဒီဒဏ်ရာတွေ သက်သာပျောက်ကင်းအောင် ကုစားခွင့် ကိုယ်ရပါရစေလား။

"တစ်ခုခုပြောဖို့မရှိဘူးလား စကားဖြူ"

"အဲဒါက"

"ကိုယ့်လက်ဆောင်ကို မင်းလက်မခံရင် နောက်တစ်ခုကိုတော့ ခွင့်ပြုပေးရလိမ့်မယ် စကားဖြူ"

"ဘာကိုလဲ"

"အဲဒါကတော့ Phone နဲ့ဆက်သွယ်လို့မရရင် မကြာခဏ ဒီကိုဝင်ထွက်ရလိမ့်မယ်ဆိုတာပါ"

"ရှင်!. . . မိုးသက်တံကများ"

"သားတောင်းဆိုတာမဟုတ်ပါဘူး စကားဖြူ။ ကိုယ်တောင်းဆိုတာပါ"

"ဟင်!"

ကဲ! မထူးတော့ပါဘူးလေ။ ပြောမိမှတော့ ဆက်ကျိတ်လိုက်ပေတော့ မိုးစက်တင်။ ချစ်ခြင်းမှာ သိက္ခာတွေ ထည့်တွက်နေရင် ရှေ့ကိုဆက်လျှောက်လို့ရမယ်မထင်ဘူးလေ။

"ဒေါက်တာက"





"ဟုတ်တယ်"

"ကျွန်မအိမ်ကို ဘာကြောင့်များ"

"စိတ်ဝင်စားနေလို့ပါ"

"ရှင်!"

"အပွင့်လင်းဆုံးပြောရရင် မင်းကို ကိုယ် ချစ်မိနေပြီ စကားဖြူ"

သူမမျက်နှာ ရဲရဲနီချေပြီ။ ဒီလိုပြောမယ်ဆိုတာကို စိတ်က အလိုလိုသိနေပေမယ့် ဒီလောက်မြန်မြန်ကြီးပြောလာလိမ့်မယ်လို့ သူမထင်မထားမိတာအမှန်ပါ။ လူက တုန်ယင်လာကာ ဘာမှပြန်မပြောနိုင်တော့ဘဲ သူ့ထံမှအကြည့်ကိုသာ လွှဲထားလိုက်ရတော့တာလေ။

"မင်းကို မမြင်မြင်ချင်း ဒီလိုကိုယ်ခံစားခဲ့ရတာပဲ။ သိပ်မြန်လွန်းနေပြီလို့ မင်းယူဆချင်ယူဆနိုင်ပါတယ် စကားဖြူ။ တစ်ခုတော့ ကိုယ်တောင်းပန်ပါရစေ။ ကိုယ့်လို ကလေးတစ်ယောက်အဖေ မုဆိုးဖိုတစ်ယောက်က ဒီလိုနှုတ်ရဲလို့ဆိုပြီးတော့ အထင်သေးလိုက်ဖို့ပါ"

"မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အားတင်းချေပသံက တုန်ချင်ချင်။ ကြည့်ပါဦး၊ ကိုယ့်အိမ်ပေါ်တက်လာပြီး ရည်းစားစကားအပြောခံရလိမ့်မယ်လို့ သူမ တစ်ခါမှမတွေးခဲ့မိဖူးတာလေ။ ယက်တွေ့ကြုံနေရတဲ့ ပစ္စက္ခအခြေအနေမှာ သူမမည်သို့ရင်ဆိုင်ရမည်နည်း။

"ဒီလိုပြောမယ်မှန်း ကိုယ်ကြိုတွက်ထားပြီးသားပါ စကားဖြူ"

"ကျွန်မ. . ."

"လူလွတ်တစ်ယောက်အနေနဲ့ ကိုယ့်လိုလူကို လက်သင့်ခံဖို့ ဘယ်ရှိပါ့မလဲ။ ကိုယ်သိနေပါတယ် စကားဖြူ"

"မဟုတ်ပါဘူးဒေါက်တာ၊ ကျွန်မ, ဒေါက်တာ့ကို ဒေါက်တာပြောသလိုမျိုး တစ်ခါမှမမြင်မိပါဘူး"

"ဒါဖြင့်"

"မတူညီတဲ့အလွှာပါ ဒေါက်တာ"

"စကားဖြူ"

"လူဆိုတာ အမြင့်ကို မှန်းမျှော်ရှိကြတာ မှန်ပေမယ့် ကျွန်မကို လောဘကြီးတဲ့လူလို့ ပြစ်တင်ကဲ့ရဲ့ကြမှာကို ကျွန်မ သေရမှာထက် ကြောက်တဲ့သူပါ ဒေါက်တာ"





"ကျစ်!. . ."

သူ စုတ်သပ်လိုက်မိ၏။ လူချင်းအတူတူမှာ ဂုဏ်တွေ ပကာသနတွေ အဆင့်အတန်းတွေ အလွှာဆိုတာတွေကိုဖယ်ပြီး ကြည့်လှည့်ပါလား စကားဖြူ။ အချစ်ကိုအချစ်လို့ပဲ ရိုးရိုးရှင်းရှင်း မြင်တတ်ရင် လောကကြီးသာယာလှပသွားမှာပါလေ။

"ကိုယ်က ဘာများထူးထူးခြားခြားရှိနေလို့လဲ ပြောပါဦး"

"အန်တီဒေါ်စန္ဒာတင်ရဲ့သားကြီးဆိုတဲ့ အရှိန်အဝါနဲ့တင် ကျွန်မအရိပ်က အလိုလိုပျောက်ပြီးသားပါ ဒေါက်တာ။ ကျေးဇူးပြုပြီး. . ."

"ခဏလေး စကားဖြူ၊ ကိုယ့်ကိုစဉ်းစားပေးမယ်ဆိုရင် ကိုယ့်နောက်က အရာတွေကို လျစ်လျူရှုပြီး သာမန်ဆရာဝန်လေး အဖြစ်နဲ့ပဲ တွေးပေးပါ မြင်ပေးပါ စကားဖြူ။ အချစ်ကိုအချစ်လို့ပဲ မြင်ပေးစေချင်ပါတယ်"

". . ."

"ကိုယ့်စကားတွေ သိပ်များနေလွန်းနေပြီလားဟင်၊ ပြောဖို့မရည်ရွယ်ဘဲ ပြောဖြစ်သွားတာ ချစ်ခြင်းရဲ့တွန်းအားကြောင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ထင်ပါရဲ့။ အချိန်ယူပြီး ကိုယ့်ကိုစဉ်းစားပေးပါ စကားဖြူ။ ကိုယ်ပြန်လိုက်ပါဦးမယ်''

သူမ မတားလိုက်မိပေ။ စားပွဲထက်မှာ ကျန်ခဲ့သည့်လက်ဆောင်ဘူးလေးကဖြင့် သူမကိုလှောင်ပြောင်နေသလိုနှယ်ပါလော။ သစ္စာမဲ့သလိုဖြစ်နေပြီလား စကားဖြူ။

ဇ ဇ ဇ



## အခန်း (၂၁)

တံခါးဖွင့်သံကြားရပြီးနောက် ဒိန်းခနဲပိတ်သံကြောင့် သူမလန့်သွားရပါ၏။ ကင်ပွန်းချဉ်ရွက်ဟင်းချိုကို ပူစေရန် နွှေးနေတာမို့ မီးဖိုခန်းမှာရှိနေပေမယ့် ဒီအသံကျယ်ကိုကြားနေရလေသည်။ စံ ဘာဖြစ်လာတာပါလိမ့်။

"ဒုန်း!. . ."

ဟော. . . အခန်းတံခါးကို ဆောင့်ပိတ်ပြန်ပါရောလား။ ဘယ်လိုလဲ၊ ည (၇)နာရီကျော်မှပြန်လာတာ ပတ်ဝန်းကျင်ကို နှောင့်ယှက်သံထွက်နေတာလေ။ ဒီကောင်မလေးကို သတိပေးရဦးမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်! ဒေါက်! ဒေါက်! "

"စံ. . ."

ပြန်ထူးသံမကြားရချေ။ ဒုက္ခပဲ၊ သူနဲ့များ ပြဿနာဖြစ်ခဲ့လို့များလား။ ဖော်က နဂိုကတည်းက စိတ်လက်တစ်ဆစ်ရယ်လေ။ သမီးရည်းစားဘဝက လပိုင်းလေးပဲရှိတုန်းမှာ ဒီလိုမျိုး မကြာခဏဖြစ်ဖြစ်နေရင်တော့ ဘယ်ကောင်းနိုင်ပါတော့မလဲ။

"စံ"

တံခါး Lock ကိုလှည့်ဖွင့်၍ ဝင်လိုက်စဉ် အိပ်ရာထက် မှောက်လျက် လှဲနေသည့်စံ့ကို တွေ့လိုက်ရလေ၏။ ငိုနေတာ များလား။ စံဆိုတာ ဘယ်တုန်းကမှ မျက်ရည်မကျဖူးတဲ့အသည်း မာမာ ကောင်မလေးပါလေ။

"စံ"

"နားညည်းတယ်ဟာ"

ပြန်ပြောသံကဲ မာဆတ်ဆတ်ပါလား။ အရင်ကဆို သူ့ကို ဤသို့လေသံမာမျိုးနှင့် ပြောဖူးတာမျိုးမရှိဘာလေ။ အခုနောက် ပိုင်းမှာ စိတ်မကြည်တာက ထားပါတော့။ သူငယ်ချင်းကို ဒီ မျိုး မကြည်သလိုလေသံမျိုးသုံးစရာလား။ တကယ်စိတ်ဆင်





နေရတဲ့သူမကိုယ်တိုင်ကတောင် စံ့အပေါ်မှာ အလိုက်အထိုက် ကလေး ပြောပေးနိုင်သေးတာလေ။

"ဘာဖြစ်လာလို့လဲ"

"ကျစ်! . . . ရှုပ်လိုက်တာဟာ"

"နင်ဘာပဲဖြစ်လာလာလေ စံရယ်၊ အခန်းတံခါးတွေကိုတော့ ဒီလိုအသံမြည်အောင် မလုပ်သင့်ဘူးထင်တယ်၊ ပတ်ဝန်းကျင်အခန်းတွေကို အားနာဦးမှပေါ့ စံရဲ့"

"ဂရုမစိုက်ဘူးဟာ၊ ဘာဖြစ်လဲ"

ဆတ်ခနဲငေါ်င်းထောင် အော်လိုက်ဟန်ကြောင့် သူမလန့်၍ ခြေတစ်လှမ်းပင် အလိုလိုဆုတ်သွားရပါ၏။ အလို! စံ့ရဲ့ မျက်နှာမှာ မျက်ရည်တွေ ရွှဲရွှဲစိုလို့ပါလား။ ငိုနေတာပေါ့လေ။ အမြဲတမ်းလန်းဆန်းတက်ကြွပျော်ရွှင်နေတတ်တဲ့ မိန်းကလေးက အခုလိုပုံစံမျိုးဖြစ်နေရတယ်လို့။

"တခြားမှာ နင်ဘာဖြစ်လာမှန်း ငါမသိပေမယ့် ပြောစရာရှိတာကိုတော့ ပြောရမှာပဲ စံ"

"ဘာပြောဦးမှာလဲ၊ ပြောစရာတွေကလည်း ရှိရှိနိုင်လွန်းတယ်။ ဒီနေ့တစ်နေ့လုံးလည်း ရင်ဖွင့်သမျှကို နားမဆံ့အောင်



www.burmeseclassic.com

www.burmeseclassic.com



သည်းခံပြီး နားထောင်လာခဲ့ရပြီးပြီ။ အခုတစ်ခါ နင်ကပြောဦးမယ်ပေါ့၊ ဟုတ်လား။ ပြောကြပြောကြ. . . ငါ့ကိုသေအောင်သာ သတ်လိုက်ကြပါတော့''

ဘုရားရေ! ရင်ဖွင့်သမျှတဲ့။ ဒါဆို သူ စံ့ကိုရင်ဖွင့်လိုက်တယ်ပေါ့။ ဘာတွေပြောလိုက်ပြီလဲ။ ဘာတွေများ သိကုန်ပြီလဲ။ အတွင်းရေးတွေမှိုလို့သာ စံ ဒီလိုမျက်စိပျက်မျက်နှာပျက်ဖြစ်နေတာပါလေ။

ဘာတွေလဲ ဖော်၊ ခုချိန်မှ ငါနဲ့ပတ်သက်ခဲ့ဖူးတဲ့အတိတ်ကို နင် ရာဇဝင်လှန်ပြီလား။ ဘာကြောင့်လဲ၊ လျှောက်မယ့်ဆုံးဖြတ်ထားပြီးရင် နောက်ကိုလှည့်မကြည့်စတမ်း နင်လျှောက်သင့်တာပေါ့။ အခုတော့ ငါတို့သူငယ်ချင်းနှစ်ယောက်ကို မသင့်မမြတ်ဖြစ်အောင် လုပ်ရလားကွယ်။

''စံရယ်၊ ငါက နင့်ကိုစေတနာနဲ့ ပြောနေတာပါ။ လောခန်းမှာ ဘွားမေလိုလူကြီးတွေ ရှိနေတာဆိုတော့''

သူမစကားက ရပ်သွားရပါ၏။ အလို! စံရဲ့အကြည့်တွေက စူးရှလှချည်လား။ ဘယ်လိုဖြစ်ပြီး ဒီလိုအကြည့်စူးမျိုးနဲ့ သူ့ကို မုန်းတီးစက်ဆုပ်သလို ကြည့်နေရတာပါလိမ့်။





''ငါ့ကို ပတ်ဝန်းကျင် အကြောင်းမပြုပါနဲ့လား စကားဖြူ''

''ဘာရယ်''

''အခုတော့ နှစ်ကြာကြာပေါင်းခဲ့တဲ့သူငယ်ချင်းကို ခွေးမောင်းသလိုမောင်းထုတ် နင်ထုတ်ချင်နေပြီမဟုတ်လား''

''အို!. . . မဟုတ်တာ''

''ဘာမဟုတ်ရမှာလဲ၊ ဟုတ်ကိုဟုတ်နေတာပါ ဖြူရဲ့။ ဒီအတောအတွင်း ငါကြည့်နေတာကြာပြီ။ ငါ့အပေါ်မှာ နင် ဆက်ဆံရေးပြောင်းနေတာ အသေအချာပဲ''

အလို. . . ငါးဖယ်က ပြောင်းပြန်ဖြစ်နေပါရောလား။ တကယ်တမ်း ပြောင်းလဲနေတာက သုခေတ်စံဆိုတဲ့ စံရယ်ပါ။ အခုတော့ ဒေါက်တာ့ကိစ္စနဲ့စိတ်ရှုပ်ထွေးနေရတဲ့သူမကိုမှ အပြစ်ကြီးကြီးပုံချနေရတယ်လို့။

''ငါက ဘာများပြောင်းလဲနေလို့လဲ စံ''

''ဩော. . . ငါပြောမှသိမယ်ပေါ့လေ။ ခါတိုင်းဆို ငါပြန်လာရင် ထမင်းဟင်းဖွယ်ဖွယ်ရာရာ အဆင်သင့်ပြင်ကျွေးတာ ညောင်းနေရင် နှိပ်ပေးရမလားလို့မေးလေ့ရှိတာတွေ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆီရောက်ကုန်ပြီလဲ။ ပြောပါဦး ဖြူရဲ့။ အဲဒါ နင်ပြောင်းလဲ နေတာမဟုတ်လို့ဘာလဲ။ ငါ့အဝတ်အစားတွေကိုတောင် လျှော် မပေးတာ ကြာပေါ့။ မီးပူတိုက်ပေးဖို့ကဖြင့် ဝေလာဝေး"

ကြည့်စမ်း! ပြောနေလိုက်တာများ။ သူမကို လခပေး ခိုင်းထားသည့်အိမ်စေနယ် ထောင့်ကိုစေ့နေတာပါလေ။ ပြဿနာ ကို အရင်းအမြစ်ဖော်မပြောပါဘဲ ဒီသေးသေးမွှားမွှားလေးတွေ ကိုစုစည်းထားပြီး သာသာနဲ့နာနာနက်နေပါရောလား သုခေတ်

ဒီလိုသာ လက်ညှိုးညွှန်ပြနိုင်ရင် သူမမှာလည်း အနည်း နဲ့အများ အကြောင်းပြချက်တွေ ရှိတာပါပဲ။ အောက်ခြေသိမ်း အလုပ်တွေကို အောက်ကျနောက်ကျအနစ်နာခံပြီး လုပ်ပေးနေ တဲ့စေတနာတွေကို မမြင်တတ်ပါဘဲ နင်းတာကိုတော့ အတိုင်း အတာတစ်ခုအထိသာ သည်းခံနိုင်မှာပါလေ။ ကောင်းပြီ စံ၊ ရှုံ လို နင်သတ်မှတ်ပြီဆိုရင် ငါ့ဘက်ကလည်း အလံဖြူပြဖို့ စိတ် ကူးလုံးဝမရှိပါဘူး။

"နင့်ဘက်ကစပြီး ပြောင်းတာပါ စံ"

"ဘာ"

"နင်ချစ်သူရသွားတာနဲ့ ငါ့အပေါ် ဆက်ဆံတာ မှောက်





သွားတာ နင်အသိဆုံးပါ။ သူ့စိမ်းယောကျ်ားတစ်ယောက်ရှေ့ ငါ့ကို နင်ဘယ်လိုအကြည့်ဘယ်လိုအပြောမျိုးနဲ့ ဆက်ဆံခဲ့ လဲ။ နင်စဥ်းစားကြည့်လိုက်။ ဒီနောက်ပိုင်း ငါ ကျန်းမာရေး ကောင်းလို့ တာဝန်လစ်ဟင်းခဲ့တာကို ငါဝန်ခံပါတယ်။ ဒါပေမဲ့ တတ်နိုင်သလောက်တော့ ငါထလုပ်ပေးနေတာပဲ စံ"

"အဲဒါက"

"နင်သိထားဖို့က သူငယ်ချင်းဆိုတဲ့စည်းကိုအလေးထား လို့ပဲ စံ"

"ဘာ!. . . ဘာပြောတယ်"

စံ မျက်နှာပျက်ချေပြီ။ စကားတွေ Foul ကုန်ပြီလား။ ညည်းရှယ်တာအမှန်ပါ စံ။ အနင်းခံရလို့ ကန်ထွက်တဲ့ 'ကျွဲရှင်'လို နင်သဘောထားပေးပါလား။ ဒါဆို ပိုကောင်းမယ်ထင်ပါရဲ့။

"နင့်ကိုချစ်ခင်တဲ့စိတ်ရင်းနဲ့ အောက်ခြေသိမ်းလုပ်ပေး တဲ့ စေတနာကို နင်မြင်တတ်ပါစံ။ အရှင်းဆုံးပြောရရင် ငါက နင် ပိုက်ဆံပေးခိုင်းလို့ရတဲ့အိမ်ဖော်မဟုတ်ဘူး"

"ဖြူ"

"ငါ့ကိုအဲဒီလောက် ချိုးချိုးဖဲ့ဖဲ့မပြောဖို့ မေတ္တာရပ်ခံချင်



www.burmeseclassic.com

www.burmeseclassic.com



တာပါ''

''နင်. . . နင်. . . နင့်ရည်းစားကို ငါလုတယ်
တော့ အခုလိုပြောလိုက်တာပေါ့လေ''

ကျစ်! မဆိုင်တာတွေ ဆွဲထည့်ရှေ့ပြီ။ ဒီလော
ထား ငြာနေပါလျက် နှုတ်မစောင့်သူက စံဖြစ်နေပြန်

''မဆိုင်ပါဘူး စံ၊ သူနဲ့ငါ့ကိစ္စက ဟိုးအတိတ်
ရစ်ခဲ့တာ ကြာပါပြီ။ လက်ရှိအချိန်မှာ ပြန်တွေ့တာတော
နီးမှုတစ်စုံတစ်ရာကို ငါဖော်ပြခဲ့တာမဟုတ်ပါဘူး''

''အဲဒီသဘောမဟုတ်ရင် ဘာလဲ၊ နောက်ဆုံး
နောက်ကျောကို နင် ဓားနဲ့ထိုးတာပါလား စကားဖြ''

''မစွပ်စွဲပါနဲ့ စံ၊ နင့်လူနဲ့ပတ်သက်ပြီး ဘာ
ငါပြောသေးတာမဟုတ်ဘူး''

''မသိဘူး. . . မသိဘူး. . . ငါသိတာ နင်
သစ္စာဖောက်တာပဲ''

အတော်အပြောရခက်ပါလားနော်။ လူဆိုတာ
ဖွဲ့စည်းထားတဲ့ခန္ဓာကိုယ်ဖြစ်ပေမယ့် ဆင်ခြင်ဉာဏ်ဆို
ထိန်းချုပ်နိုင်ရမှာလေ။ ခုတော့ သူခေတ်စံဟာ ချစ်ခြင်





မမြင်တော့ဘဲ အမှောင်တွေဖုံးနေပါရောလား။

ပြီးတော့ သူငယ်ချင်းဖြစ်တဲ့သူမကိုပါ ပြဿနာမဖြစ်
အောင် ရှာနေတာလေ။

''ဒီနေ့အထိ ငါဘာအမှားမှမလုပ်မိသေးဘူး စံ။ အဲဒါ
တရားပဲ''

''ငါကတော့ အမှားတွေလုပ်နေတယ်ပေါ့လေ''

''မဆိုလိုပါဘူး''

''မြင့်မိုရ်နဲ့ငါ ချစ်သူဖြစ်နေတာကို နင်မနာလိုဘူးမဟုတ်
ါ''

သူမ နှုတ်ဆိတ်သွားရပြန်ပါ၏။ အနာကိုဆွလိုက်သလို
လေစွ။ ချစ်သူတဲ့၊ အမေတားနေတဲ့ကြားက ကမ်းခဲ့ဖူးတဲ့
တစ်စုံ၊ ပေးခဲ့တဲ့နှလုံးသားတစ်ခုကို နမော်တသဖြစ်ရတာ
ပါလေ။

မှန်ပါတယ် ဖော်. . . ငါမှားခဲ့တာပါ။ မိဘစကား နား
ခြင်းကြောင့် ဝဋ်ခံရလေသလား။ မေတ္တာစူးရှတာမျိုးပဲ
ဆင်ပါရဲ့။ အမေ့ကိုစိတ်မကောင်းဖြစ်အောင် လုပ်ခဲ့မိလို့
ခုရင်ထဲမှာ တစစ်စစ်နာကျင်တဲ့ဝေဒနာကို ခံစားရတာပဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှာပါလေ။

"ဘာလဲ၊ နှင်မပြောနိုင်တော့ဘူးမဟုတ်လား"

"မဟုတ်ဘူး"

"ဘာမဟုတ်ဘူးလဲ၊ မြင့်မိုရ်က လက်ရှိ ငါ့ချစ်သူ

သူ့ရင်ထဲမှာရှိနေတာ သုခေတ်စံဆိုတဲ့ငါပဲ ရှိနေတာပါဖြူ။

ဖြူဆိုတဲ့နှင် မဟုတ်တော့ဘူး။ နှင်တို့အတိတ်က ဖုန်တက်

ပန်းချီကားလို ဝါးတားတားဖြစ်နေပြီဟဲ့"

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရပါ၏။ ပြောရက်

တာ စံရယ်၊ ဒါကိုသိသိကြီးဖြစ်ပါလျက်နဲ့ ဒီလိုရင့်ရင့်သီးသီး

ပြောဖြစ်တဲ့အထိ နှင်ရက်စက်လွန်းတာတော့ မကောင်းပါဘူး

တဆိတ်. . . လွန်ချေပြီ။

"ဘယ်လိုလဲ၊ အနာထိတော့ ခံရခက်နေပြီလား။

တဲ့ငါးက ကြီးလုချည်ရဲ့ဆိုပြီး နှင်နောင်တရနေပြီလား

သူက ခုဆို တစ်ကိုယ်တော် Series ခွေထုတ်ဖို့ Ready

ပြီးနေပြီ။ နှင့်လိုလူကို ခေါင်းထဲမပြောနဲ့၊ စာရင်းထဲမှာ

ထည့်တွက်တော့မှာမဟုတ်ဘူး။ သူ မအောင်မြင်ခင်ကတည်း

လက်ကမ်းပေးပြီးသားဖြစ်တဲ့ငါ့ကို ရှေ့ဆက်လက်တွဲဖို့ပဲရှိတယ်





". . ."

"နောက်ဆို သူနဲ့အတူတူ ဘဝခရီးကိုလျှောက်ကြဖို့ပဲ ရှိတော့တာလေ။ ဟင်းဟင်းဟင်း. . . Dreams to come true တဲ့။ ငါတို့အိပ်မက်တွေ အမှန်တကယ်ဖြစ်လာတော့မှာ အသေအချာပဲ"

"စံ. . . ငါ"

"ဒီလိုအနုတ်စုတ်ကုတ်စုတ် အခန်းသေးသေးလေးထဲမှာ နှင်နဲ့အတူနေရတဲ့ငရဲက မကြာခင်လွတ်တော့မှာလေ"

မျက်နှာကို ပင့်မော့လျက် ပြောနေသည့်စံကို သူမ ငေးကြောင် ကြည့်နေမိတာ အကြာကြီးပါပဲ၊ အိပ်မက်တွေ အမှန်တကယ်ဖြစ်လာပြီတဲ့လား။ ဟုတ်ပါတယ်ဖော်ရယ်၊ တစ်ချိန်တုန်းက စိတ်ကူးယဉ်ခဲ့သမျှအကုန်လုံး ပျောက်ကွယ်ခဲ့တာ ကြာပါပြီလေ။

ငါ့ဦးနှောက်ထဲမှာ ရှိနေတာကတော့ တစ်ခုတည်းပါပဲ။ အဲဒါကတော့ နှင်ပေးခဲ့ဖူးတဲ့လက်စွပ်လေးကိုပြန်ပေးဖို့ အချိန်တန်ပြီဆိုတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

တိုက်လေ့ကားမှ ဆင်းလာခဲ့စဉ် ခြေလှမ်းတို့က အားပါလှ၏။ စိတ်က လူနှင့်မကပ်သည့်နှယ် မှိုင်တွေနေလေ၏။

"စကားဖြူ"

"ဟင်"

ဘေးနားကပ်ခေါ်လိုက်သံကြောင့် အလန့်တကြားဖြစ်သွားရပါ၏။ Platform ဘေးမှာ ကားတစ်စီးလုံး ရပ်ထားတာကိုတောင် သူမသတိမထားမိတာပါလားနော်။

"ဒေါက်. . . ဒေါက်တာ"

"Phone ဘာလို့မဖွင့်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလို! Phone ဆို၍ ညက စားပွဲပေါ်တင်ထားလား၊ အံဆွဲထဲ ထည့်သိမ်းထားမိသလားတောင် မမှတ်မိတော့ပါလေ။ ပြောတော့ဖြင့် Phone ယူထားရင် လူမလာဘူးဆိုပြီး အခုတော့ လူတစ်ယောက်လုံး ရောက်လာပြန်ပါရောလား။

"ဘာကိစ္စရှိလို့ပါလဲ ဒေါက်တာ"

"လာကြိုတာလေ စကားဖြူရဲ့"

"ပြောတော့မလာဘူးဆိုပြီး"

တီးတိုးညည်းမိတော့ သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်လေ၏။ လူကို ကလေးလို ထပိပြီးလှောင်နေတာများလား။ တည်ကြည်တဲ့ရုပ်ရည်ကြောင့်သာ သူ့ကိုအထင်မသေးစုံတာပါ။

"ဒီနေ့ Doctor Rosi လာပြန်ထိုင်ပြီဆိုတော့ ကိုယ် တာဝန်ယူစရာမရှိတော့ဘူးလေ။ ကျောင်းရှေ့အထိတော့ ပို့ပေးပါရစေ"

"ကျွန်မ. . . အန်တီစန္ဒီနဲ့ ပြဿနာမဖြစ်ပါရစေနဲ့လား ဒေါက်တာ"

"ဟောကြည့်. . . ပြောပြန်ပြီ"

"ဒီအလုပ်က ကျွန်မအတွက် အရမ်းကိုအဆင်ပြေလွန်း





တာမို့ လက်လွှတ်ရမှာကို သိပ်စိုးရိမ်ပါတယ်"

"ကိုယ်တစ်ယောက်လုံး ရှိနေပါလျက်နဲ့ ဘာတွေစိုးရိမ်စရာရှိလဲ စကားဖြူ။ အားကိုးလိုက်စမ်းပါ။ အားကိုးခံချင်လွန်းလို့။ ဟင်. . . ဘယ်လိုလဲ"

ဖွတ်ပါပဲလားနော်။ ပြောချင်ရာပြောနေသည့်သူ့မျက်နှာက အလိုလိုချိုမြနေတာလေ။ အပိုင်တွက်ထားပုံပါပဲလား။ မတူညီတဲ့အလွှာနှစ်ခုကို ဘယ်လိုများ ညှိချင်နေသလဲရှင်ရယ်။

"ကျွန်မတောင်းပန်ပါတယ် ဒေါက်တာ"

"ကိုယ်ကြားချင်တာ အဲဒါမဟုတ်ဘူးလေ"

"ဒေါက်တာ့ပတ်ဝန်းကျင်မှာ"

"ကားပေါ်ရောက်မှပဲ ဆက်ပြီးပြောတော့လေ။ အခု ကားပေါ်တက်လိုက်ပါ"

"Phone... ယူထားရင် လူမလာဘူးလို့ ပြောခဲ့တယ်မဟုတ်လား"

"ဒါဖြင့် Phone ဘာလို့ ဖွင့်မထားသလဲ၊ ပြောဦး"

စိတ်ကြီးရယ် ညစ်ပါ့။ သက်ပြင်းကိုသာ ကျိတ်ရှိုက်လိုက်ပြီး ကားပေါ်တက်ထိုင်လာရတော့သည်။ ကြိုက်သလိုသာပြော၊



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်ရာသာ လုပ်ပေတော့ ဒေါက်တာရယ်။ ကျွန်မက ရှင်တို့အသိုင်းအဝိုင်းအောက်မှာ ရှိနေတဲ့ဝန်ထမ်းပေကို။ နိုင်ချင်သလိုသာ **နိုင်**စားကြပါတော့။

ကျောင်းကအနီးမှာ ရှိပေမယ့် ကားကိုလမ်းတစ်ဖက်**ကွေ့ပြီး** ဆန့်ကျင်ဘက်ကိုမောင်းလိုက်တာမို့ သူမ မျက်လုံးပြူး**သွားရလေ၏**။ အလို! ဒါက ဘယ်ကိုခြေဆန့်ရပြန်တာပါလိမ့်။

"**ဒေါက်တာ**"

"**ကိုယ်** Breakfast စားမလာလို့ တစ်ခုခုစားကြရအောင် **စကားပြု**"

"**ကျွန်မ** ဘာမှစားချင်စိတ်မရှိဘူး ဒေါက်တာ။ ကျောင်းကိုပဲ **သွားပါရစေ**၊ ကားသာရပ်ပေးပါ၊ ကျေးဇူးပြု၍"

သူက သူမပြောနေသည့်ကြားထဲမှ မောင်းချင်ရာဆက်မောင်း**နေခဲ့ပြီး ဆိုင်**တစ်ဆိုင်ရှေ့ ထိုးရပ်လိုက်လေသည်။

"**ကော်ဖီပြစ်ပြစ်** တစ်ခုခုတော့ သောက်လိုက်ပါ စကားပြု။ ဒီဆိုင်မှာက **အပူအအေးအစုံ**ရသလို မြီးရှည်တို့ ခေါက်ဆွဲကြော်တို့လို **အစားအသောက်**တွေပါရောင်းတဲ့ Restaurent အသေးစားလေးပဲ။ လာပါ"





ရှာနိုင်တဲ့လူဆိုတော့လည်း ဖြုန်းနိုင်ပေမပေါ့။ **စိတ်မပါ**ဘဲ လုပ်ရတဲ့အလုပ်လောက် စိတ်ပျက်စရာကောင်းတာ **မရှိတော့**ပါလေ။ ကလေးကို သံယောဇဉ်ဖြစ်တာမှန်ပေမယ့် ဒီလူ **ဤမျှထိ**သူမအပေါ်မှာ အခုလိုနိုင်စားလိမ့်မည်ဟု ထင်မှမထားတာကို။

"ထိုင်၊ ဘာစားချင်လဲ၊ ထမင်းကြော်စားမလား"

"ဟင့်အင်း"

"တစ်ခုခုတော့ စားပါ စကားပြုရယ်။ ဗိုက်ထဲလောကဖျားထားတာ ဘာကြာသေးလို့လဲ။ မျက်နှာလေးတောင် **ချောင်**ကျနေပြီ။ ဒါဖြင့် ကော်ဖီတော့ သောက်ပါနော်"

သူမ ဘာမှပြန်မဖြေရသေးခင် အနီးသို့ရောက်လာသည့် Waiter ကို သူက မှာစရာရှိတာ မှာလိုက်လေ၏။ **တစ်အောင့်**အကြာမှာတော့ ကော်ဖီနှစ်ခွက်နှင့် ပူတင်းတစ်ပွဲ၊ ပေါင်မုန့်ကြော်တစ်ပွဲ၊ ဟမ်ဘာဂါတစ်ပွဲတို့ စားပွဲပေါ်ရောက်လာတော့လေ၏။

ခြော်. . . အိမ်မှာက သူမက စံကို ဂရုစိုက်**နေရပြီး** အခုကျ သူမကို ဒေါက်တာက ဂရုစိုက်နေတာလေ။ **မေတ္တာ**ဆိုတာ အသွားအပြန်ရှိတာမှန်ပေမယ့် ဒီအဆိုပြုချက်ကို သူမက ယုံရခက်ခက်ဖြင့် ကန့်ကွက်ချင်နေတာအမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သုံးဆောင်ပါဦး၊ နောက်မကျစေရပါဘူး စကားဖြူရဲ့၊ ကိုယ် အချိန်မီလိုက်ပို့ပေးနိုင်ပါတယ်။ စိတ်ချပါ"

ကော်ဖီခွက်ကို သူမ မကိုင်ရသေးခင်၊ သူက သူ့ရှေ့က ကော်ဖီခွက်ကိုယူလျက် ဖွန်းဖြင့် ဖြည်းဖြည်းချင်းမွှေကာ နွေးစေလေ၏။ သူ့ဖန်းရှိစဉ်တုန်းက ဒီလိုကြင်နာမှုကို မည်သို့ကျေနပ်နိုင်သည်မသိသော်ငြား သူမကတော့ အတော့်ကိုစိတ်အိုက်နေလေပြီ။

"ဘာလဲ မြင့်မိုရ်"

"ရှူး!. . ."

သူငယ်ချင်းနှစ်ဦးမေးတာကို သူအချက်ပြလိုက်ပြီး သူမတို့ကို စိုက်ကြည့်နေမိ၏။ ဆိုင်ထဲဝင်ထိုင်တာကို ကားပေါ်က ဆင်းလာသည်မှစ၍ လှမ်းမြင်နေရတာလေ။ ဒါ ဟိုတစ်ခါ သူမကို တိုက်ရှေ့ထိ လိုက်ပို့ပေးခဲ့တဲ့ပုဂ္ဂိုလ်ပါပဲ။

စကားရဲ့အမျိုးသားလေလား။ မဖြစ်နိုင်ပါ။ ဖန်းခင်ပွန်းဆိုရင် ဒီ့ထက်ပိုပြီးရင်းနှီးတဲ့အကြည့်မျိုးအပြုံးမျိုးနဲ့ ပြောဆိုဆက်ဆံနေမှာအမှန်လေ။ အခုမြင်နေရတာက ဇင်ယော်တောင်မျက်ခုံးနှစ်ဖက် တွန့်လိမ်နေသည့်အထိချိုးထားပြီး စိတ်အိုက်နေတဲ့





ပုံစံမျိုးကို။

"အဲဒါ ဘယ်သူလဲ"

"ငါ့နှလုံးသား"

"ဘာ!"

"ငြိမ်ငြိမ်နေကြပါကွ၊ ငါကြည့်နေတာ"

"ဘေးကဘဲကြီးက ဘာလဲကွ"

"သူ့ယောကျ်ားလား"

"မဖြစ်နိုင်ဘူး"

ကော်ဖီခွက်ကို သူမရှေ့သို့ပြန်ချပေးလိုက်စဉ် ကန့်လန့်ကာချထားသည့်မျက်ဝန်းတို့က ပင့်မော့ပွင့်လာလေ၏။ လှတုန်းပါပဲ။ အရင်ထက်ပိုပြီး ရင့်ကျက်တည်ငြိမ်လျက် ကျက်သရေရှိတဲ့အလှကို ပိုင်ဆိုင်ထားတုန်းပါလေ၊ ဒီပုံပန်းသဏ္ဌာန်ကို ကလေးတစ်ယောက်အမေ အိမ်ထောင်သည်လို့ ဘယ်သူက ယုံမှာတဲ့လဲ။

ဟော! သူစိုက်ကြည့်နေတာကို စိတ်မလုံ၍ပဲလားမသိ၊ ဖျတ်ခနဲဘေးဘက်သို့ သူမအကြည့်ရောက်သွားစဉ် နှုတ်ခမ်းအစုံပွင့်အာသွားလေ၏။ အံ့သြတယ်ပေါ့။ သူရှိနေတာကိုမသိဘဲ ဝင်ထိုင်လိုက်တဲ့ ဆိုင်ထဲမှာ သူမမျက်နှာ အနည်းငယ်ရဲလာသည့်



www.burmeseclassic.com

www.burmeseclassic.com



နယ်ပါ။

ဘာကြောင့်လဲ၊ တစ်ခုခုကို ဖုံးကွယ် သိုဝှက်ထားသလို မျိုး အမှုအရာပျက်စရာမလိုပါဘူး စကားရယ်။ မင်းကိုယ်တိုင် ကလည်း ကိုယ့်ကို သူသူနဲ့ပတ်သက်နေတယ်လို့ မြင်ခဲ့ဖူးတာပဲ မဟုတ်လား။

"စကားဖြူ"

ခုံမှထရပ်လိုက်တာမို့ ဟိုလူ့ထံမှ တားမြစ်သံ ထွက်လာ လေ၏။ နာမည်အရင်းကိုခေါ်တာပါလား။ ဖနီးသည့်ဆိုရင် 'ဖြူ လေး'လို့ပဲဖြစ်ဖြစ် အဖျားဆွတ်ခေါ်ဝေါ်နိုင်တာလေ။ ကောင်းပြီ စကားဖြူ၊ ကိုယ် စပြီးလှုပ်ရှားကြည့်မယ်နော်။

"ကျွန်မ သွားတော့မယ်"

"နေပါဦး၊ ကိုယ်လိုက်ပို့မယ်လို့ပြောထားတဲ့ဟာ။ ခဏ လေးပါ"

သူမလက်ကောက်ဝတ်ကို လှမ်းဆွဲထားတာမို့ မျက်နှာ နီလျက် ရုန်းလိုက်လေ၏။ သေချာသလောက်ပါပဲ။ စကားရဲ့ ခင်ပွန်းမဟုတ်တာကိုလေ။ သူမလက်ကို ကိုင်တဲ့လူရဲ့လက်ကို အတင်းရုန်းနေတုန်း သူ အနီးဆုံးကို ရောက်လဲ့ပါလေ၏။





"စကားဖြူ"

"စကား"

သူမအကြည့်က မျက်လုံးလွှဲကာ လက်ကိုရုန်းနေတုန်း ပါပဲ။ သူခေါ်တာကိုမကြားချင်ယောင်ဆောင်တာ သိသာနေတာ လေ။ ဟိုလူက မတ်တပ်ရပ်ရင်း သူ့ကိုကြည့်လိုက်ပုံက တအံ့ အသြပါပဲ။ ပြောတော့ စကားဖြူ၊ ဘယ်သူက မင်းနဲ့အရင်းနှီးဆုံး သူလဲ။

"ကိုယ်စကားပြောစရာရှိတယ်"

"ငါ့မှာ ဘာမှပြောစရာမရှိဘူး"

မျက်နှာထားတည်ကာ မာသွားပုံက စောစောကနှင့် ဆိုင်တော့ပါလေ။ ဘယ်လိုလဲ၊ သူက စကားကိုသံစွာဖောက် ဘဲ့ရန်သူလို ဖြစ်နေပြီလား။ မဟုတ်သေးဘူးနော်၊ မင်းကို မောင် ပြောစရာတွေ အများကြီးရှိနေသေးတာပါလေ။

"ခဏလေးပါပဲ စကား၊ အပြင်မှာတွေ့ဖို့ နာရီပိုင်းပဲ ဖြစ်ဖြစ်"

"နင်နဲ့ငါကြားမှာ ဘာကိစ္စမှမရှိတော့ဘူး ဇာနည်ဇော်"

'ဇာနည်ဇော်'တဲ့။ တစ်ကြိမ်မှမခေါ်ဖြစ်ခဲ့တဲ့ နာမည်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်လိုက်ပုံက စိမ်းသက်လှချည်လား။

"ဒီတော့ တွေ့စရာလည်းမလိုအပ်ဘူး"

"ကိုယ့်မှာပြောစရာအများကြီးရှိနေတာမို့ ခွင့်ပြု

"ကျစ်!. . ."

"အပြင်မှာ တွေ့ခွင့်မပေးရင် အိမ်ကိုပဲ ကိုယ်လာခဲ့

ဒီညနေပဲဖြစ်ဖြစ်ပေါ့"

"ငါမရှိဘူး"

"စကား"

"ကျွန်မ ကျောင်းသွားဖို့ အချိန်တော်တော်လွန်

ဒေါက်တာ"

"OK!...ကိုယ်လိုက်ပို့ပေးမယ်"

"စကား"

သူက စကားရဲ့လက်မောင်းကို ဆွဲလိုက်တာမို့ သူ

သို့ ယိုင်သွားသလိုဖြစ်သွားရပါ၏။ ဆရာဝန်က သူ့လက်

ကာ ဆွဲဖြုတ်လိုက်လေသည်။

"မင်းဘာလုပ်တာလဲ"

"ခင်ဗျားက ဘာမို့လို့ ဝင်ပါနေရတာလဲဗျ။





ကျွန်တော်က"

"ဒီမှာ ဖာနည်ဇော်၊ နှင့်မှာ သူခေတ်စံတစ်ယောက်လုံး

ရှိနေပါလျက်နဲ့ ငါ့ကိုဘာအနှောင့်အယှက်မှ မပေးပါနဲ့တော့။ နှင့်

ကိုယ်နှင့် သိက္ခာရှိတဲ့လူတစ်ယောက်ဆိုရင် နားလည်မှုရှိသင့်ပါ

တယ်"

"ကိုယ်. . ."

"သွားကြမယ် ဒေါက်တာ"

ကျောခိုင်းလိုက်စဉ် ပါးပြင်ထက် ပေါက်ခနဲစီးကျသွားရ

သည့်မျက်ရည်ကို သူ မမြင်စေလိုပါလေ။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"မမြို့"

"ရှင်. . . ဩော်, နီနီ၊ ဘာပြောချင်လို့လဲ"

"မမကိုတွေ့ချင်လို့တဲ့၊ အန်တီခေါ်ခိုင်းလိုက်လို့"

"အန်တီ"

"ဟုတ်ကဲ့၊ ဒေါ်စန္ဒီတင်ပါ"

ကလေးတွေကို ကြာဖူးပုံစက္ကူခေါက် သင်ပေးနေရင်း သူမလက်ထဲမှစက္ကူရုပ်က ရုတ်တရက်ပြုတ်ကျသွားရပါ၏။ အလို! သူမ စိုးရိမ်နေမိတဲ့ကိစ္စက ရောက်လာပါရောလား။

"ခဏလေးပါ နီနီ၊ အန်တို့ကို နည်းနည်းလောက်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ပြောထားပေးပါ။ ဒီမှာ သင်လက်စနဲ့မို့နော်”

“ဟုတ်ကဲ့ မမ”

နေ့လယ် (၂)နာရီကျော်မှ ဒီကို ဘာကိစ္စနဲ့များ ရောက်ချလာပါလိမ့်နော်။ နောက်ဆုံးအဆင့် လေ့မှတ်ကာ ကြာဖူးလေးကို ဖောင်းလိုက်ပြီး အသင့်လိပ်ထားသည့်စက္ကူချောင်းလေးကို ထိုးပြလိုက်ပါ၏။ ကူသင်ပေးနေသည့်မဝါကို လက်လွှဲအပ်ကာ အခန်းထဲမှထွက်လာခဲ့ရတော့သည်။

ဘုရားသိကြား‘မ’လို့ အလုပ်ချက်ချင်းကြီး မဖြုတ်လိုက်ပါနဲ့ဦး။။

ရုံးခန်းအပြင်မှာ (အထဲသို့ချက်ချင်းမဝင်ဖြစ်သေးဘဲ) ရပ်နေမိသေးသည်။ ခြေဖျားလက်ဖျားတွေက အလိုလိုတုန်ရီအေးစက်နေလို့လေ။

“ဒေါက်! ဒေါက်! ”

“ဝင်ခဲ့ပါ”

တံခါးကိုအသာတွန်းလျက် အတွင်းသို့ ခြေလှမ်းဝင်လိုက်မိစဉ် ဒေါ်စန္ဒီတင်၏မျက်လုံးစူးအကြည့်က ရွှေရောင်ကိုင်းမျက်မှန်ပင့်ပြီး သူမထံရောက်လေ၏။ ရင်ထဲ စိမ့်ခနဲအေးစက်သွားရ





ဘာအမှန်ပါ။ အန်တီ့ကို သူမ Interview ဖြေခဲ့စဉ်အပါအဝင် စကားပြောဖူးသည့်အကြိမ်က သုံးကြိမ်လား ရှိသေးတာလေ။

“ထိုင်ပါ စကားဖြူ”

“ဟုတ်ကဲ့”

စားပွဲရှေ့ခုံမှာ ဝင်ထိုင်လိုက်ပေမယ့် စကားမပြောသေးပါဘဲ သူမတစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်နေတာမို့ ရင်တုန်လိုက်တာမပြောပါနဲ့။ အခုမှ သူမအဖြစ်က ကျောင်းအုပ်ကြီးရှေ့ (ရုံးခန်းထဲ)ရောက်နေရတဲ့ မူလတန်းကျောင်းသူလေးအဖြစ်မျိုးနဲ့ တူနေတာလေ။

“မင်းမှာ ချစ်သူရှိလား”

“ရှင်! ”

ထင်မထားသည့်မေးခွန်းကို ဖြုန်းစားကြီး ဘာပြန်ဖြေရမှန်းမသိဘဲ အံ့သြနေမိပါ၏။ ဒေါ်စန္ဒီတင်က သဘောကျသည့်နှယ် မိန့်မိန့်ကြီးပြုံးလိုက်လေသည်။ ဘာကြောင့်များပါလိမ့်။

“မေးရင်ဖြေလေ စကားဖြူ”

“မရှိ. . . မရှိပါဘူး အန်တီ”

“အရင်တုန်းက ရှိခဲ့ဖူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဘယ်တုန်းကလဲ"

"နယ်မှာနေတုန်းကပါ"

"ဒါဖြင့် အခုလောလောဆယ် ဘာနှောင်ကြိုးမှမရှိဘူး ပေါ့လေ"

"ဟုတ်ကဲ့"

ထပ်ပြုံးပြန်ချေပြီ။ ဟိုတလောလေးကပဲ ဒေါက်တာနှင့် သူ ဆိုင်တစ်ဆိုင်မှာ ထိပ်တိုက်တိုးခဲ့တာကို မပြောဖြစ်။ အတိတ် ကို အတိတ်မှာ ထားခဲ့ဖို့ ဒေါက်တာကိုယ်တိုင်ပြောခဲ့တာမို့ မျက် ရည်ကျနေလျက်မှာ တိခနဲအငိုတိတ်ခဲ့တာ ပူပူနွေးနွေးသာ ရှိနေ သေးတာလေ။

"အန်တီ့သားဒေါက်တာမိုးစက်တင်ကို ဘယ်လိုမြင်လဲ"

"ရှင်! . . ."

"သိချင်လို့မေးတာမို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေတာ ပါ ကလေးဖြူ။ သားက မင်းကို Propose လုပ်ပြီးပြီဆို"

သူမမျက်နှာ ပူနွေးလာရတော့၏။ သိနေပါတယ်၊ ဒေါက် တာပျိုးတဲ့မိုးက နောက်ဆက်တွဲလောင်တော့မှာလေ။ ဘာလုပ်





ရမလဲ၊ ဘေးနားမှာ အားပေးမည့်သူရယ်လို့ တစ်ဦးတလေမှ ရှိ မနေခဲ့ပါချေ။

"သားမှာ ကလေးတစ်ယောက်အဖေ မုဆိုးဖိုဆိုတဲ့ပြစ် ချက်လေးတစ်ခုကလွဲရင် အစစအရာရာ ပြည့်စုံတဲ့သူဆိုတာကို မင်းသိမှာပါ"

"သားအနီးမှာ အဆင့်အတန်းအမျိုးမျိုးက မိန်းကလေး ပေါင်းမြောက်များစွာရှိနေပါလျက်နဲ့ ဘယ်သူ့ကိုမှစိတ်မဝင်စား ဘဲ မင်းကိုမှရွေးချယ်ခဲ့တာပဲ ကလေးဖြူ"

"ကျွန်မ"

"အရှင်းဆုံးပြောရရင် မင်းလောက်အဆင့်လေးနဲ့ မိန်း ကလေးကို သားနဲ့သဘောမတူချင်တာအမှန်ပဲ"

ရင်ဘတ်ထဲ အောင့်သက်သွားရပါ၏။ သဘောမတူဘူး ဆိုရင်လည်း ဒေါက်တာ့ကို အစောကြီးကတည်းက တားသင့်တာ ပေါ့ အန်တီ။ အခုမှ ကျွန်မကိုလာပြောလို့ ဘာထူးမှာလဲ၊

"ဒါပေမဲ့ မအေဖြစ်တဲ့ ငါကပဲ သားသမီးသံယောဇဉ် ကြောင့် အလျှော့ပေးရတော့မယ်၊ အဲဒီနေ့က တို့သားအမိအငြင်း



www.burmeseclassic.com

www.burmeseclassic.com



အကျယ်စကားများခဲ့ကြရတာ အမှန်ပဲကွယ့်”

“ကျွန်မ. . . ကျွန်မ. . ., ဒေါက်တာ့ကိုငြင်းထားပြီးပါပြီ အန်တီ”

“ဘယ်လို”

အန်တီက အံ့သြသွားသည့်နှယ် သူမကိုငေးကြည့်နေပါ၏။ ‘မင်းလောက်အဆင့်’ဆိုတဲ့အတိုင်းအတာက ရင်ထဲမှာ သံချွန်နဲ့ ထိုးမွှေနေသည့်နှယ် ခံရခက်စေတာလေ။ သူမဘဝက ဖိနပ်ဖြစ်နေရင်တောင်မှ ခြေနဲ့အနင်းခံနေတဲ့ခြေဖဝါးကို မနာကျင်အောင် ကာကွယ်ပေးတဲ့အရာလိုပါပဲ။ အခုတော့ သူမအတွက် ဘယ်နေရာကိုမှမဖြစ်ချင်တော့ပါလေ။ အလုပ်ထွက်ပြီး ဘဏ်မှာအပ်ထားတဲ့မေမေ့အမွေ သိန်း (၅၀)နဲ့အရင်းအနှီးလုပ်ပြီး စီးပွားရှာ ဈေးရောင်းတဲ့ကိုယ်ပိုင်ဘဝမှသာ စိတ်အချမ်းသာဆုံးဖြစ်တော့မှာပါပဲလား။

“နည်းနည်းပါးပါး အချိန်ယူစဉ်းစားပါဦးလား စကားဖြူ”

ဘာသဘောလဲ၊ သဘောမတူဘူးပြောနေမှတော့ ရပ်နေရာက ဆုတ်ခွာတာကသာ သူမအဖို့ စိတ်အသက်သာဆုံး





ဖြစ်မှာပါလေ။

“ကျွန်မ ဆုံးဖြတ်ပြီးပါပြီ အန်တီ”

“မဟုတ်သေးပါဘူး၊ အန်တီ့သားမှာ ဘာပြစ်ချက်များရှိနေလို့လဲကွယ်”

“မရှိပါဘူး အန်တီ၊ ဒေါက်တာ့ကို သားမိုးသက်တံရဲ့ဖခင်အဖြစ်နဲ့ရော ဆရာဝန်တစ်ဦးအနေနဲ့ပါ ကျွန်မလေးစားရိုသေလျက်ပါ”

“ဒါဖြင့် ဘာလို့ မင်းငြင်းရတာလဲ စကားဖြူ၊ အန်တီ့သဘောထားကို ပြောထားပေမယ့် အန်တီ့မြေးလေးကိုက မင်းကိုသိပ်ပြီးတွယ်တာနေတာဆိုတော့ အန်တီ့ဘက်က အလျှော့ပေးဖို့စီစဉ်ထားပြီးပါပြီ။ မင်းသာခေါင်းညိတ်နိုင်မယ်ဆိုရင် အန်တီ့ဘက်က အတွင်းပစ္စည်းတွေနဲ့ရော ငွေကြေးနဲ့ပါ မင်းအတွက် ပေးနိုင်ပါတယ်။ တကယ်ပါ စကားဖြူ”

အလိုလေး. . . လက်နက်ကြီးနဲ့ကို ထုပါရောလား။ ရှင့်အမေကို ဘယ်လိုနည်းနဲ့များ ခြိမ်းခြောက်ထားတာပါလဲ ဒေါက်တာမိုးစက်တင်။ ဂုဏ်မြင့်သူလူကြီးတစ်ဦးအနေနဲ့ အကြောင်းမရှိဘဲ ဒီလိုလိုက်လျှောမှုတွေနဲ့ ကျွန်မကို ဖျားယောင်းစရာမှမရှိတာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ရှင်တို့ရဲ့ဂုဏ်ဖဲက ဘာများပါလဲ။

"တောင်းပန်ပါတယ် အန်တီ၊ ကျွန်မ ဘာကိုမှမမက်မောပါဘူး"

"သေချာလို့လား စကားဖြူ၊ မြေးလေးကို မင်းမချစ်ဘူးလားဟင်"

မြေးလေးတဲ့၊ နောက်ဆုံးလက်နက်လေးပဲလား။ အာရုံက သူမအနား အမြဲတကပ်ကပ်ဖြစ်နေသည့်ကလေးငယ်ကို မြင်ယောင်လိုက်မိပါ၏။ တီတီတာတာနှင့် အင်မတန်စကားတတ်သွက်လက်ပြီး ချစ်စဖွယ်ကောင်းတဲ့ကလေးငယ်ကို ဘယ်လိုမျိုးသံယောဇဉ် လွယ်လွယ်ဖြတ်နိုင်မှာတဲ့လဲ။

မဖြစ်ဘူးနော်. . . လုံးဝမဖြစ်ဘူး။ သူမသာ ခေါင်းညိတ်ဖြစ်ခဲ့ရင် နောက်ကွယ်မှာ အမနာပ ပြောကြမယ့်စကားလုံးတွေကြားမှာ သိက္ခာတွေ ခြေဖဝါးအောက် လျှောကျကုန်ဖို့သာ ရှိတော့မှာလေ။

"ကျွန်မ စိတ်မကောင်းပါဘူး အန်တီ"

"စကားဖြူ"

"သားကို ကိုယ့်တူကိုယ့်သားလို ချစ်နိုင်တာမှန်ပေမယ့်





အန်တီ့ကမ်းလှမ်းချက်ကိုတော့ လက်ခံနိုင်တာ ခွင့်လွှတ်ပါ။ ကျွန်မ အနူးအညွှတ်တောင်းပန်ပါတယ်ရှင်"

"အန်တီ့ဘက်က ဘာများထပ်ပြီးလိုက်လျောပေးရမလဲ ဆိုတာကိုသာ ပွင့်ပွင့်လင်းလင်းပြောပါသမီးရယ်။ အန်တီအတတ်နိုင်ဆုံးလုပ်ပေးပါ့မယ်"

သမီးတဲ့။ အခေါ်အဝေါ်တောင်မှ ပြောင်းခေါ်လာချေပြီ။ မပျော့သွားလေနဲ့ စကားဖြူ။ နင့်စိတ်သာ ပျော့ပါသွားရင် နင့်ဘဝကြီးတစ်ခုလုံး ရှုံးမှာ အသေအချာပဲ။

"ဒါဆိုရင်တော့ ကျွန်မတစ်ခုတောင်းဆိုချင်ပါတယ်"

"ဘာကိုလဲ. . . ပြောလေ"

မျက်လုံးတွေ ဖျတ်ခနဲ တောက်ပသွားတာပါပဲလား။ Sorry ပါ အန်တီရယ်။ မျှော်လင့်ချက်ကိုရိုက်ချိုးတယ်လို့ မယူဆလိုက်ပါနဲ့။ ကျူးထဲမှာ ရှိနေတဲ့ဆင်လို၊ လှောင်ချိုင့်ထဲက ငှက်လို၊ ထောင်ချောက်မိနေတဲ့ကြွက်ကလေးလို ဘဝမျိုးနဲ့ ကျွန်မအတွက် အန္တရာယ်ရှိလာနိုင်လို့ အခုလိုခွင့်တောင်းရတာပါရှင်။

"ကျွန်မကို အလုပ်ထွက်ခွင့်ပြုပါ"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေပဲ Resign တင်သွားပါ့မယ်အန်တီ။ ကျွန်မ အပြုအမူအပြောအဆိုတွေဟာ အကယ်၍ရိုင်းပြသလိုဖြစ်နေရင် ခွင့်လွှတ်ပေးဖို့တောင်းပန်ပါရစေ"

အန်တီက မတ်တပ်ရပ်လျက်မှ ယိုင်ခနဲဖြစ်သွားလေ၏။ ဘာဖြစ်ကုန်တာလဲ၊ ငြင်းဆန်မှုတစ်ခုနောက်မှာ ကြေကွဲခြင်းဆိုတာ အနည်းနဲ့အများရှိတတ်တာမှန်ပေမယ့် ကာယကံရှင်ဖြစ်တဲ့ သူမလောက် အန်တီ့မှာ ထိခိုက်နာကျင်စရာမှမရှိတာ။

"မပြင်နိုင်တော့ဘူးလား"

"..."

"မင်းသာ... မင်းသာ ဒီအလုပ်ကနေ ထွက်သွားမယ်ဆိုရင် နောက်ဆက်တွဲဖြစ်လာမယ့်ကိစ္စတွေကို အန်တီဘယ်လိုရှင်းရပါ့မလဲ"

"ရှင်"

နောက်ဆက်တွဲကိစ္စတဲ့။ လာပြန်ချေပြီ။ ထင်ထားသည့်အတိုင်း ဂုဏ်ဖဲကတော့ ရှိတာအသေအချာပါပဲလေ။ အန်တီက ထိုင်ခုံမှာ ပြန်ထိုင်ချလိုက်ပြီး နဖူးကိုလက်ထောက်ထားလိုက်လေ၏။ ပြောစရာဆွေးနွေးစရာကုန်ပြီမို့ ပြန်ချင်ချေပြီ။





"အန်တီ"

လက်တစ်ဖက်ထောင်ပြလိုက်တာမို့ ဘာမှမဖြစ်ဘူးထင်ပါရဲ့။ ထပြန်ရန်ခွင့်ပြုဖို့ အမူအရာမပြသေးတာမို့ သူမ ဆက်ထိုင်နေရပါ၏။

"သားကိုဘယ်လိုပြောရပါ့မလဲ"

"..."

"မင်းသာ အလုပ်ထွက်သွားရင် အန်တို့ဘဝထဲကနေ သားအဖနှစ်ယောက်စလုံး ပျောက်သွားမှာတဲ့"

အဖျားမှာ တုန်သွားသည့်အသံကြောင့် စိတ်ထိခိုက်နေပြီမှန်း သူမသိလိုက်ပါသည်။ ဘယ်တတ်နိုင်ပါ့မလဲ၊ မိဘက သားသမီးအပေါ် မေတ္တာထားနိုင်တဲ့ပေးဆပ်သူတွေကိုး။

သို့သော် အမေပြောဖူးခဲ့သလို အမြင့်နဲ့အနိမ့်ကို တန်းမညှိကြည့်တာ သူမအတွက် အကောင်းဆုံးပါပဲ။ ဘယ်သူမဆို တစ်ကျပ်က တစ်ဆယ်၊ တစ်ဆယ်က တစ်ရာ၊ တစ်ရာကနေ တစ်ထောင်၊ တစ်ထောင်ကနေ သိန်းသန်းကုဋေ တိုးပွားချင်ကြတာ သဘာဝပင်မဟုတ်ပါလား။

ရောင့်ရဲတတ်တယ်ဆိုတဲ့အဆို့က စကားပြောဖို့ သာ



www.burmeseclassic.com

www.burmeseclassic.com



မန် အညာတရုမိန်းကလေးထဲမှာသာ ကိန်းအောင်းနေတာပါလေ။

ဏ ဏ ဏ



## အခန်း (၂၄)

''အတော်ပဲ၊ ညီမလေးကို Publisher တစ်ဦး ဆက်သွယ်ထားတာ ပြောမလို့လေ''

''ရှင်!''

စာမူလက်ခံသည့် မမသန္တာ (မန်နေရှာ)ရဲ့ စကားသံကြောင့် သူမ အံ့ဩမိသွားရပါလေ၏။ ဘယ်လိုလဲ၊ အခုမှပြောတာများလား။ စာမူကို စံကနေတစ်ဆင့်ပဲ ပေးနေတာလေ၊ ဒီလမှာမှ ဝတ္ထုတိုပါသည့်မဂ္ဂဇင်းဆုတ်ပြီး စာမူခထုတ်ရမှာမို့ လာခဲ့တာပါ။

''ဟိုကောင်မလေးလေ၊ ဘယ်သူ သုသုလား''



www.burmeseclassic.com

www.burmeseclassic.com



"သုခေတ်စံပါ အစ်မ"

"အေး...သူ့ကို ဟိုလကတည်းက မှာတာကြာနေ ပြီ ညီမလေးရဲ့။ မနေ့ကပဲ အန်ကယ်ဆီ Phone ထပ်ဆက်တာ နဲ့ သတိရတာ"

"ဘာကိစ္စလဲဟင်"

"အဲဒါ ညီမလေးကို အန်ကယ်ပဲပြောလိမ့်မယ်။ ရုံးခန်း ထဲဝင်လိုက်ချေ။ သွားသွား"

"ဟိုလေ့, ကျွန်မ ကဗျာသုံးပုဒ်ပါလာလို့"

"အဲဒါ ဒီမှာပဲထားခဲ့လေ၊ အစ်မ လက်ခံထားလိုက်မယ် သွားလိုက် ညီမလေး"

"ဟုတ်"

ကြည့်စမ်း! ဒီကိစ္စကို စံ ဘာကြောင့်မပြောတာပါလိမ့် ဒီစကားလေး သယ်လာဖို့ကို ဘာလို့မျှားဝန်လေးတာပါလိမ့်နော် သူငယ်ချင်းအတွက် သတင်းကောင်းလေးပါးဖို့လေးကိုတောင် ဖြူကင်စိတ်မထားနိုင်တော့တာပါလား။

"အန်ကယ်"

"ဪ. အေး...သမီး လာလာ...မတွေ့တာ

ကြာပြီနော်။ အလုပ်တော်တော်များနေလား"

"ဟုတ်ကဲ့"

"ထိုင်, သမီး၊ ဒီလိုသမီးရဲ့၊ အန်ကယ်တို့တိုက်ကနေ ဝတ္ထုတိုရေးနေကျ တလောင်သုံးဦးကို လုံးချင်းဝတ္ထုထုတ်ပေးဖို့ အန်ကယ့်မိတ်ဆွေက ရွေးထားတယ်"

"ရှင်!"

"ဘာလဲ...အံ့သြသွားတာလား၊ သူ့တိုက်က တင် သမျှကလောင်တိုင်း ပေါက်သွားကြတာချည်းပဲ သမီးရဲ့။ ကျန်ခဲ့ တဲ့နှစ်တွေကတည်းက သမီးတို့ရေးသမျှ သူ့ Group က လေ့လာ ကြည့်ကြတာပေါ့။ အဲဒီမှာ သမီးရယ်၊ မမြနွှင်းရယ်၊ နောက် ကိုတာရာရယ်ကို သူတို့ရွေးလိုက်တာ။ ဟိုနှစ်ဦးက အန်ကယ် ကနေတစ်ဆင့် အဆက်အသွယ်ရသွားပြီး စာချုပ်တောင်ချုပ်ပြီး လောက်ပြီ။ သမီးသဘောကရော"

ဘာပြန်ပြောရမှန်းမသိဘဲ ရင်ဝမှာ ဝမ်းသာလုံးက ဆို့ နေလေ၏။ အမယ်လေးနော်၊ အမေသာ အသက်ရှင်နေပါက ဘယ်လောက်များ ဝမ်းသာလိုက်မလဲ။ နယ်ကနေ ပြောင်းမလာ ခင်မှာ ရုတ်တရက်သွေးဆောင်တိုးပြီး ကွယ်လွန်ခဲ့ရတဲ့အမေ့ကို





www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ နင့်နင့်သီးသီးသတိရမိလေသည်။

အမေ. . . အမေ့သမီးရဲ့အောင်မြင်မှုလမ်းစကို ကောင်းကင်ဘုံတစ်နေရာကနေ အမေငုံ့ကြည့်နေမလားဟင်။

"သတ္တိရှိပါသမီးရဲ့၊ သမီးဆီလာတဲ့ဝေဖန်စာတွေထဲမှာ ဝတ္ထုနှ ညှိရေးဖို့ အကြံပြုစာတွေ ပါလေ့ရှိတာပဲဟာ"

"စာချုပ်နဲ့ဆိုတော့ ဝန်ပိမလားထင်မိလို့ပါ အန်ကယ်"

"ဩော်၊ ဒီအလုပ်ကိုလုပ်ပြီဆိုမှတော့ အနည်းဆုံး တစ်လတစ်အုပ် မှန်မှန်ရေးဖြစ်အောင် ကြိုးစားရမှာပေါ့ကွယ်"

"ဘယ်နှအုပ်တောင် ရေးရမှာလဲမသိဘူး"

"မအောင်မြင်သေးရင်တော့ ဦးဆုံး စာချုပ်က (၁၀)အုပ်စာ စချုပ်လိမ့်မယ်၊ တစ်အုပ်ငါးသောင်းနဲ့ (၁၀)အုပ်စာ သမီးကြိုရမှာပဲ၊ ဒီသုံးလေးအုပ်နဲ့ ထအောင်မြင်သွားရင်တော့ နောက်စာချုပ်တွေမှာ (၃၀)တွေ (၅၀)တွေ ချုပ်ရလိမ့်မယ်။ စာမူခလည်း ရောင်းအားကိုကြည့်ပြီး တိုးပေးသွားလိမ့်မယ်။ အတွေးမများနဲ့ သမီးရဲ့"

အမယ်လေးလေ. . . (၁၀)အုပ်ကနေ (၃၀) (၅၀)အထိတဲ့၊ တခြားအလုပ်တွေတော့ လုပ်ဖြစ်ပါဦးမလား။ လောလော





ဆယ်တော့ မနေ့ကပဲ အလုပ်ထွက်ဖြစ်ခဲ့ပြီမို့ လက်ရှိအလုပ်လက်မဲ့အနေအထားဖြစ်နေတာလေ။

"ကျွန်မစဉ်းစားလိုက်ဦးမယ် အန်ကယ်"

"ကောင်းပြီ၊ အခွင့်အရေးဆိုတာ ဘဝတံခါးကို တစ်ကြိမ်တစ်ခါပဲ လာခေါက်တတ်တာကို သမီးမမေ့ဖို့ အန်ကယ် သတိပေးလိုက်ပါရစေ"

"ဟုတ်ကဲ့၊ ကျေးဇူးအများကြီးတင်ပါတယ် အန်ကယ်။ ကျွန်မကိုခွင့်ပြုပါဦး"

"OK! သမီးဘက်က လက်ခံပြီဆိုရင် အန်ကယ့်မိတ်ဆွေကို Contact လုပ်ပေးမယ်"

"ဟုတ်ကဲ့ပါ အန်ကယ်"

ရုံးခန်းထဲမှထွက်လာတော့ လူက ဝါဂွမ်းစိုင်လေးလို ပေါ့ပါးသွက်လက်လို့ပါလေ။ ကြိုးစားထား စကားဖြူ။ ပြာမှုံးနေတဲ့ မိုးခဲလေးကို လေဈေ့ပြီး ထတောက်စေပြီထင်ပါရဲ့။

မန်နေဂျာအစ်မထံမှာ ဒီလမဂ္ဂဇင်းနှင့် စာမူသဆုတ်စဉ် ချက်နာမှအပြုံးက ထိန်းမရ၊ ရင်နှီးသည့်အစ်ကိုတွေ အစ်မတွေ ဘာရင်းတနှီးစကြတာကို ရယ်မောလျက် ပြန်နှုတ်ဆက်လျက် စာ



www.burmeseclassic.com

www.burmeseclassic.com



ပေတိုက်ထဲမှ ထွက်ခဲ့စဉ် လူတစ်ယောက်နှင့် အမှတ်မထင်တိုက်မိလေ၏။

“အမေ့!”

“ဟာ!”

တောင်းပန်ရန် ထိုလူကိုမော့ကြည့်လိုက်မိစဉ် သူမမျက်နှာထက်မှအပြုံးမှ ချက်ချင်းပျောက်သွားရလေ၏။

“စကား”

မျက်နှာကိုချက်ချင်းလွှဲ၍ ကျောခိုင်းလိုက်စဉ် သူက သူမလက်မောင်းကို ဖျတ်ခနဲလှမ်းဆွဲလိုက်လေသည်။ အို! စာပေတိုက်ရှေ့မှာ သူမရင်းနှီးတဲ့လူတွေသာ ဝန်းကျင်အနှံ့ ရှိနေတာမဟုတ်လား။

“ဘာလုပ်တာလဲ၊ ဖယ်”

“ခဏလေးပါ စကားရဲ့”

“ဖယ်လို့ပြောနေတယ်နော်၊ နင်နဲ့ငါ့ကြားမှာ ဘာမှပြောစရာမရှိဘူးလို့ ဘယ်နှခါပြောရမလဲ”

“ခဏလေးပါ စကားရယ်၊ ကိုယ် နယ်မှာ မင်းကိုပြန်လာရှာတုန်းကတည်းက ဝေးခဲ့ကြရတာ အခုထိပါ။ မင်း အိမ်





ထောင်ကျသွားတာရော ကလေးတစ်ယောက်ရပြီးမှ ကွာရှင်းခဲ့တာတွေကိုပါ ဘာတစ်ခုမှ ကိုယ်မသိခဲ့ဘူး”

“ဘာရယ်” —

“သုသုပြောမှပဲ ကိုယ်သိခွင့်ရခဲ့တာပါ စကားရယ်၊ ကိုယ့်မှာ ဘာအပြစ်မှမရှိဘဲ အစိမ်းသက်သက်ကြီး မင်းမုန်းနေတာကတော့ လွန်ပါတယ်”

ဘုရားရေ! ဘာတွေပြောနေတာလဲ။ သူမကို အိမ်ထောင်ကွဲ ကလေးတစ်ယောက်အမေအဆင့်အထိ ပိုးစိုးပက်စက်ပြောတယ်လို့ စံရယ်။ ဒီလိုချိုးနှိမ်ပြီး မဟုတ်တမ်းတရားတွေ ပြောသို့ နင့်အတွက် ဘာများအကျိုးရှိလို့လဲ။ လူတစ်ဖက်သားကို ရှေ့တင်ရော ကွယ်ရာပါ နင် ဒီအထိပြောတတ်တာပါပဲလား။ အံ့ပါ့ သုခေတ်စံ။

“ဟိုတလောက နင်နဲ့တွဲထိုင်တဲ့ဆရာဝန်ဆိုတာ”

“တော်ပြီ ဇာနည်ဇော်”

“စကား”

ရင်ထဲမှာ ဒေါသနှင့် ဝမ်းနည်းထိခိုက်နာကျင်မှုက အုပ်သော်သောင်းတင်းနဲ့ ဝုန်ဒိုင်းမွှေနေတော့တာပါလေ။ သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတစ်ယောက်ရှေ့မှာ ကိုယ့်သူငယ်ချင်းရဲ့သိက္ခာကို အဆုံးတိုင်ချတတ်တာ မိတ်ဆွေမဟုတ်တဲ့ရန်သူပါပဲ။ ရန်သူတောင်မှ နောက်ကျောကနေ ဓားနဲ့တစ်ဆုံးတိုင် ထိုးသွင်းလုပ်ကြံတဲ့ရန်သူပါ စံ။

ကောင်းပြီ၊ ဒီပုံအတိုင်းဆိုရင် နင်နဲ့ငါ တစ်မိုးတည်းအောက်မှာ အတူနေကြဖို့ မဖြစ်နိုင်တော့ဘူး စံ။ ငါ့နှလုံးသားကို ငါ့ဘဝကို ဒီလောက်နင်းချေနိုင်စားတတ်တဲ့ သူငယ်ချင်းနဲ့လည်း ရှေ့ဆက်လက်တွဲဖို့ လုံးဝမဖြစ်နိုင်တော့ဘူး။

တို့လမ်းခွဲကြစို့ စံ. . .

''ငါ့ကိုအဲဒီလိုပြောတဲ့ သုခေတ်စံဆိုတဲ့မိန်းမကို နင်ရွေးလိုက်တာ မှားတယ်လို့ပဲ ငါအသိပေးခဲ့ပါတယ်။ အဲဒါ ငယ်သူငယ်ချင်းဖြစ်ခဲ့တဲ့အတွက် လက်ဆောင်ပါ ဇာနည်ဇော်''

''ကိုယ်နဲ့သုသုက. . . စကား''

Taxi ကိုလှမ်းတားလိုက်ပြီး တက်လိုက်ခဲ့ပါ၏။ ပါးပြင်ထက် စီးမျောကျလာသည့်မျက်ရည်တို့က မကုန်ခမ်းနိုင်သေးပါလား။

ငါ့ကိုမှသစ္စာဖောက်လို့ နင်မြင်ခဲ့ရတယ်လို့ ဇော်ရယ်။





တကယ်တမ်းက နင်ကသာ ငါ့ကိုသစ္စာဖောက်ပြီး ငါနဲ့ဘစ်မိုးအောက် အတူနေတဲ့သူငယ်ချင်းကို ချစ်သူအဖြစ် ရွေးခဲ့တာပါလေ။

လူဆိုတာ မှန်လိုပဲ ကျင့်ကြံနေထိုင်တတ်ရတာယ်ဆိုတာ အမှန်ပါပဲလား။ ငါ့ဘက်က ဘယ်လောက်ပဲဖြူစင်ပြီး ပြုံးပြနေပါစေ၊ နင်ပြန်ပေးတာက ညစ်ထေးမှုနဲ့ မဲ့ပြုံးပဲ ဖြစ်နေတာပါစံ။

ဒီတော့ တူသောအကျိုးပဲဖြစ်တော့မယ်လေ။ နင်ရိုင်းတော့ ငါလည်း မယဉ်ကျေးနိုင်တော့တာပါ သုခေတ်စံ။

Taxi ရပ်လိုက်သည်နှင့် ကားခရှင်းပြီး ကားပေါ်မှဆင်းကာ တိုက်လှေကားထစ်တို့ကို ဒေါသဖြင့် ဆောင့်နင်းတက်လာခဲ့မိလေ၏။ လက်ထဲမှာ ပိုက်ထားသည့် မဂ္ဂဇင်းစာအုပ်အဖုံးမှာ လက်ချွေးစို့နေတာမို့ ပြုတ်မကျအောင် မနည်းကိုင်ထားရပါသည်။

''သုခေတ်စံ!. . .''

တံခါးဖွင့်လိုက်သည်နှင့် သူမအော်သံက အတော်ကျယ်သွားရပါ၏။ ဧည့်ခန်းဆက်တီမှာ ခြေသည်းပြင်နေသည့်စံက အေးအေးလူလူပုံစံဖြင့် မော့ကြည့်လိုက်လေ၏။

''ဘာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းမှာ နင်ဆက်နေမှာလား၊ ဒါမှမဟုတ် ငါဆက်နေရမှာလား"

ရိုက်သင်ပြီး ဆွဲခြယ်ထားသည့်မျက်နှာတန်းလေးက လှလှလေး ချိုးသွားလေ၏။ အပြစ်လုပ်ထားတာတောင်မှ ဟန်ဆောင်ကောင်းလိုက်တာနော်။

"ဘယ်လိုဖြစ်လာတာလဲဖြူရဲ့။ လကုန်ဖို့ နှစ်ပတ်တောင်လိုသေးတယ်လေ။ သတိထားဦးမှပေါ့"

"နင်နေမယ်ဆိုရင်နေခဲ့ပေတော့ သုခေတ်စံ။ ငါပဲပြောင်းမယ်"

"အဲဒါက ဘာအထာလဲကွ"

"နင်နဲ့တစ်မိုးတည်းအောက် အတူမနေသင့်တော့လို့ပဲ"

"ဘာ! နင့်စကားက ဘာကိုဆိုလိုတာလဲ ပြောစမ်းပါဦး"

စံက လက်ထဲမှတံစဉ်းကို ဆက်တီစားပွဲပေါ် အသံမြည်အောင် ပစ်ချလိုက်ပြီး မတ်တပ်ထရပ်လိုက်လေ၏။ သူ့မကိုကြည့်နေပုံက မျက်လုံးတွေ လက်လက်တောက်ပနေတာလေ။

"သစ္စာဖောက်နဲ့အတူမနေသင့်တော့ဘူးလို့ ငါယူဆလို့ပဲ"





"ဘာ!"

"နင်ဘာလုပ်ခဲ့တယ်ဆိုတာ နင့်ကိုယ်နင်သိမှာပါ စံ။ နင့်အပေါ်မှာ ငါစေတနာထားခဲ့သလောက် ငါဖြူစင်ခဲ့သလောက် ငါအနစ်နာခံပေးခဲ့သလောက် နင်ပြန်ပေးတာဒါလား။ ဟင်! ပြောစမ်းပါဦး"

ခပ်ဟဟတံခါးက အသာပွင့်သွားလေ၏။ အခန်းဝမှာ ရပ်နေသည့်သူ့ကိုမြင်လိုက်စဉ် သုခေတ်စံမျက်နှာပျက်ယွင်းရချေပြီ။ အချိန်ကိုက်ပြီးများ ရောက်လာလေသလား။

"ဖြူ. . . ငါ"

"ယောကျ်ားတစ်ယောက်ရဲ့အချစ်ကိုရဖို့အတွက် နင် ငါ့ကို ငါသိက္ခာကို ခြေနဲ့နင်းပြလိုက်တာ သိပ်တော်တယ်သိလား။ ပြပါဦး၊ ဘယ်မှာလဲ ငါကွာရှင်းခဲ့တဲ့ယောကျ်ား၊ ဘယ်မှာလဲ ငါ မွေးခဲ့တဲ့ကလေး၊ ဟင်!. . . ပြောလေ"

"ဖြူ. . . အဲဒါကလေ"

"လောလောဆယ် ငါ့ကိုချဉ်းကပ်နေတဲ့ ဒေါက်တာ့ကိုတောင်မှ အဆင့်ချင်းမတူလို့ ငါအထပ်ထပ်အခါခါငြင်းဆန်နေခဲ့တာပါစံရဲ့။ မနေ့ကတင် အန်တီဒေါ်စန္ဒီတစ်ကိုယ်တိုင် သူ့သားကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပေးပါဆိုတာကို ခေါင်းခါပြီး အလုပ်ထွက်ခဲ့တဲ့မိန်းမပါ။ အဲဒီလောက်ထိ ငါ့သိက္ခာကို တန်ဖိုးထားတတ်တဲ့သူပါ။ ဒီလိုလူကို နင်မို့ ကွယ်ရာမှာ မှိုချိုးမျှစ်ချိုးပြောရက်တယ်"

ငိုသံပါလာပြီမို့ တစ်ချက်ရှိုက်လိုက်ရင်း ခုံမှာ ထိုင်ချလိုက်မိ၏။ ရင်ထဲမှ နာကျင်မှုက နှိုင်းဆမရခဲ့။ တစ်ခြမ်းတည်းသာ ရှိတော့သည့်အသည်းကိုမှ တစ်စစီ ဆွဲဖွဲ့ကြရတယ်လို့။ ရက်စက်ပါ့ ကံကြမ္မာရယ်။

"ဖြူရယ်. . . ငါက"

"အဆိုးဆုံးက ငါ့ကို ထုတ်ဝေသူက တွေ့ခွင့်တောင်းနေတာကို နင်အသိပြန်မပေးတာဘဲ။ ငါ ဒီစာပေအနုပညာကို ဘယ်လောက်ခုံမင်မြတ်နိုးသလဲဆိုတာကို နင်သိလျက်နဲ့ တစ်လကျော်ကျော်မပြောဘဲ ဖုံးထားတာ အံ့သြတယ်သိလား။ ငါအောင်မြင်မှာကို နင်မလိုလားဘူးလား။ နင့်အတွက် ဘာများထိခိုက်မှာမို့လို့လဲ။ ပြောပါဦး"

"ငါ. . . ငါ"

"နင် သူ့ကိုချစ်တာနဲ့ အတိတ်မှာကျန်ခဲ့တဲ့ငါ့ကို အဖတ်ဆည်မရအောင်တော့ မပြောသင့်ပါဘူး သုခေတ်စံ။ နင်က အနိုင်





ရထားပြီးသားလူပါ။ ငါ့ရင်ကိုခွဲပြီး ငါ့ချစ်သူကိုလုယူရက်တယ်လို့ ငါတစ်ခါမှ နင့်ကို မစွပ်စွဲခဲ့ဖူးပါဘူး။ ကံကြမ္မာက သူ့အလိုလို တို့နှစ်ယောက်ကိုခွဲထားပြီးသားပါ စံ။ ဒါကိုတောင်မှ"

"ကိုယ်နဲ့သုခေတ်စံက ချစ်သူတွေမဟုတ်ပါဘူး စကား"

"ဟင်!"

သူမ အလန့်တကြားဖြစ်သွားရပါ၏။ သုခေတ်ံ ၇ သူမရှေ့မှာ (ကော်ဇောထက်မှာ) ဒူးထောက်ထိုင်ချလိုက်သလို သူမတို့အနီးသို့ သူရောက်လာပေတော့သည်။ ဘုရားရေ! စောစောက ဒေါသတကြီးပြောသမျှ သူအကုန်ကြားသွားပြီပေါ့။

သူနဲ့စံက ချစ်သူတွေမဟုတ်ဘူးတဲ့။ ဒါဖြင့် ချစ်သူတွေပါလို့ စံ ဘာကြောင့်ပြောခဲ့ပါသလဲ။ အံ့သြဖွယ်ကောင်းလေစွ။

"ဒီအကြောင်းတွေကို ဘာတစ်ခုမှမသိခဲ့တာအမှန်ပါ"

"မြင့်မိုရ်. . . တို့လေ"

"တော်ပါတော့ သုခေတ်စံ၊ မင်းပြောသမျှ ဘာတစ်ခုကိုမှ ကိုယ်မယုံရဲတော့လို့ပါ"

သူမ ငိုသံတိတ်သွားပေမယ့် စံက တသိမ့်သိမ့်ရှိုက်ငိုလျက်ပါလေ။ မာနတဲ့။ အလွဲမာနကိုမှ ထားခဲ့တာပါလားနော်ယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုထားခဲ့နိုင်ရအောင် နင့်ရဲ့တစ်လရတဲ့လစာကို နင်လောက်ငအောင်သုံးနိုင်လို့လား။ တတိတိကုန်နိုင်တဲ့ လစဉ်စျေးဖိုးတွေ၊ အသေးသုံးတွေ၊ မီးဖိုးရေဖိုးတွေ၊ အခန်းခကိုတောင်မှ တစ်နှစ်စာ ငွေကြိုချေတာကိုလည်း ငါပဲစိုက်ထားနိုင်တာကို သိသိကြီးနဲ့ ဘာကိုမြင်ပြီး ဘယ်လမ်းကိုမှ ထွင်မိတာပါလဲ။

''ပန်းကလေးဆိုတာ စကားဖြစ်နေတာပေါ့''

''. . .''

''ကိုယ်ကတော့ ကိုယ့်လိုပဲ အနုပညာကို ဝါသနာပါတဲ့ သူအချင်းချင်း ခင်မင်ရင်းနှီးမှုနဲ့ အခုလို တရင်းတနှီး အလည်အပတ် ဝင်ထွက်မှုလုပ်ဖြစ်ခဲ့တာလေ။ မင်းအပေါ်မှာ တကယ့်ကို ဖြူဖြူစင်စင်နဲ့ သံယောဇဉ်ရှိတာကို မင်းအသိဆုံးပါ သုသု။ ကိုယ်နဲ့စကားတို့အကြောင်းကို မင်းသိအောင် အပွင့်လင်းဆုံးပြောခဲ့ပါလျက် မင်းမို့ပြောရက်တယ်''

''တို့. . . တို့တောင်းပန်ပါတယ် မြင့်မိုရ်။ အနိုင်ရလိုစိတ်တစ်ခုတည်းနဲ့''

''နင်နဲ့ငါက ပြိုင်ဘက်မှမဟုတ်ဘဲ စံ၊ နင့်ကိုပြိုင်ဘက်လို့ ငါဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဘူး''





''ဖြူ''

''မေတ္တာဆိုတာ ရူးတတ်တယ် စံ။ အထူးသဖြင့် နင့်အပေါ်ထားရှိတဲ့ ငါ့ရဲ့စေတနာကို နင်အခုလိုတုန့်ပြန်လိုက်ခြင်းအတွက် တူညီတဲ့အကျိုးကို နင်မလွဲမသွေခံစားရမှာ အသေအချာပဲ။ ပြီးပြီ စံ။ ငါတို့ဇာတ်လမ်းကို ဒီမှာပဲအဆုံးသတ်လိုက်ကြစို့''

စံဇာမိုးသံကို မကြားချင်တော့တာမို့ နောက်ဖေးဘက်ဝင်ခဲ့ပြီး ရေခဲသေတ္တာထဲမှရေဘူးကိုယူကာ ဖန်ခွက်ထဲ ထည့်သောက်လိုက်မိ၏။ ရင်အပူက လျော့မသွားပါလားနော်။ ဝရံတာမှာ ထွက်ရပ်လိုက်မိစဉ် တိုက်အောက်လမ်းပေါ်မှာ ကားတွေရောလူတွေပါ ဥဒဟိုသွားလာနေကြတာကို မြင်နေရလေသည်။

''စကား''

အနီးမှာ လာရပ်သည့်သူ့ကို ပြန်လှည့်မကြည့်ဖြစ်။ ရင်ထဲမှ တနုံ့နုံ့ခံစားချက်ကို ဘယ်သူက ဝေမျှခံစားပေးနိုင်လို့လဲ။ နှစ်တွေအကြာကြီးချစ်ခဲ့ပါတယ်၊ အချိန်အကြာကြီးလွမ်းနေခဲ့ပါတယ်။ ပြီးတော့ နေ့စဉ်ရက်ဆက် မျက်ရည်တွေကျခဲ့ရတာပါလေ။

''ကိုယ် ဒီနေ့အထိ စကားအပေါ်မှာ သစ္စာရှိရှိနဲ့ ချစ်



www.burmeseclassic.com

www.burmeseclassic.com



နေတုန်းပဲဆိုတာကို စကားသိအောင် ဘယ်လိုပြောပြရမလဲ"

မတုန့်ပြန်မိ။

စိတ်ကောက်နေတယ်လို့များထင်နေမလား။ ဟင့်အင်း၊ စကားဖြူဆိုတာ ဘယ်တော့မှစိတ်မကောက်တတ်တဲ့ ကောင်မလေးမှန်း သူသိပြီးသားဖြစ်မှာပါလေ။

"ကိုယ့်ဘဝမှာ အစစအရာရာပြည့်စုံနေပြီ။ လိုတာတစ်ခုတည်းပဲ။ အဲဒါကို စကား သိမှာပါ"

သူမ သူ့အနီးမှ ခပ်ခွာခွာရပ်လိုက်စဉ် သူက ဝရံတာ သံတန်းပေါ် ခါးကိုင်း၍ မှီလိုက်သဖြင့် ရင်ထဲထိတ်သွားရလေ၏။

"ပြုတ်ကျမယ်လေ"

ရယ်သံသဲ့သဲ့နောက်မှာတော့ သူမ၏အေးစက်စက်လက်ဖျားလေးကို သူလှမ်းဆုပ်ကိုင်လိုက်လေတော့၏။

ဒုက္ခပဲ၊ သူမလက်မှာ သူ့ကိုပြန်ပေးဖို့ လက်စွပ်ဝတ်ထားမိတာလေ။ သူက မမြင်သော်ငြား သူမလက်ဖမိုးကို သူ့ပါးပြင်မှာ အသာကပ်ထားလိုက်လေ၏။ အို! . . . နွေးလေစွ။ ။

ပြီးပါပြီ



မမသဒ္ဒါအောင်

17th June 2012

pm 4:20

['ရင်ကွဲအေး'နှင့် 'ကျောခိုင်းခြင်းနောက်ကွယ်မှာ'ကဗျာတို့ကို ပေးပို့ခဲ့သည့် ပဲခူးတက္ကသိုလ်ဝင်း၊ Fight(2) Canteen မှ 'ဦးသူ' အား ကျေးဇူးအထူးတင်ရှိပါသည်။]

www.burmeseclassic.com